



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ◆ ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- ◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ◆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ◆ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ◆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ◆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ◆ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ◆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ◆ ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ◆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ◆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ◆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ◆ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- စ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နတ်သမီး

## အချစ်နဲ့ထွန်းညှိထားတဲ့ လမင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၂၀၀၄၁၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၉၂၀၇၀၉
အဖုံးဒီဇိုင်း - သိန်းရွှေကြည်
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းပလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ ကျပ်

၈၉၅ . ၈၃
နတ်သမီး
အချစ်နဲ့ထွန်းညှိထားတဲ့လမင်း/နတ်သမီး။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၀၉
၂၇၄- စာ ၊ ၁၂×၁၈ စင်တီ။
(၁) အချစ်နဲ့ထွန်းညှိထားတဲ့လမင်း

BURMESE CLASSIC .com

## အခန်း (၁)

“ အို့ အဲ ဘယ်လိုလုပ်တာလဲ ဒီမှာ အားလုံးသွားကုန်ပါပြီ”

စီးဝင်လာတဲ့ အုံ့ဩသံကျယ်ကျယ်ကြောင့် နဝင်း အသိဝင်လာသည်။ ကားဘေး ခြေတစ်ဖက်ထောက်မှီ၍ စတိုင်ကျကျရပ်ကာ ဟိုဟို ဒီဒီ လျှောက်ကြည့်နေတဲ့ နဝင်း မျက်ဝန်းက အသံကြားရာဆီ ဖျတ်ခနဲ ကြည့်မိ၏။

“ ဆောရီးပါ တူမကြီးရာ ”

အရပ်ခပ်ပုပု ဝဝလူကြီးက မျက်နှာအားနာမှုနဲ့ ရှုံ့မဲ့ကာ ပြန့်ကြဲသွားတဲ့ ပန်းသီးတွေကို ပြန်ကြည့်ရင်း

“ ဆောရီးက နောက်မှပြောပါ ဦးလေးရယ် အသီးတွေအားလုံး နာကုန်တော့မှာ ”

သူမ ပြောလည်းပြော လမ်းပေါ် ပြန့်ကြဲနေတဲ့ ပန်းသီးတွေကို



www.burmeseclassic.com

www.burmeseclassic.com



နှမျောကသသ ကြည့်လိုက်သည်။ လူကြီးကလည်း လိုက်ကောက်၍ ဖာထဲ ကူထည့်ပေး၏။

ပန်းသီးတွေက အလုံးတစ်ရာမက ဒီလူကြီး စွတ်ရွှတ်လာရင်း ဝင်တိုက်တာ ရှောင်ပေမယ့်မလွှတ် လူကြီးပုံစံက အရေးကြီးတဲ့ကိစ္စနဲ့ သွားနေရင်း သတိမထားမိဘဲ ဝင်တိုက်မိသလိုမျိုး။

" ဦးလေးလည်း ကိစ္စအရေးကြီးလို့ လောပြီးထွက်ခဲ့တာ သတိမထားမိလို့ပါ ကွယ် "

" ဒီမှာကြည့် ပန်းသီးတွေ နာကုန်ပြီ "

ပန်းသီးကောက်နေရင်း အက်ကွဲနေတဲ့ ပန်းသီးတစ်လုံးကို ကောက်ပြရင်း မကျေမနပ်ရွှတ်၏။

" နည်းနည်းပါ တူမကြီးရယ် "

" ဒီလောက်ဟက်တက်ကွဲနေတာ ပွန်းပဲ့တာတွေရောလေ ရောင်းပန်းမလှတော့ဘူး ဦးလေးရဲ့ ဈေးကကြီးတာနဲ့ ဒီလိုနာသွားရင် အရှုံးပေါ်ပြီလေ "

ဦးလေးကြီးခမျာ လျော်ပေးပါ့မယ်လို့ မပြောနိုင်တဲ့ဘဝမို့ နှုတ်ဆိတ်ရင်း ပြုံးကြဲသမှု ပန်းသီးကို ဖာထဲ ပြန်ကောက်ထည့်ပေးရင်း

" ရွက်သွားဖို့လား ဦးလေးပင့်ပေးမယ်လေ တူမကြီး "

" နေပါစေတော့ "





" ဘယ်ဟုတ်မလဲ လာ ကားဂိတ်အထိ ဦးလေးထမ်းပို့ပေးမယ် "

" ပန်းသီးတွေ နာသွားလို့ ထမ်းပို့ပေးတာနဲ့ ချေမလို့လား "

" အဲလိုပဲ မှတ်လိုက်တော့ တူမကြီးရယ် "

ဦးလေးကြီးက ပန်းသီးဖာကို မ၍ ပခုံးပေါ်ထမ်းလိုက်တော့ သူမ မျက်နှာ အရောင်ဖျော့သွားပြီး

" ဟွန်း သွားပြီ ဒီနေ့တော့ အရင်းရဖို့ မလွယ်တော့ဘူးလေ အဲဒါ ဦးလေးကြောင့် "

နှုတ်ခမ်းဆူဆူနဲ့ သူမရွှတ်သံက ဒေါသသံမပါ။ ပန်းသီးတစ်ချို့ ပွန်းပဲ့တာကြောင့် မကျေမနပ် ဖြစ်နေပေမယ့် ဦးလေးကြီး ထမ်းပို့တော့လည်း သူမခမျာ စိတ်မပြင်းထန်ရက်တော့။

လူကြီးနောက်က လိုက်ပါသွားတဲ့ သူမ ပုံရိပ်က နွမ်းနယ် ညှိုးလျော့စွာ။

လည်ပင်းဗွီရှိတ် ကိုယ်ကျပ်အကျီ လက်တို အစိမ်းနုလေးက အစိမ်းပွင့်ပါတဲ့ ထဘီနဲ့ တွဲဝတ်ထားကာ လိုက်ဖက်ပေမယ့် ခပ်နွမ်းနွမ်း ရယ်။

ဖြူတဲ့အသားရောင်က ဝတ်စုံစိမ်းဖျော့လေးကြောင့် ဝင်းခနဲ ကြည်ဖန့်နေသည်က မြင်ရုံနဲ့ ငေးကြည့်ချင်စရာ။ ကားဂိတ်ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြား ချိုးကွေ့ဝင်ရောက်သွားတဲ့ ပုံရိပ်ပျောက်ကွယ်သွားမှ သူအကြည့်ရွှေ့သည်။

ကားဘေးထောက်ထားတဲ့ သူ့ခြေတစ်ဖက်ကို ပြန်ချလိုက်သည်။ ခြေဖဝါးက တစ်စုံတစ်ခုနဲ့ တိုက်မိသလို ငုံ့ကြည့်လိုက်တော့ ရဲရင့်စိုကြွ တောက်ပနေတဲ့ ပန်းသီးတစ်လုံး။ နဝင်း ခြေရုပ်၍ ဖျတ်ခနဲ ကောက်ယူမိနိုက် ခံစားချက်တစ်မျိုးက ရင်သို့ လှိုက်ခတ်သွားသည်။

ပိုင်ရှင်ဆီပေးဖို့ ပြေးကြည့်မိတော့လည်း သူမတို့ကို မမြင်ရတော့။ ပန်းသီးက ကျတဲ့အရှိန်နဲ့ သူခြေထောက်အောက် လိမ့်လာတာ သူမ မမြင်လို့ပေါ့ မြင်ရင် ပြေးကောက်ယူမှာ သေချာတယ်။

" ပန်းသီးက ဈေးကြီးတာနဲ့ ဒီနေ့တော့ အရင်းရဖို့မလွယ်တော့ဘူးလေ "

သူမရဲ့နှမျောတကြီး ငြီးသံလေး။ ကားဆီလျှောက်ခဲ့ရင်း သူကြားယောင်မိတော့ စိတ်မကောင်းဖြစ်မိသည်။

" ဟဲ့သား "

မာမီခေါ်သံကြောင့် သူလန့်ဖြန့်ကာ ကိုယ်မတ်သွား၏။

" လက်ထဲမှာလဲ ပန်းသီးတစ်လုံး လတ်မှန်း မလတ်မှန်း မသိဘဲနဲ့ သား ဝယ်လိုက်တာလား "

သူ့လက်ထဲက ပန်းသီးကို မြင်တာနဲ့ မာမီ မနှစ်မြို့သလို





ရွတ်သည်။ မာမီက သူ့လက်ထဲက ပန်းသီးကို ဆွဲယူကြည့်ပြီး

" ဟွန်း ပန်းသီးက ပွန်းပဲ့ကြီးနဲ့ သဲတွေလူးနေသေး "

သူ ဘာမှ ပြန်မပြောမိပေမယ့် မာမီက မနှစ်မြို့မှုတွေနဲ့

" ဘာဖြစ်လို့ဝယ်ရတာလဲ နောက်တစ်ခါ မဝယ်နဲ့ ခုလည်း မစားနဲ့ မသန့်ဘူး "

ပြောပြောဆိုဆို ပေနှစ်ဆယ်မကဝေးတဲ့ အမှိုက်ပုံးထဲပစ်ထည့်လိုက်တဲ့ မာမီ လှုပ်ရှားမှုကြောင့် နဝင်း ရင်မှာ တွန့်ခနဲ ဖြစ်သွား၏။ နှမျောစိတ်က အတိုင်းမသိ။ ဖြစ်နိုင်ရင် အမှိုက်ပုံးထဲက ပြေးကောက်ချင်စိတ် ဖြစ်လာသည်။

" ကားထဲမှာ မာမီ ဖုန်းကျန်ခဲ့လို့ ပြန်လှည့်ယူတာ "

မာမီ ပြောရင်း ကားထဲက မျက်မှန်အိတ်ကို ယူပြန်သည်။

သူ့မျက်ဝန်းက အမှိုက်ပုံးထဲက ပန်းသီးဆီရောက်နေဆဲ တောင်းစားတဲ့ကလေး တစ်ဦး ထိုပန်းသီးကို ကောက်ဖို့ ပြေးလာတာ မြင်တော့ သူ့ရင်မှာ ဆူတက်လာသည်။

" သား ပန်းသီး မဝယ်နဲ့နော် "

" ဟုတ် ဟုတ် "

" မာမီ ပွဲရုံဘက်သွားဦးမယ် "

မာမီ ပွဲရုံတန်းထဲ ပြန်ဝင်သွားတော့ သူခြေလှမ်းကြဲက



www.burmeseclassic.com

www.burmeseclassic.com



အမှိုက်ပုံးဆီ ရောက်ကာ ပန်းသီးကို ဆတ်ခနဲ ကောက်ပေမယ့် တောင်းစားတဲ့ ကောင်လေး လက်ဦးသွားပြီ

“ ကျွန်တော် အရင်ဦးတာ အမ်ကိုရ ”

ခုနစ်နှစ်အရွယ် အင်္ကျီစုတ်ဝတ်ထားတဲ့ ကောင်လေး မျက်နှာက ချွေးစကို မသုတ်အားဘဲ ပန်းသီးကို ကိုယ်နောက် ဝှက်လိုက်၏။ ကောင်လေးအပြောကြောင့် နဝင်း ကိုယ် တန့်သွား၏။ ကောင်လေးပြောပုံက နဝင်းကပဲ အနိုင်ကျင့် လုယူသလို။

“ ဟို အစ်ကို့ကို ပြန်ပေးပါလား ”

“ မပေးနိုင်ဘူး ဗျာ ”

ကောင်လေး နှမျောကြီးစွာ ကြည့်ရင်းငြင်းသည်။ မွှေးရနံ့သင်းနေတဲ့ ပန်းသီးက ကောင်လေးရဲ့စားချင်စိတ်ကို နှိုးဆွနေသလို၊ ပန်းသီးကို ကောင်လေး အင်္ကျီနဲ့ ပွတ်သုတ်ရင်း ကိုက်ဟန်ပြင်တော့ နှမျောစိတ်ဆောင့် တက်လာကာ

“ မ မ ကိုက်နဲ့ ကွ ”

“ ဟာ အစ်ကိုက ကျွန်တော်နဲ့အပြိုင် အငတ်ထချင်တာလဲ ကျွန်တော်တို့က သူများကျွေးတာ ပစ်တာကိုမှ စားရတာ အစ်ကိုက သူဌေးသားပဲ ဝယ်စားနိုင်တာပဲ ဝယ်စားလိုက်လေ ဒီပန်းသီးကလည်း အစ်ကို ဝယ်ထားတာမှ မဟုတ်တာ ဟိုအစ်မ ဖာထဲက လွင့်ကျတဲ့





ပန်းသီးလေ ကျွန်တော်မြင်တာပေါ့ အဲဒီကတည်းက ကျွန်တော် ပြေးကောက်ဖို့ စိတ်ကူးမိရုံရှိသေး အစ်ကို လက်ဦးသွားလို့လေ ”

အဖြစ်အပျက်အားလုံးကို ပြန်ပြောနေတဲ့ ကောင်လေးကြောင့် နဝင်း အနည်းငယ် ရှက်သလို ဖြစ်လာသည်။ ပတ်ဝန်းကျင်က ဈေးသည်တွေ ကားစောင့်နေသူတွေက သူ့ကို ကွက်ကြည့်ကြည့်ကြသည်။

အကောင်းစားအဝတ်နဲ့ စတိုင်လ်ကျနေတဲ့ သူဌေးသားက တောင်းစားတဲ့ကောင်လေးကို ပန်းသီးတစ်လုံးကြောင့် နိုင်ထက်စီးနင်းပြုနေသလို ထင်နေကြပုံရ၏။ ဘယ်လိုထင်ထင် နဝင်းက ကောင်လေး လက်ထဲက ပန်းသီးကို အဆုံးအရှုံးမခံနိုင်တဲ့စိတ် ကြီးစိုးနေတာကြောင့်

“ ဒီလိုကွာ အဲဒီပန်းသီးကို အစ်ကို ပြန်လိုချင်တာ ညီလေး ရောင်းပါလား ”

“ ရောင်းရမယ် ”

“ ညီလေး ကြိုက်တဲ့ဈေးပြော ”

“ ဈေးမနှိမ်ရဘူးနော် ”

အရေးထဲကောင်လေးက ဈေးတင်နေသေး။ သောင်းဘီအနက်ရောင်နောက်အိတ်ထဲက ခေါက်အိတ်အညိုရောင်ကို နဝင်း ဆွဲထုတ်လိုက်၏။ အိတ်ထဲက ထောင်တန်တစ်ထပ်ကို သူ ပြရင်း

“ မနှိမ်ဘူး ညီလေးကြိုက်သလောက်တောင်း ”



www.burmeseclassic.com

www.burmeseclassic.com



ထောင်တန်အသစ်တွေ မြင်တော့ ကောင်လေးမျက်လုံး ကြည့်လင်လာသည်။

“ အစ်ကို စေတနာရှိသလောက် ပေးတဲ့ ”

ခုမှတစ်မျိုး။

“ ညီလေး လိုချင်သလောက်ယူ အစ်ကို့ကို ပန်းသီးပေး ”

ပိုက်ဆံအိတ်ကို ကောင်လေးလက်ထဲထည့်ရင်း ပန်းသီးကို သူခွဲလုပြီးသား ဖြစ်သွားသည်။ ကောင်လေး ထောင်တန်တွေကို ကြည့်ပြီး တစ်ရွက် ခွဲထုတ်ယူပြီး ပိုက်ဆံအိတ်ကို သူ့လက်ထဲ ပြန်ထည့်ပေးသည်။

“ ယူဦးလေး ”

“ ဟင့်အင်း ”

“ ဘာဖြစ်လို့ ”

“ တစ်ထောင်ဆိုရင် ပန်းသီး နှစ်လုံးတောင် ဝယ်လို့ရတာ အစ်ကိုရ ”

“ ဟင် ”

နဝင်းက ပန်းသီးဈေး မသိတဲ့သူ ပန်းသီး စားချင်ရင် ရခဲ့သေတ္တာဖွင့်လိုက်တာနဲ့ ရပြီးသား။

“ အစ်ကိုက တုံးပဲ ”

“ ဟိုက် ”





ကောင်လေးပြောပြီး လှစ်ခနဲ ပြေးထွက်သွားတော့၏။

“ အင်း ဟုတ်ပါရဲ့ ”

နဝင်း သူ့ကိုယ်သူ ပြန်ပြီး မှတ်ချက်ပေးမိသည်။

နဝင်းက တုံးပဲ။

ကလေးလောက်တောင် ဈေးတွက်မတွက်တတ်။

ဒီပန်းသီးကို ငွေတွေထက်တန်ဖိုးကြီးတယ်လို့ စိတ်ကခံစားမိလျက်သားဖြစ်နေတာက ဆန်းလှသည်။

ပန်းသီး နီနီရဲရဲက စွဲမက်စရာ ကောင်းသလို ခံစားမိစဥ် စိမ်းဖျော့ရောင် မိန်းကလေး ရုပ်သွင်ပေါ်လာသည်။

မိန်းကလေးရယ်။

မင်းလေးက ဘာမှ သိရှာမှာ မဟုတ်ဘူး။

သူက တုံးတွဲ့ခံယူပြီးသား။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

" ဟား ဟား ဟား "

အော်ကြီးဟစ်ကျယ်ရယ်လိုက်တဲ့အသံက လှောင်ပြောင်မှုတွေနဲ့ နဝင်း မျက်ခုံးတို့ အတန်ကြာ တွန့်ထားပြီး ဝေယံနဲ့ ထူးရှိန်ကို မျက်မှောင်ကြုတ်ကြည့်ကာ အောင့်သီးအောင့်သက်ဖြစ်လျက်

" ရယ်စရာလားကွာ "

" ရယ်စရာပေါ့ကွ "

ထူးရှိန်က အရယ်ရပ်ရင်း ခပ်ပျစ်ပျစ်ဆိုတော့ ဝေယံ ရယ်လက်စနဲ့

" ရယ်စရာမှ ခွက်ထိုးခွက်လန်ကွ ဟား ဟား "

" မင်းတို့ကွာ ရယ်ပုံက မသတီစရာ "

" မင်းက မရှုံ့မရှာ "

" ဘာကိုလဲ "





" အမှိုက်တောင်းထဲက ပန်းသီးကို "

ဝေယံမျက်နှာလေးက မနှစ်မြို့စွာ တွန့်ခနဲဖြစ်သည်။ နဝင်း လက်သီးဆုပ်တာ မြင်တာနဲ့ ထူးရှိန် စကားဆက်မပြောတော့

နှစ်ယောက်သား နှာခေါင်းတွန့်ကြည့်ကာ

" အမှိုက်တောင်းထဲကဖြစ်ဖြစ် မြကလပ်ပေါ်ကဖြစ်ဖြစ် ပန်းသီးကတော့ ပန်းသီးပဲ "

နဝင်း စိတ်က ဘာကြောင့်မှန်းမသိ ထိုပန်းသီးပေါ်တန်ဖိုးထား တွယ်မက်မိစွာ ပြောတော့

" မင်း အိုင်ဒီယာက သူတောင်းစား ကောင်လေးလောက် တောင် မမြင့်ပါလားကွာ "

" ကိုယ့်ကို ရှုတ်ချတာလား ဝေယံ "

" နိုး နိုး မင်း စိတ်ဓါတ်ကို မြှင့်တင်ဖို့ လိုအပ်တယ်ကွ "

" ဟုတ်တယ် နဝင်း "

ဝေယံနဲ့ထူးရှိန် ကုတ်အအေးဘူးပြိုင်တူဖွင့်ရင်း တစ်ယောက် တစ်ခွန်း ပြောသည်က သူ့စိတ်ကို မွန်းကြပ်စေသည်။

" မင်း ဖြစ်စဉ်ကို မင်းမာမီ သိရင် ရင်ကျိုးသွားနိုင်တယ်ကွ"

" မင်းမို့လို့ကွာ "

ဝေယံ အအေးတစ်ကျိုက်သောက်ရင်း အအေးဘူးကို စားပွဲပေါ်



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဆတ်ဆတ်ချသည်။

“ လမ်းဘေးက ကလေးတောင် တွက်တတ်သေးတယ် ကျွတ် ကျွတ် ကျွတ် ”

“ ဘာလဲ ကောင်မလေး သိပ်လှလို့လား ”

“ လှတာနဲ့ မဆိုင်ဘူး ”

“ ဒါဆို ဘာနဲ့ဆိုင်လဲ ”

“ ခံစားမှု ”

နဝင်း လွှတ်ခနဲ ဆိုတော့ ဝေယံတို့နှစ်ယောက် မျက်လုံးပြူးနဲ့ ပြိုင်တူကြည့်သည်။

“ မင်း ရူးနေသလား ”

“ နေဦး မင်းက ”

“ ကျစ် မင်းတို့နဲ့ ခက်တယ် ”

နဝင်း ခုမှ အအေးဘူးဖောက်လိုက်သည်။ အေးစိမ့်နေတဲ့ အအေးဘူးမှ အမြှုပ်ကလေးများ ဆူကျလာသည်။

“ အဲဒီ အမြှုပ်တွေလား မင်းခံစားမှု ”

အအေးဘူးတစ်ဖက်မှ ဆူကျလာတဲ့အမြှုပ်တွေကို ထူးရှိန် မေးငေါ့သည်။

“ နေဦး အဲဒီ ပန်းသီးကို မင်း ဘယ်မှာသိမ်းထားလဲ ”





“ ဘာလုပ်ဖို့လဲ ”

“ ကိုယ် မြင်ဖူးချင်လို့ ”

“ ပန်းသီးပဲကွာ မင်းတို့မမြင်ဖူးတာ မဟုတ်ဘဲနဲ့ ”

“ မြင်ဖူးတာပေါ့ကွ ဒါပေမဲ့ ခံစားမှုလို့ ပြောလာတဲ့ မင်း စကားလုံးအတွက် ပန်းသီးက ဘာများပါသလဲလို့ စူးစမ်းကြည့်ချင်တာ”

“ အင်း ဂျိုပါသလား အစွယ်ပါသလား ဆိုတာသိချင်တဲ့ သဘောပါ ဟဲ ဟဲ ”

သူ့စရိုက်ကို အစဉ်အမြဲ နှစ်မြို့လေ့မရှိတဲ့ သူငယ်ချင်း နှစ်ယောက်ရဲ့ စပ်ဖြဲဖြဲမျက်နှာကို နဝင်း လက်သီးချိန်ပြလိုက်သည်။

“ အမှိုက်ပုံးထဲက ပန်းသီးကို နှစ်ဆပေးဝယ်ရုံတင် တုံးတာ မဟုတ်ဘူး သူငယ်ချင်း အရင်းကြီးတွေကို ရန်သူလို သဘောထားလောက်အောင် ခံစားချက်က ပြင်းလွန်းပါလား နဝင်းရာ ”

“ တော်ကွာ ဘဝင်မြင့်တဲ့ မင်းတို့ အမြင်မျိုးနဲ့ မတိုင်းတာနဲ့ကွ”

“ ကိုယ်တို့က ဘဝင်မြင့်တာမဟုတ်ဘူး နဝင်း ”

“ မင်းက မင်းကိုယ်မင်း မြင့်တဲ့နေရာမှာ မနေတတ်မထိုင်တတ် ဖြစ်နေတာကွ ”

သူ လက်သီးဆုပ်ကို စားပွဲနဲ့ဖိကပ်လိုက်သည်။

ထူးရှိန် ပြောတော့ ဝေယံကလည်း ထောက်ပြဝေဖန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

– အတယ်ဆို အနေသာချည်းကွာ ”

– မြေဖဝါးအောက် ရောက်လာတဲ့ ပန်းသီးက တန်ဖိုးမဲ့ [illegible]အား တန်ဖိုးမဲ့တာကို ဆုပ်ကိုင်တယ် အမှိုက်ပုံးထဲရောက်သွားတာ ဆောင် ဖက်တွယ်ထားတဲ့ မင်းစိတ်က တစ်ဆိတ်တော့ အောက်တန်းကျ နေတယ်ကွ ”

အစဉ်အမြဲ အဆင့်အတန်းနဲ့ တိုင်းတာတတ်တဲ့ ဝေယံတို့ အတွေးအခေါ်က နဝင်းနဲ့ညီမျှခြင်း ချလို့မရတာ ငယ်ငယ်ကတည်းက၊ ခုချိန်မှာ ပိုဆိုးလာသလို။

“ နေပါဦး ကိုယ့် အစ်မ ဝင့်သီရိလို လူပြီးခွဲခေါ်မှု ရှိလို့လား”

မခံသာသလို ဝေယံ နှိုင်းယှဉ်မေးလာတော့ နဝင်း အကြည့်လွှဲ လိုက်မိ၏။

“ ပြောလေ နဝင်း ဝင့်လိုလှလား ဝင့်လိုကော ခွဲခေါ်မှု ရှိလား ပြီးတော့ ဝင့်လို အဆင့်အတန်းမြင့်လား ”

ဝေယံဘက်လိုက်ရင်း ထူးရှိန်မေးခွန်းတရစပ် ဖိမေးလာသည် က နဝင်း ရင်ကို အောင့်လာစေသည်။

ဝင့် နဲ့ နဝင်း နှစ်ဖက်မိဘ စကားကြောင်းလမ်းထားတာ ရှစ်တန်းနှစ်ကတည်းက ဝင့် နဲ့ ဝေယံက အမွှာ။ ဝေယံထက် ဝင့်က သုံးမိနစ်သာကြီးတဲ့အစ်မရင်း။





နဝင်းတို့နဲ့ ဝင့် တို့ မိသားစုနှစ်စုက ဆယ့်ငါးနှစ်ခန့် ခြံချင်းကပ် နေလာတဲ့ အရင်းနှီးဆုံး မိတ်ဆွေရင်း ဖြစ်သလို ဒိတ်ဒိတ်ကြဲချမ်းသာ ကြတဲ့ လူဂုဏ်တန်တွေ။ ဘယ်မိသားစု ဘယ်လောက်ချမ်းသာသလဲ ဆိုတာ မှန်းလို့မနိုင်အောင် အဆောင်ယောင်တွေက များလွန်းသည်။

အရှင်းဆုံးပြောရရင် အိမ်စေတွေကိုတောင် အဆင့်အတန်းရှိရှိ ဖြစ်အောင် စည်းတွေဘောင်တွေနဲ့ သွပ်သွင်းပြီး သန့်သန့်ပြန့်ပြန့် ဝတ်စားဆင်ယင်ပြီး နေစေတာ။ အလုပ်သမားနဲ့ အိမ်စေတွေ နေရတဲ့ အခန်းက အလယ်လတ်တန်းစားတွေ နေသလို ပြည့်ပြည့်စုံစုံ တိုက်ပု လေးနဲ့ နေစေတာ။

နဝင်းတို့နေတဲ့ တိုက်ကတော့ ခေတ်မီဆန်းသစ်တဲ့ ဒီဇိုင်းနဲ့အတူ မြင်ရုံနဲ့ပြေးဝင်ကြည့်ချင်တဲ့ ပြတိုက်တွေလို ခွဲခေါ်မှုရှိတဲ့ ရဲတိုက်ကြီးမျိုး။ ဝင့်တို့ တိုက်လဲ နဝင်းတို့ တိုက်လိုပဲ။ ခြံချင်းကပ် တိုက်နှစ်လုံးက ဟီးထနေသလို တိုက်ရှင်တွေကလည်း အရှိန်အဝါကြီးကြီးနဲ့ တောက်ပ လင်းလက် နေကြတာလေ။

တော်တန်ရုံ ချမ်းသာသူကို အဖက်လုပ်ပြီး စကားပြောလေ့မရှိ အောင် သွေးနားထင်ရောက်နေကြတာ။ သွေးနားထင်ရောက်သူ အချင်းချင်းဆိုတော့လည်း နဝင်း နဲ့ ဝင့်ကို အပျိုလူပျိုအရွယ်မရောက်ခင် ကတည်းက လူကြီးချင်း စီမံပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



နဝင်းတို့ ထူငယ်တွေက နာခံရုံ။ ဝင့်ကခပ်ချောချော။ မိခင်ချင်းရှု မြင်ဖူးတဲ့အတိုင်း ဝင့် ကလည်း နေထိုင်တတ်သူ။ ပင့်ရဲ့အမူအရာပိုင်စိတ်က တပါးသူ မြင်တာနဲ့ တိမ်းညွှတ်သွားအောင် မျက်လုံးမျက်ခုံးကိုယ်ဟန်အမူအယာနဲ့ ဆွဲဆောင်ရာမှာ တစ်ဖက်ကမ်းခတ်ကျွမ်းကျင်သူဆိုတော့။

အင်း။

ဝေယံတို့ နိုင်းယှဉ်တာ မမှားဘူး။

ထူးရှိန် လက်သီးဖွဖွက နဝင်း ပခုံးစွန်းကို ညင်သာစွာ ထိုးရင်းမေးမှ အတွေးလွန်ငိုင်ကျသွားတဲ့ အသိဝင်လာသည်။

" မင်း က ခံစားမှုနဲ့ကိုင်ပေါက်လို့ မေးတာကွ "

ဝေယံ ခံပြင်းသလိုပြောတော့ နဝင်း မသိမသာ သက်ပြင်းချလိုက်သည်။

" မင်း အသိတရားဝင်စမ်းကွာ နဝင်း "

" ဝင့်ကို ပစ်ပယ်ပြီး အမိုက်တောင်းထဲက ပန်းသီးကို ခံစားလို့ရတယ်ဆိုတာ ရွံစရာ ကောင်းလွန်းတယ်ကွ "

" အဲဒီ ပန်းသီးကော "

" ဘာလုပ်ဖို့လဲ ဝေယံ "

" ကိုယ်ကိုယ်ဘိုင် မြောင်းပုတ်ထဲ ပစ်ချချင်တာ "





ဝင့်ကို ခံစားလို့ မရဘူးလို့ သွယ်ဝိုက်ပြောသလို ဖြစ်သွားတဲ့ ...င်း စကားလုံးအတွက် ဝေယံ မကျေနပ်သလိုဆိုမှ နဝင်း စိတ်ကို ...ချုပ်လိုက်ရသည်။

" ဆောရီး ကွာ "

" ဘာ ဆောရီးလဲ ခုမှ "

" အဲဒီ ပန်းသီးဘယ်မှာလဲ "

" အမှိုက်ပုံးထဲ ပစ်ချလိုက်ပြီ "

" ဟုတ်လို့လား "

မယုံသလို စူးစိုက်မေးတဲ့ ဝေယံနဲ့ ထူးရှိန်ရဲ့ သံပြိုင်အမေးကို နဝင်း မှုန်တေတေအကြည့်လွှဲ၍

" မယုံရင် ဒေါ်သွယ်ကို မေးကြည့် "

" ကိုယ်တော့ သိပ်မယုံဘူး "

" ဟုတ်တယ် ဒေါ်သွယ်ကို သွားမေးမယ် "

ဝေယံနဲ့ ထူးရှိန် ဆိုဖာပေါ်မှ ခပ်သွက်သွက်ထရင်း မီးဖိုဆောင်ကို ဦးတည်သွားသည်။ ဒေါ်သွယ် ဆိုတာက နဝင်း နိုင်းချင်ရာခိုင်းဖို့ သီးသန့်ခေါ်ထားတဲ့ အိမ်စေအမျိုးသမီးကြီး ဒေါ်သွယ်ကို ဝေယံတို့ ဘယ်လိုပဲ အစ်ပြီး မေးမေး။ ဒေါ်သွယ်ပြောမယ့် စကားတစ်ခွန်းတည်းက

" ဒေါ်သွယ် ကိုယ်တိုင် အမှိုက်ပုံးထဲ ထည့်လိုက်ပြီ " လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောမှာပဲ။

ဘာဖြစ်လို့လဲဆိုတော့ ဒေါ်သွယ်က သူ့သဘောစရိုက်ကို ချစ်သည်။ အဆင့်အတန်းဆိုတာမျိုးတွေ ထုတ်သုံးလေ့မရှိတဲ့ သူ့ဗီဇသွေးကို လေးစားခင်တွယ်သူ။ မာမီတို့ အစ်အောက်ပြီး ဘာပဲမေးမေး၊ နဝင်းက တစ်ဆိုရင် ဒေါ်သွယ်က တစ်ဖြစ်အောင် ပိပိရိရိ ပြောပြီးသား မာမီနဲ့အတူ ဈေးက ပြန်ရောက်တာနဲ့ ထိုပန်းသီးကို ဒေါ်သွယ် လက်ထဲ ထည့်ပြီး

" ဒီပန်းသီးကို ဘယ်သူမှ မမြင်အောင် သိမ်းထားပေးပါ ဒေါ်သွယ် ဘယ်နှစ်ရက်ကြာကြာ မပုပ်အောင် ရေခဲသေတ္တာထဲ သေချာ ထည့်ပြီး ကြည့်ပေးဗျာ မယုံလို့မေးရင် အမှိုက်ပုံးထဲ ထည့်ပစ်လိုက်ပြီ ပြော "

" စိတ်ချပါ နဝင်းလေးရယ် "

ဒေါ်သွယ် နှုတ်လွှာကြားမှ ထွက်လာတဲ့ စကားလုံးက နဝင်း ပြောခိုင်းသမျှကို တသွေမသိမ်းပြောဖို့ အဆင်သင့်ဖြစ်နေတဲ့ အသံမျိုး။

ဒေါ်သွယ်က နဝင်း အတွက် အထူးလျှို့ဝှက်ပေးနိုင်သူ ဆိုတာ ဘယ်သူမှ မရိပ်မိ။ မရိပ်မိအောင်လည်း နဝင်းအတွက် ဒေါ်သွယ်က ပိရိလှသည်။

✿ ✿ ✿ ✿ ✿



# အခန်း (၃)

" ဘာတတ်နိုင်မလဲ အမေရယ် "

" သမီး ပြောလိုက်ရင် ပြီးစလွယ်ချည်းပဲ "

အမေက ဈေးခုံပေါ်မှာ ဒူးတစ်ဖက်ထောင်ကာ ဆေးပေါ့လိပ်တစ်ရှိုက် ရှိုက်ရင်း ဘဝင်မကျဆိုသည်။

" ဦးလေးကြီးကလည်း တမင်ဝင်တိုက်တာ မဟုတ်ဘူး အမေရယ် "

" တမင်မဟုတ်ပေမယ့် အမေတို့အတွက် အရှုံးပေါ်ရပြီလေ"

ပန် ဘာမှ ဆက်မရှင်းပြချင်တော့ အမေက ဒီလိုပဲလေ တစ်ခုခု ဆိုရင် ပြောလို့မဆုံးတော့။ လက်ကျန်ရှိနေတဲ့ သစ်သီးစုံကို ဘန်း အကန့်တွေထဲမှာ စနစ်တကျ ပြန်စီလိုက်သည်။ လိမ္မော်၊ ကျွဲကောသီး၊ သြဇာသီး၊ စပျစ်သီး၊ သဘော်သီး၊ သစ်တော်သီး စသည်ဖြင့်။



www.burmeseclassic.com

www.burmeseclassic.com



ကျတဲ့အရှိန်နဲ့ ပွန်းပဲ့နာသွားတဲ့ ပန်းသီးတွေကို ဆစ်တဲ့ဈေးနဲ့ ကုန်အောင် ရောင်းချသော်လည်း တစ်ချို့တစ်ဝက်သာကုန်သည်။ လက်ကျန်သစ်သီးအားလုံးထဲမှာ ပန်းသီးအနာတွေက အများဆုံးမို့ အမေ မျက်စပစ်ကာ မာန်မဲနေခြင်း

" ဒီနေ့တော့ ပန်းသီး အရှုံးအပေါ်ဆုံးပဲ "

အမေ မကျေနပ်နိုင်ဘဲ ရွတ်ပြန်သည်။ ပန် မကြားချင်ဟန် ဆောင်နေတော့လဲ အမေက မျက်စောင်းထိုးပြန်သည်။

" ဘာပဲဖြစ်ဖြစ် နာသွားတဲ့ပန်းသီးဖိုးတော့ ပြန်လျော်နိုင်းဖို့ ကောင်းပါတယ် မိပန်ရယ် "

ဆေးပေါ့လိပ်ကို ပြာခွက်ထဲထည့်ရင်း လက်ဆွဲကိုင်းပါတဲ့ ဆွဲခြင်း အပြာရောင်လေးကို ယူကာ ပေါင်ပေါ်တင်ပြီး ရောင်းရငွေ ရေတွက်ဖို့ ပြင်သည်။ သစ်သီးလက်ကျန်တွေအားလုံး စီပြီးတော့ ခေါင်းခုပုဆိုးပိုင်း ဖြန့်၍ ယပ်ခတ်နေလိုက်သည်။

" ပန်းသီးတွေ ကျတာလဲ သေချာကြည့်ပြီး ပြန်မကောက်ဘူး တစ်လုံးလျော့နေတယ် "

" တစ်လုံးတစ်လေ လျော့သော့လည်း လျော့ပစေပေါ့ အမေရယ် "

" လျော့တော့ အရင်းထဲကပါတာပေါ့ မိပန်ရဲ့ "





ပန် စိတ်ပျက်လှပြီ။ တကယ် တစ်လုံးလေးလျော့တာများ

" လေးလုံးက ဟက်တက်ကွဲသေး ဆယ်လုံးလောက်က တစ်ဖက်ဟိုက်တယ် ဆယ့်ငါးလုံးလောက်က ပွန်းပဲ့တယ် တစ်လုံးလျော့ တာနဲ့ နာတာတွေပေါင်းလိုက်ရင် ငါးဆယ်လောက် ပစ်စလက်ခတ် ဖြစ် သွားပြီလေ ဘယ်လိုလုပ် အရင်းပြန်လှည့်သုံးမလဲ "

" အမေရယ် ပြောမနေပါနဲ့တော့ "

" မပြောစေချင်ရင် ကိုယ့်ပစ္စည်းကိုယ် ဂရုစိုက်ပါလား ဟိုက မမြင်ရင်လဲ ကိုယ်က မြင်ရမှာပေါ့ "

" မတော်တဆ ဖြစ်နေတာလေ ဘယ်သူက ဖြစ်စေချင် မလဲလို့ "

ပိုက်ဆံတွက်နေရင်း အမေ့မျက်စောင်းက ဖျတ်ခနဲ ပန့် မျက်နှာပေါ် ရောက်လာသည်။

" ဟုတ်တယ် အမေရယ် ဦးလေးကြီးကို လျော်ခိုင်းဖို့ဆိုတာ လည်း ဦးလေးကြီးခမျာ လျော်နိုင်းရင် ခက်ပြီလို့တွေးမိတာနဲ့ ပန်းသီးဖာ ကို ကားဂိတ်အထိ ထမ်းပို့ရင်း တက်နိုင်သလောက် လုပ်ပေးရှာပါတယ် ပန်လည်း ဘယ်လိုလျော်နိုင်းမလဲ ဆင်းရဲသားအချင်းချင်းဆိုတော့"

" အဲသလောက် ငဲ့နေရင် ဘာလို့သယ်လာလဲ အားလုံးပေးပစ် ခဲ့လိုက်ပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



အမေက နည်းနည်းဆို များများရွဲ့တတ်တဲ့ ဝသီရှိနေတော့ [illegible] သက်မချရင်းခံရှုပေါ့။

" ကိုယ်က ငွေရင်းမရှိလို့ ခေါက်ပြန်ပေး ဝယ်ရောင်းရတာ နောက်နေ့အတွက် ငွေအကြေပေးပြီး ပစ္စည်းပြန်ယူဖို့ ဘယ်ကငွေနဲ့ စိုက်ပေးရမလဲ "

အမေပြောတာလဲ ဟုတ်တာပဲ ဒီသစ်သီးဆိုင်လေးနဲ့ သားမိသုံး ယောက်သာ ရပ်တည်နေရတာက ပြေပြေလည်လည် မရှိတဲ့အထဲ ခုလို ဆုံးရှုံးမှုတွေ ဖြစ်လာရင် ပိုပြီး ကျပ်တည်းသည်က အမှန်

အမေ့သောက ပန့်ဆီ ကူးစက်လာတာကြောင့် ပန့် မျက်နှာလေး အရောင်ဖျော့လာသည်။

" အမေတို့အခက်အခဲကို သမီး အသိဆုံးပဲလေ "

" ဟုတ်ပါတယ် အမေရယ် "

" အခု ဘယ်လိုလုပ်မလဲ "

" ရေတွက်ပြီးရတဲ့ငွေက ပေးရမယ့်ငွေပြည့်ဖို့ သောင်းဂဏန်း ကျော် လိုနေတာ "

ပန် မသိမသာ သက်မချရင်း

" ကြီးမြဆီက ခဏလှည့်ယူ ထားကြတာပေါ့ အမေရယ် "

" အတိုးက တက်ဦးမှာ "





အမေက အားလုံးကို ကြိုမြင်ပြီးသား။

" ကဲ မိပန် ဘာမှစိတ်မကူးနဲ့တော့ သွား အိမ်ပြန်ပြီး ချက်စရာ ရှိတာချက်တော့ အငယ်မကျောင်းလွှတ်လာလို့ စားစရာမရှိ ဖြစ်နေမယ် မြန်မြန်သွား "

" ဟုတ်ကဲ့ အမေ "

ပန် ဆိုင်ပေါ်ကဆင်းတော့ အမေက ထောင်တန်နွမ်းနွမ်း တစ်ရွက်ကမ်းပေးပြီး

" တစ်ထောင်နဲ့ ညမနက်စားလောက်အောင် ကြံဖန်ပြီးဟင်း ချက်တော့ "

" ဟုတ်ကဲ့အမေ "

ပန် တစ်ထောင်တန်ခေါက်ကိုင်ကာ ထွက်ပြီးမှ သတိဝင် လာကာ အမေ့ရှေ့ ပြန်ရပ်သည်။

" အမေ့အတွက် လက်ဖက်ရည်ဝယ်မယ်လေ ပိုက်ဆံပေး"

" တော်ပြီ မဝယ်တော့ဘူး "

အမေက ပိုက်ဆံဆွဲခြင်းကို ပြန်သိမ်း၍ မီးမသေသေးသည့် ဆေးပေါ့လိပ်ကို ပါးစပ်မှာတပ်ရင်း ပြောသည်။ ပန် မျက်နှာလေး မှိုင်းသွားပြီး

" အမေ ဒီမနက် လက်ဖက်ရည် မသောက်ရသေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



" မသောက်တော့ဘူး "

" ဘာဖြစ်လို့လဲ အမေရဲ့ "

" ညည်း လျှာမရှည်နဲ့ သွားပါအေ ငါ စိတ်ညစ်နေတဲ့အထဲ"

အဆီပြန်စ ဖြစ်နေတဲ့ မျက်နှာချောင်ချောင်လေး နောက်က အမေသောကကို ပန် ဖတ်တတ်ပါ ဘယ် အပေရယ် ဒီနေ့အဆုံးရှုံးများတဲ့ အတွက် အမေ့ခမျာ လက်ဖက်ရည်ပင် သောက်ဖို့စိတ်မဝင်စားနိုင်တာ။ အရင်းငွေထဲက လက်ဖက်ရည်ဖိုးရော့မသွားအောင် ချွေတာခြင်းဆိုတာ ပန် နားမလည်ဘဲ နေပါ့မလား။

" ကဲ မြန်မြန်သွားလေ ဘာရပ်နေတာလဲ "

အမေ့စိတ်ကိုဖတ်ရင်း ငြိမ်သက်သွားမိတဲ့ ပန်က အမေ့အသံ ပေါ်ထွက်လာမှ အမေ့ရှေ့က ထွက်ခဲ့မိသည်။ ဒီနေ့ ဆုံးရှုံးမှုအတွက် ဟင်းစားချွေတာသလို လက်ဖက်ရည်ဖိုးပါ ချွေတာလိုက်တာလား အမေ ရယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၄)

" ဒေါ်သွယ် "

" အော် ပြောလေ နဝင်း "

ဒေါ်သွယ်တစ်ယောက်တည်းအခန်းထဲမှာ မီးပူတိုက်နေချိန် ညနေခန်းမှာ မာမီတို့ စီးပွားရေးလုပ်ငန်းကိစ္စတွေ အားကြိုး မာန်တက် တိုင်ပင်နေချိန်မှာ နဝင်း မသိမသာ ရှောင်ထွက်ကာ ဒေါ်သွယ်ကို ခပ်တိုးတိုး ခေါ်လိုက်သည်။ ခေါ်မိပြီးမှ နောက်ကြောင်းမအေးသလို ပြန်ကြည့်သည့် နဝင်းအမူအယာကြောင့် တစ်ခုခုဆိုတာ ဒေါ်သွယ် သိလိုက်သည်။

" ပြောလေ နဝင်းလေး ဒေါ်သွယ် တစ်ယောက်တည်းပါ "

" အင်း "

ဘယ်သူမှ နဝင်းကို သတိမထားမိလို့ တော်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးပူတိုက်တဲ့ မတ်တပ်ရပ်စားပွဲခုံဘေး နှင်း ရပ်လိုက်သည်။

" ဟို ဟို ပန်းသီးကော ဒေါ်သွယ် "

" ရှိတယ်လေ "

ဒေါ်သွယ် မီးပူအိုးကို ဘေးချပြီးပြောတော့ နှင်း မျက်လုံးလေးက အလိုလို လင်းလာသည်။

" ယူတော့မလို့လား "

" ဟင့်အင်း မယူသေးဘူး "

" ရက်ကြာနေပြီ နှင်းလေးရဲ့ "

" ကြာပစေ ဒေါ်သွယ် "

" ဟွန်း ဘယ်လိုကြီးလဲ "

" သေချာသိမ်းထားဦးနော် "

" သိမ်းထားတာ အရေးမကြီးဘူး ပန်းသီးက နည်းနည်းနာနေပြီ "

" ဟင် "

နှင်း မျက်ဝန်းလေး အရောင်မှိန်သွားသည်။

" ဟုတ်တယ် အစ်စေ့ပိုင်းလောက် ပျော့စိစိဖြစ်နေတယ် နေဦး ဒေါ်သွယ် ယူပြမယ် "

ဒေါ်သွယ် ကိုယ်လုံး ဝဖြိုးဖြိုးက တအိအိ လိမ့်ထွက်သွားတော့





ဆိုင်ခုံတစ်လုံးမှာ နှင်း ထိုင်ချရင်း နှမြောမဆုံး ခံစားလိုက်မိသည်။

ဒီပန်းသီး တစ်လုံးအပေါ် ဘာဖြစ်လို့ တသသ ဖြစ်နေရတာလဲ။ နှီးသားဖြူစင်တဲ့ သူ့မ မျက်နှာလေးကြောင့်လား

ကျော့မော့ပြေပြစ်တဲ့ သူ့မ ရဲ့ကိုယ်နေဟန်လှလှ ကြောင့်လား

" ဒီမှာကြည့်လေ နှင်းလေးရဲ့ "

လက်ထဲထည့်ပေးလာတဲ့ ပန်းသီးကို နှင်း တယုတယ ကိုင်ကြည့်လိုက်တော့ အနီရောင်ပန်းသီးပေါ်က အညိုရောင်တစ်ကွက်က ပျော့စိစိ ဖြစ်နေပြီ။

" စားမယ်ဆိုလဲ စားလေ "

" ဟင့်အင်း "

" ဘာဖြစ်လို့ "

" ဒီပန်းသီးက ကျွန်တော့်ပန်းသီး မဟုတ်ဘူး "

" ဘယ်သူ့ပန်းသီးမို့ ဒီလောက်သည်းသည်းလှုပ် ဖြစ်နေရတာလဲ နှင်းလေးရယ် "

သိချင်စိတ်ကလေးနဲ့ မေးလာတဲ့ ဒေါ်သွယ်ကို နှင်း ပြောပြရမှာပေါ့ နှင်း ခံစားချက်တွေကို ဒေါ်သွယ်သာ နားလည်ခံစားပေးတတ်တဲ့ တစ်ဦးတည်းသော စာနာတတ်သူလေ။

" ပြောလေ နှင်းလေးရဲ့ "



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်ထိုင်ပြီး ထပ်ဆင့်မေးလာတော့ နဝင်း မျက်နှာပေါ် ရှက်ရေးရေးဖြစ်လာသည်ကို ဒေါ်သွယ် ခန့်မှန်းတတ်ပါပြီ။

“ ဘာလဲ ကောင်မလေး တစ်ယောက်နဲ့ ပတ်သက်နေတဲ့ ပန်းသီး မဟုတ်လား ”

“ ဟင် ဒေါ်သွယ် ဘယ်လိုလုပ်သိလဲ ”

“ နဝင်းလေး ဒီလောက်တောင် သည်းနေမှတော့ ”

ဖြူဖြူစင်စင် ရှိလှသော ဒေါ်သွယ် မျက်နှာပြည့်ပြည့်ကို ကြည့်ပြီး နဝင်း ဖုံးကွယ်မထားချင်တော့။

“ ဟုတ်တယ် ဒေါ်သွယ် ”

“ ကောင်မလေးက ဘယ်ကလဲ ”

“ မသိလို့ပေါ့ ဒေါ်သွယ်ရဲ့ ဒါပေမဲ့ ဒီပန်းသီးလေး ပြန်ပေးချင်လို့ ”

ဒေါ်သွယ် အကျီကြယ်သီးတပ်ကာ မီးပူတိုက်ဖို့ဖြန့်ရင်း

“ ဘယ်ကမှန်း မသိတော့ ဘယ်လို ပြန်ပေးမလဲကွယ် ”

“ အဲ့ဒါခက်နေတာ ဒေါ်သွယ်ရ ”

“ ကြုံတဲ့အခါ ပြန်ဝယ်ပေးလိုက်လေ ”

“ ဒီပန်းသီးကိုပဲ ပေးချင်တာ ”

“ ပန်းသီးက နာနေပြီပဲကွယ် ကြုံတဲ့အခါ အကောင်းတစ်လုံး





ဝယ်ပေးလိုက်လဲ ရသားနဲ့ ”

“ ဒါဆို ဒီပန်းသီးကို ဘယ်လိုလုပ်ရမလဲ ဒေါ်သွယ် ”

“ နဝင်း စားချင်စားလေ ”

“ ဟွန်း ”

“ မစားဘဲ ဒီအတိုင်းထားရင် နောက်တစ်ရက် နှစ်ရက်ဆို ပုပ်ပြီ နဝင်းလေးရဲ့ ”

နဝင်း ရင်မှာ အတိုင်းအဆမဲ့ နှမြောနေပြန်သည်။

“ ပုပ်လို့ ပစ်တာထက် စားချင်လို့စားတာ ဘယ်ဟာပို ကောင်းမလဲ နဝင်း ”

“ ဟာ မပြစ်ရက်ဘူး ဗျာ ”

“ အဲဒါဆိုလဲ စားလိုက်ပါတော့နော် ဒေါ်သွယ် အနာကို သေချာ လှီးပေးမယ်လေ ”

“ အင်း ”

ကာယကံရှင်လက်ထဲ ပြန်ပေးချင်ပေမယ့် ဘယ်မှာ ရှာရမှန်း မသိဘူးလေ။ ဒီအတိုင်းထားလို့ ပစ်ရတာနဲ့စာရင် စားပစ်လိုက်တာက ကောင်းဦးမယ်။

“ ပေး ဒေါ်သွယ် လှလှပပ စိတ်ပြီး ပန်းကန်ထဲထည့်ခဲ့မယ် ”

နဝင်း လက်ထဲက ပန်းသီးက ဒေါ်သွယ် လက်ထဲရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။

" ဘယ်သူမှ မရိပ်မိစေနဲ့နော် ဒေါ်သွယ် "

" စိတ်ချစမ်းပါ နဝင်းလေးရယ် နဝင်း မာမီ သိရင် ဒေါ်သွယ် အလုပ်ပြုတ်သွားနိုင်တယ် ပန်းသီးအနာ နဝင်းကို ကျွေးရကောင်းလားဆိုတဲ့ ဒေါသနဲ့လေ "

ဟုတ်ပါရဲ့ နဝင်း မသိမသာ သက်ပြင်းချလိုက်သည်။

" ကဲ နဝင်းလေး ဒီအခန်းထဲက အမြန်ထွက်ပြီး နဝင်း အခန်းမှာ သွားနေလေ "

" ဟုတ်ကဲ့ ဒေါ်သွယ် "

ဒေါ်သွယ် ပန်းသီးကိုင်ပြီး ရှေ့ကထွက်သွားတော့ နဝင်း နောက်က လိုက်ထွက်ခဲ့သည်။ မာမီတို့ မရိပ်မိအောင် ညှော်ခန်းကို တစ်ချက် စောင်းကြည့်သည်။ ဒယ်ဒီ မာမီနဲ့ အန်ကယ်သော်တို့ လုပ်ငန်းကိစ္စတွေ ဆွေးနွေး၍ ကောင်းဆဲ

နဝင်း လှေကားလက်တန်းကိုင်ပြီး အပေါ်ထပ်တက်ဖို့ ပြင်တော့။

" သား "

မာမီ့ ခေါ်သံစူးစူးကြောင့် နဝင်း အပေါ်ထပ်တက်ခွင့် မသာတော့။

" ဒီမှာ လုပ်ငန်းကိစ္စတွေ နားထောင်ပါဆို ဘယ်ကိုထွက်သွားလဲ "

နဝင်း ခေါင်းတစ်ချက် ကုတ်လိုက်သည်။

" လာစမ်းသား ဒယ်ဒီနားမှာ လာထိုင် "

နဝင်း ငြင်းခွင့်မသာတော့။ ဒယ်ဒီ အပါးထိုင်ရင်း နဝင်း စိတ်မဝင်စားတဲ့ လုပ်ငန်းကိစ္စတွေ နားထောင်ရတော့၏။

ဒယ်ဒီနဲ့ မာမီကြောင့် သိပ်ခက်လွန်းသည်။

တက္ကသိုလ်တက်ရတော့မယ့် ကျောင်းသားအရွယ်ကို လုပ်ငန်းတွေ လေ့လာခိုင်းတာ နဝင်း ဘယ်လိုလုပ် စိတ်ဝင်စား ပေးရမလဲ။ ဒါပေမဲ့ ဒယ်ဒီနဲ့ မာမီ အမိန့်ကို လွန်ဆန်လို့မရတော့လဲ။

" ဟင်း "

သက်ပြင်းခိုးချမိလိုက်သည်။

✿ ✿ ✿ ✿ ✿







www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

" သားရေ မာမီကို အရောင်းပြခန်းမှာ လာကြိုကွယ် မြန်မြန်
လာနော် "

" ဟုတ်ကဲ့ မာမီ "

နဝင်း ဖုန်းပိတ်ပြီးသည်နှင့် မာမီခိုင်းထားတဲ့ စာရင်းစာအုပ်ကို
ပိတ်ကာ ကားမောင်းထွက်ခဲ့သည်။

မာမီက တုံ့နှေးတာမျိုးမကြိုက် မြန်မြန်ဆန်ဆန်နဲ့ သွက်သွက်
လက်လက်ရှိမှ။

အရောင်းပြခန်းဆီ ဦးတည်နေတဲ့ နဝင်း ကားလမ်းဘေး
တစ်ဖက်မှာ တုန်ခနဲရပ်မိလျက်သား ဖြစ်သွားသည်။ ဘတ်စ်ကားမှတ်
တိုင်မှာ တွေ့ရတဲ့ စိမ်းဝါရောင် ပုံရိပ်လေး။

အကျီက ရှေ့ကွဲအဝါနုနုလေး။ ထဘီအစိမ်းပွင့်က ဟိုနေ့က





...တဲ့ထဘီအဆင်ပဲ။

သူမ အထုပ်နှစ်ထုပ်ဆွဲ၍ ဘတ်စ်ကားအလာကို အားတက်
...ရော စောင့်မျှော်နေဟန် နှစ်လမ်းမောင်းမို့လို့ ကားကို ဘတ်စ်ကား
...တိုင်ဆီ ကွေ့ရပ်လို့မရ။

နဝင်း ဘာကိုမှ စဉ်းစားမနေတော့ ကားပေါ်က ဖျတ်ခနဲ
...င်ပြီးသည်နှင့် ဘတ်စ်ကားမှတ်တိုင်ဆီ ခြေလှမ်းရှေ့လျှားလိုက်သည်။

သူမနဲ့ နီးကပ်လာလေ ရွှေးစို့နေတဲ့ သူမ မျက်နှာလေးက
...ရအောသက်ဝင်စရာ။ သူမဘေးရပ်ပြီး နဝင်းစိတ်က သူမကို ခေါ်ရ
...မယ့် အသံထွက်မလာ။

ဘယ်လိုခေါ်ရမလဲ။

ဘယ်လို စကား စပြောရမလဲ။

သူမက နဂင်းကို စိတ်မဝင်စားနိုင်။ ဘတ်စ်ကားကိုသာ
...မျှော်မျှော် သူမ လက်ထဲဆွဲထားတဲ့ ကျန်ကျောင်းအိတ်အမဲက သစ်သီး
...တွေ ထင်ရဲ့။ လေးမယ့်ပုံပဲ။

" ဟို ဈေး လာဝယ်တာလား "

ပန်ကို ကြည့်ပြီးမေးလာတဲ့ ထိုလူရွယ်ကို စိုက်ကြည့်မိသည်။
...အန်ဘွိုင်းတစ်ယောက်လို ခေတ်ရှေ့ပြေး အပြင်အဆင်နဲ့။ လက်မှာလဲ
...မ်းဖုန်းနဲ့ ယောကျာ်းချော မျက်နှာက ပန် မျက်နှာထက် အဆင့်ငါး



www.burmeseclassic.com

www.burmeseclassic.com



... ဝင်းမှတ်ကြည့်ခင်လျက်

ကိုယ်ကျပ်ဘောင်းဘီအဖြူရောင် ဘေးခါးမှာ ချိတ်ထားတဲ့ ... ကြီးက ငိုက်ငိုက်လေးကျလျက် လက်တစ်ဖက်က ထိုစတီး ... ကို ကိုင်ကာ အနည်းငယ်ကိုယ်ကိုင်း မေးလာတဲ့ အမူအယာက မော်ဒန်တစ်ဦး သရုပ်ဆောင်သလို ပီပြင်လွန်းလှသည်။

သူ ဘယ်သူလဲ ဟွန်း။

ပန်နဲ့လည်း မသိဘဲနဲ့။

မေးသံကလည်း ရင်းနှီးသလို။

ဘေးက ကားစောင့်နေသူတွေရဲ့ မျက်လုံးတွေက ပန်တို့ နှစ်ယောက်ကို ဝေခွဲရခက်သလိုလို ဘာလိုလို ကြည့်နေတာ။

ပန် ဘာမှမပြော အကြည့်လွှဲ၍ ခြေလှမ်း နောက်ဆုတ်လိုက်သည်။

“ ပြန်တော့မလို့လား ”

သူ မျက်နှာအနည်းငယ် နီမြန်းလာသည်။ နဝင်းက မေးလိုက်ပေမယ့် သူမက မှန်ကုတ်ကုတ် တစ်ချက်ကြည့်ပြီး ထိုးဆိုက်လာတဲ့ ဘတ်စ်ကားပေါ် ပြေးတက်သွား၏။

သူ့ရင်မှာ ဟာခနဲဖြစ်ကာ ငေးကြည့်ပေမယ့် သူမ ပါသွားတဲ့ ကားက သူနဲ့ တဖြည်းဖြည်း ဝေးသွား၏။





“ တီး တီး တီး ”

လက်ထဲက ဖုန်းမြည်သံပေါ်လာမှ နဝင်း အသိဝင်ပြီး ကိုယ်လုံးလေး ဆတ်ခနဲ တုန်သွားသည်။ မာမိဆိုတဲ့ အသိကြောင့် သူ့ခြေလှမ်း ကားဆီရွေ့လိုက်ရသည်။

သူမကို မထင်မှတ်ဘဲ တွေ့လိုက်ရတဲ့ သူ့စိတ်က ဘာဖြစ်လို့ သူမရှေ့ရောက်သွားမှန်း မသိ။

ရလဒ်က မှတ်တိုင်မှာ ကားစောင့်နေသူတွေရဲ့ ကွက်ကြည့် ကြည့်တဲ့ မျက်ဝန်းတွေ သူမရဲ့ ခပ်ကြောင်ကြောင် အကြည့်နဲ့ ကျောခိုင်းမှု အဆိုးဆုံးက မာမိရဲ့ ဒေါသ။

✿ ✿ ✿

“ ဘယ်လိုဖြစ်လို့ ဒီလောက်ကြာရတာလဲ ”

ကားရပ်လိုက်သည်နှင့် မာမီ့မေးခွန်းကြောင့် နဝင်း မလုံမလဲ ဖြစ်သွား၏။ ချွေးပျံစပြုနေတဲ့ နဝင်း မျက်နှာကို မာမိ မနှစ်မြို့ဖွယ် ကြည့်ပြီး

“ ဘယ်လို ဖြစ်တာလဲ ပြောလေ ”

“ ဟို ဟို လမ်းမှာ မီးပွိုင့် ခဏခဏမိလို့ ”

“ မီးပွိုင့်က အခုတစ်ရာလောက် ရှိလို့လား ”



www.burmeseclassic.com

www.burmeseclassic.com



ခွန်းပေါ် ဇွေ့ခနဲ တက်ရင်း ခပ်ငေါ့ငေါ့မေး၏။ ကို သွားခနဲ မောင်းထွက်ပေမယ့် မာမီ မျက်နှာက မကြည်

" မျက်နှာမှာလဲ ချွေးစတွေနဲ့ "

မာမီ အရိပ်တကြည့်ကြည့် ပြောသည်။

" သားနော် မာမီ ခွင့်မပြုတာကို ဘာမှ လုပ်ဖို့စိတ်မကူးနဲ့"

" ဟုတ်ကဲ့ မာမီ "

" ဟုတ်ကဲ့ဆိုပြီး နေပူထဲ ဘာသွားလုပ်လဲ မျက်နှာနီစပ်ပြီး ချွေးတွေထွက်နေတာ "

သူ့ကို ဘာကြောင့် အရိပ်တကြည့်ကြည့် ဂရုစိုက်နေတာလဲ မာမီရယ်။ ဂုဏ်ရှိန်ရောင်တောက်ပြောင်နေတဲ့ မာမီ မျက်နှာပြင်က ဘဝင်မကျတဲ့ အကြည့်ကြောင့် နဝင်းမျက်နှာ နီချင်ချင် ဖြစ်လာသည်။

" ပြောလေ သား နေပူထဲ ဘာသွားလုပ်တာလဲ "

" သား နေပူထဲ မသွားပါဘူး "

သူ ပိပိရိရိ ညာပေမယ့် မာမီ မျက်ဝန်းက စူးစိုက်လျက်။

" ဒီမှာ သား "

ကားကို ဂရုစိုက် မောင်းနေရပေမယ့် သူ့နားထဲမှာ မာမီ့အသံက အမျှင်မပြတ် စီးဝင်လျက်





" သားကို မာမီတို့ တယုတယ မွေးလာတာ ဖြစ်ချင်ရာ နေဖို့ မဟုတ်ဘူးနော် သားပုံကိုကြည့်ရင် သား ဘာလုပ်နေလဲ ဘာ မာမီ ခန့်မှန်းလို့ရတယ် ချွေးတစိုစိုဖြစ်ခဲ့တာ ကျော်သက်တို့ ဖက်ရည်ဆိုင်ဘက် ခြေဦးလှည့်နေလို့မဟုတ်လား "

မဟုတ်တူးငြင်းလိုက်လို့ ဖွတ်စစ်ဆေးရင် သူမဆီ ပြေးသွားမိတဲ့ အဖြစ် ပေါ်သွားနိုင်သည်။ ဘာကြောင့်ဆိုတဲ့ မေးခွန်းတွေနောက်မှာ ထပ်ထပ် တူးဖော်မည့်မေးခွန်းတွေကို သူဖြေရှင်းနိုင်မည် မဟုတ်ပါ။

ဒါကြောင့် ဖြစ်ချင်ရာဖြစ် ခေါင်းညိတ်လိုက်မိသည်။

" ခဏလေးပဲ မာမီ "

" တောက် "

မာမီ ဒေါသကို နဝင်း မကြည့်ရဲတော့။

ကျော်သက်က ဆယ်တန်းတုန်းက သူငယ်ချင်းဖြစ်သည်။ ကျောင်းတက်တဲ့ သက်တမ်းတစ်လျှောက်တွင်

" ဝင့် ဝေယံနဲ့ ထူးရှိန်က လွဲပြီး ဘယ်သူနဲ့မှ သူငယ်ချင်း ပေါင်းစရာ မလိုဘူး " ဟု

အပြင်းအထန်တားမြစ်ထားသည့်ကြားက သူ့နောက်ခုံမှာ ထိုင်တဲ့ ကျော်သက်က စာအုပ်ငှားလို့ နဝင်း ငှားပေးမိသည်။ အဲဒီက ဘာဆင့် ခင်မင်မိတဲ့ ကျော်သက်ကို မာမီတို့ မသိအောင် ရင်းရင်းနှီးနှီး



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကျောင်းဆင်းချိန်ဆို ကျောင်းနဲ့နီးတဲ့ ကျော်သက်[illegible]ကျည်ဆိုင်သွားပြီး ကျော်သက်နဲ့အတူ ကူလုပ်ပေးမိသည်။

ကျော်သက်တို့ လက်ဖက်ရည်ဆိုင်က လမ်းဘေးဆိုင် အမိုးအကာမရှိ နေပူရင် ခုံတွေကို သစ်ပင်ရိပ်တွေမှာ ခင်းပေးရ၊ ကျော်သက် အဖေဖျော်ပေးတဲ့ လက်ဖက်ရည်ခွက်တွေကို စားပွဲအရောက် ပို့ရတာ နဝင်း ပျော်လိုက်သည့်ဖြစ်ခြင်း မာမီသိသွားတော့ ဒေါသတွေ အလိပ်လိုက်တက်ကာ

" သားနဲ့အဆင့်အတန်း တူလို့လား လမ်းပေါ်က ကလေကချေတွေကိုမှ "

ဆိုပြီး ကျော်သက်နဲ့သူ့မိဘရှေ့မှာ မာမီ ပြောလိုက်တာ ပက်ပက်စက်စက်။

" နောက် ဘယ်တော့မှ ဒီလို အောက်တန်းစား နေရာကို မလာရဘူးတဲ့ "

သူ့ကို တားမြစ်ပိတ်ပင်ကာ အရိပ်တကြည့်ကြည့် စောင့်ကြပ်ထိန်းချုပ်ထားတာလေ။ မာမီတို့ မျက်ခြေမပြတ် စောင့်ကြည့်ခြင်းခံရတော့လည်း ကျော်သက်တို့ဆီ မရောက်ဖြစ်တာ ကြာလှပြီ။ ဒီကောင်ကြီး ခုအဆင်ပြေရဲ့လား။

" သားက ဘာဖြစ်လို့ ဒီလို အဆင့်အတန်းမရှိတဲ့ နေရာကို





[illegible]ချင်ရတာလဲ သားနဲ့ တူသလား တန်သလား "

ခုလည်း ထိုမေးခွန်းတွေက တရစပ်။

" တော်ပြီ ဒီနေ့ကစပြီး ဝေယံတို့ ဝင့်တို့မပါရင် သားတစ်ယောက်တည်း ဘယ်မှ မထွက်ရဘူး "

" နိုင်းထားတဲ့အလုပ်တွေကို မလုပ်တဲ့နဲ့ ကလေကချေရပ်ဝန်းကို သွားရတယ်လို့ "

မာမီ့ဒေါသက ပြောမဆုံးနိုင်တော့။ မာမီနိုင်းထားတဲ့ စာရင်းတွေကို သူ လုပ်ထားပြီးပြီ။ ပြန်ပြောရင်လည်း မာမီ ဒေါသက ပိုဆိုးဦးမှာ။ မာမီ ဒေါသ မုန်သမျှကို နဝင်း တိတ်ဆိတ်စွာ ခံယူရုံပေါ့။

ဘာတတ်နိုင်မှာလဲ။

သူမ နောက်လိုက်တာ သိရင်

မစဉ်းစားဝံ့တော့။

မသိတာပဲ ကောင်းပါတယ်လေ။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

" ပန်းသီးစုတ် "

ဝေယံတို့ ဘယ်လို အတိုအထောင် လုပ်ထားသည်မသိ ဝင့်က သူ့ကို တွေ့တာနဲ့ ပန်းသီးစုတ်လို့ ခေါ်တော့၏။ ဝင့်မျက်နှာ ဝိုင်းပြည့်ပြည့်လေးကို နဝင်း စိတ်မဝင်စားသလို ကြည့်ရင်း

" ဝေယံတို့ပြောသမျှ ယုံတာပဲလား ဝင့် "

" ယုံတာပေါ့ နဝင်းမှာ အောက်တန်းစားစိတ်ရှိတယ်လေ"

" ဟွန်း "

" ဘာဟွန်းလဲ နောက်မဟုတ်လို့လား "

ထိုအဖြစ်က တစ်စ တစ်စ မာမီနား ပေါက်ကြားသွားမှာ စိုးရသည်။ ပေါက်ကြားရင်တော့ လွယ်မှာ မဟုတ်ဘူး။

ပန်းသီးကိစ္စ ဝင့်တို့အာရုံထဲက ဖျောက်ပစ်နိုင်မှ

" ဝင့် "





" ဘာလဲ "

ဝင့်က တီဗွီဂိမ်းဆော့နေရာမှ လှည့်မကြည့်တော့ နဝင်းက ဝင့်ဘေးနား ခုံတစ်လုံးဆွဲထိုင်ပြီး။

" နင် ယုံလား "

" သိဘူးလေ "

" ဒီကောင်တွေ ဒေါသဖြစ်အောင် ငါ အချွန်နဲ့ မ,လိုက်တာ"

" ဟုတ်ရဲ့လား နဝင်းရယ် "

" ဝင့်ရယ် ငါ ဝင့်ကို ဘယ်တုန်းက ညာပြောဖူးလို့လဲ "

" အင်း အဲဒါလဲ ဟုတ်သားပဲ "

ဝင့် ဂေးမ်ဂိမ်း ဆက်မနှိပ်ဘဲ သူ့ဘက် လှည့်လာသည်။ ဝင့် သူ့ဘက်လှည့်လာကတည်းက ဝင့် အာရုံထဲက ပန်းသီးကိစ္စ ဖျောက်ဖို့ လွယ်မည်ဟု သိလိုက်သည်။

" ဝင့်ပဲ စဉ်းစားကြည့် မာမီရှိလျက်နဲ့ ငါ ဒီလို လုပ်ခွင့်ရပါ့မလား "

" အွန်း ဖြစ်နိုင်တာပဲ "

" အဲဒါဆို ငါ့ကို ပန်းသီးစုတ်လို့ မခေါ်နဲ့ "

ဝင့် မျက်ဝန်းဝိုင်းလေးနဲ့ စိုက်ကြည့်ပြီး။

" ဘာဖြစ်လို့ "



www.burmeseclassic.com

www.burmeseclassic.com



" [illegible] ဆိုရင် ဝိုကို ဆူမယ် "

" [illegible]တော့ နှင်က ထုံးစံအတိုင်း ဝင့်ကို မခေါ်ဘဲ နေမယ်ပေါ့"

" ဝင့် သဘောပေါက်သားပဲ "

ဝင့် နှုတ်ခမ်းဖူးလေးက ချစ်စဖွယ်ကောင်းလောက်အောင် အွန့်ထားပေမယ့် သူ ရင်မခုန်။

" ဟွန်း ဝင့်ကတော့လေ ဝင့်နဲ့ တူတန်တာကိုမှ စိတ်ဝင်စားတာ နှင် မခေါ်လဲ ဝင့်က ခေါ်မှာပဲ "

" အဲဒါဆို ပန်းသီးစုတ် ဆိုတဲ့နာမ်စားမသုံးနဲ့ "

" မသုံးစေချင်ရင် ဝင့် တစ်ခုတောင်းဆိုမယ် "

" ဆိုစေဗျာ "

ဝင့် ကျေနပ်အောင် ဝင့် ဆံနွယ်လေးတွေကို သူ သပ်တင်လိုက်သည်။ ဝင့်က သူ လက်ဖဝါးကို ဆုပ်ကိုင်ပြီး မေးဖျားလေးဆတ်ရင်း

" နှင် ကျောင်းတတ်ရင်း အန်ကယ့်စီးပွားရေးလုပ်ငန်းအားလုံးကို ဦးစီးနိုင်အောင် ကြိုးစားရမယ် "

" ဘာဖြစ်လို့ "

" နှင်က ဆယ်တန်းအောင်ကတည်းက အမှတ်နည်းလို့ မေဂျာပဲရတယ် မဟုတ်လား "

" အင်း "





" ဝင့်ကော ဝေယံကော ထူးရှိန်ကော ဆေးဝင်တော့ နှင့်ကို [illegible]ဖက်ဖက်မှာ ထူးချွန်စေချင်တယ် ဒါမှ ဝင့် အနာဂတ် ပိုအဆင့်မြင့်[illegible]ပါ့ "

နဝင်း မသိမသာ နှာခေါင်းရှုံ့မိသည်။

" ဝင့်တို့ကတော့ ဒါပဲ "

" ဟုတ်တယ်လေ "

" ထားပါတော့ ဝင့်ရယ် အဲဒါနဲ့ ပန်းသီးကိစ္စ ဘာဆိုင်လဲ "

" ဆိုင်တာပေါ့ "

နဝင်း မျက်ခုံး အလိုလို ပင့်တက်သွားပြီ။

" ဘယ်လို ဆိုင်တာလဲ "

" နှင်ပြောတာ တကယ်ဆိုရင် အောက်တန်းစား မိန်းကလေးနဲ့ ဝင့်ကို တန်းညှိသလို ဖြစ်သွားတာပေါ့ ဝင့် အဆင့်အတန်းကို ဘယ်လောက် ထိခိုက်လဲ "

မသိမသာ သက်ပြင်းရှိုက်ရင်း ဝင့် ဆုပ်ထားတဲ့ လက်ကို လျှောထုတ်လိုက်သည်။

" ပညာရေးမှာ နှင်က ဝင့်ထက်နိမ့်တာရယ် ပန်းသီးကိစ္စနဲ့ ဝင့် အဆင့်အတန်းကို ထိခိုက်မှုဖြစ်စေတဲ့အတွက် နှင် ပြန်ပေးဆပ်ရမယ် အဲဒါက နှင့် ဒယ်ဒီရဲ့ လုပ်ငန်းမှန်သမျှကို နှင် ဦးဆောင်နိုင်ဖို့ပဲ "



www.burmeseclassic.com

www.burmeseclassic.com



" ဝင့်ရယ် ငါတို့တွေက အခုမှ ဆယ်ကျော်သက်ပါဟာ လူကြီးအတွေး မတွေးစမ်းပါနဲ့ "

" မတွေးလို့ရမလား "

" ဘာဖြစ်လို့ "

ဝင့်က ဆွဲဆောင်မှုရှိလှတဲ့ မျက်နှာလေးကို လှလှပပ ပြုံးကာ သူနှင့် မျက်နှာချင်းနီးအောင် တိုးပြီး

" ကျောင်းပြီးတာနဲ့ ဝင့်နဲ့ နင် လက်ထပ်ရမှာလေ "

သူစိတ်မဝင်စားစွာ နှုတ်ခမ်းရွဲ့လိုက်သည်။ ဝင့်က သူ့ နှုတ်ခမ်းရွဲ့လေးကို ချစ်စဖွယ် ဆွဲကစားရင်း

" နင်က ဘွဲ့တစ်ခုရပြီး နင့် ဒယ်ဒီရဲ့ စီးပွားရေးလုပ်ငန်းကို ဦးစီးနိုင်တဲ့ လုပ်ငန်းရှင်ကြီးဆိုတော့ ဝင့်ပိုပြီး ဂုဏ်တက်တာပေါ့လို့ ဟင့် ဟင့် "

ပြောပုံလေးနဲ့ ရယ်သံက ရင်ခုန်လွယ်တဲ့လူဆိုရင် ချစ်စရာ မွေ့ရမ်းပစ်လိုက်မှာ သေချာသည်။ ဝင့်ဆိုတာက အဲသလို ဟန်မူယာနဲ့ ဆွဲဆောင်တတ်တာ၊ နဝင်းကသာ စိတ်ထဲက ခါးနေတာ ခါးနေပေမယ့် ခါးတဲ့အတိုင်းထုတ်ပြောလို့ မရတဲ့အခြေအနေမို့ အလိုက်ထိုက်ဆက်ဆံ နေရတာလေ။

ပန်းသီးကိစ္စက လောလောဆယ် အာရုံရှင်း ပြီးရော သည်ကိစ္စ





ပျောက်သွားဖို့ အရေးကြီးတာကြောင့်

" နင့် သဘောအတိုင်း ဖြစ်စေရမှာပေါ့ ဝင့်ရယ် "

" မဖြစ်ရင်တော့လား "

" ဖြစ်မှာပါ ခုတောင် မာမီက ငါ့ကို လုပ်ငန်းကိစ္စတွေ ခိုင်းနေတာလေ "

" ဟယ် လိမ္မာလိုက်တဲ့ ယောက္ခမလောင်း "

မျက်လုံးလေး လှည့်ကာ အားရဝမ်းသာ ပြောတဲ့ ဝင့်ကို သေမသာ နှာခေါင်းရှုံ့ပြီး ကြည့်မိသည်။ ဝင့် မမြင်လို့ပေါ့

" အဲဒါဆိုရင် ပန်းသီးစုတ်လို့ မခေါ်တော့ဘူး "

သူ့မျက်နှာ ဝင်းသွားသည်။

" တစ်ခုခုတော့ ခေါ်ရမယ် "

" ဘာလဲ "

" နင့်ကို ပေါ့ "

" နင်နဲ့ငါပဲ ကောင်းပါတယ် ဝင့်ရယ် "

" ဟွန်း အဲဒါဆို သူငယ်ချင်းအသစ်တွေ အပြင်မှာ နင်နဲ့ ခင်က သူစိမ်းတွေ ထင်မှာပေါ့ "

" ထင်ပစေပေါ့ ဝင့်ရယ် "

" အိုး ဒီလိုထင်လို့ရမလား ဝင့်နဲ့နင်က စေ့စပ်ပြီးသား မာမီ



www.burmeseclassic.com

www.burmeseclassic.com



သဘောတူတဲ့အတိုင်း ကျောင်းပြီးတာနဲ့လက်ထပ်ရမယ့် အနာဂတ်
ရဲ့အဖော်မွန်လေ ''

ဝင့်ကတော့ အပိုင်တွက်ကိန်းနဲ့ အနာဂတ်ကို ကြိုးတုပ်
ချည်နှောင်ဖို့ ခြေလှမ်းစလာပြီထင်တယ်။ လောလောဆယ်တော့ ဝင့်
ပြောတဲ့အတိုင်း ရေလိုက်ငါးလိုက်ပေါ့။

'' အဲဒီတော့ ''

ဝင့်က လက်ညှိုးသွယ်သွယ်လေးကို မေးမှာထောက်ကာ စဉ်းစား
သယောင်ပြုပြီး။

'' အင်း မောင် ဟင့်အင်း ကိုကို မကောင်းဘူး ''

'' အွန်း ကိုဆိုရင် အင်း ကို ဝင့်နဲ့ကို မိုက်တယ်နော် ''

မျက်စလေးပစ် နှုတ်ခမ်းလှုပ် မေးဖျားလေးဆတ်ကာ
တစ်ယောက်တည်း ရွတ်ရင်း ထောက်ခံပယ်ဖျက်လုပ်နေတဲ့ ဝင့် အမူ
အယာက တစ်ခြားကောင်သာဆိုရင် အသည်းယားပြီး ဝင့်ပါးပြင်ပေါ်
အနမ်းဘယ်နှစ်ပွင့် ခြွေလိုက်မလဲ မသိ။

သူကတော့ မခိုးတရိုး ကြည့်ရင်း ဝင့်ကို အရှုံးမလို့ ကမ္ဘည်းတင်
ပေးလိုက်ချင်သည်။

'' ဟုတ်တယ်နော် နင့်ကို ကို လို ဝင့်ခေါ်မယ် ''

'' ခေါ်ပေါ့ ''





'' နင် အဲလေ ကိုကလည်း ဝင့်ကို ဝင့်လို့ လေးလေးနက်နက်
ခေါ်ရမယ်နော် ''

စိတ်ကူးနဲ့ မိုးမမြင် လေမမြင် ဖြစ်နေတဲ့ ဝင့်ကို သူ့ရင်ထဲမှာ
သနားလိုက်တာလို့ အကြိမ်ကြိမ် မှတ်ချက်ချလိုက်မိသည်။

'' ခေါ်မယ် မဟုတ်လား ''

ဝင့် ကျေနပ်အောင် အပြုံးမပျက် ခေါင်းညိတ်ရင်း

'' ဝင့် သဘော ''

'' ကို ''

သူ့ကို မျက်ဝန်းလေးပင့်ကြည့်၍ သမီးရည်းစားခေါ်ဟန်မျိုးနဲ့
ညှုလာသည်။ သူ့စိတ်မှာ ဟက်ခနဲ ရယ်ချင်မိပေမယ့် ဝင့် ကျေနပ်စေဖို့

'' ဝင့် ''

'' ကို ''

'' ဝင့် ''

အဖြစ်သည်းလိုက်တဲ့ ခေါ်သံ

'' ဘာတွေလဲ ယောက်ဖရ ဝင့်တွေ ကိုတွေနဲ့ ''

ဝေယံနဲ့ထူးရှိန် အပိုးမကျိုးတဲ့မျက်နှာနဲ့ ဝင်လာရင်း ပြောတော့
ဝင့်က နှုတ်ခမ်းဆူလျက်

'' ဝင့်တို့တာသာ နှစ်ယောက်တည်း အခေါ်အဝေါ် ကျင့်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာလာရှုပ်တာလဲ ''

'' မရှုပ်ပါဘူး မမရာ ယောက်ဖလောင်း ပန်းသီးစုတ်အပေါ် စိတ်လည်နေမှာစိုးလို့ အပိုင်ချုပ်ထားလို့ သတိလာပေးတာပါဗျာ ဟား ဟား ''

ဝေယံ စကားအဆုံး သဘောတကျ ရယ်သည်။ ဝေယံနဲ့ ဝင့်က လိုက်လဲ လိုက်တဲ့ မောင်နှမ။

တစ်ချို့ မောင်တွေဆိုရင် အစ်မ ရည်းစားထားရင် ရှက်ပြီး ပြဿနာရှာတတ်တာ အခုတော့ ပြောင်းပြန်

'' ကဲ ဒီနေ့က ပန်းသီးစုတ် အသံမဟနဲ့တော့ ''

'' ဘာဖြစ်လို့လဲ မမ ''

'' နဝင်းနဲ့ မမ အပေးအယူမျှသွားပြီ ''

'' ဟေ ဘာအပေးအယူလဲ နဝင်း ''

ထူးရှိန် မေးသည်။

'' ဘာအပေးအယူလဲ သိချင်ရင် ဝင့်ကိုသာ မေးပေတော့ ''

'' ဘာအပေးအယူလဲ ပြောလေ ဝင့် ''

'' နောက်မှပြောမယ် ပန်းသီးကိစ္စ နင်တို့ လေသံမဟနဲ့ တော့နော် ဝေယံနဲ့ ထူးရှိန် ''

'' အစ်မတော် သဘောအတိုင်းပါဗျာ ''





ဝေယံတို့ ကျေကျေနပ်နပ် ပြုံးပြောလိုက်သည်က အမြင်ကတ်စရာ။

''ကဲ သဘောတော်အတိုင်းဆိုရင် နက်ဖြန် ကျောင်းစတက်မယ့် အထိမ်းအမှတ်အဖြစ် နဝင်း တစ်ခုခုလိုက်ကျွေးနော် ကို ''

မောင်ရှိနေတာကို ရှက်ရကောင်းမှန်းမသိတဲ့ ဝင့်က သူ့ပခုံးပေါ် ခေါင်းငုံ့တင်ရင်း သူ့ကို ပြောသည်။ ဝေယံက သူ့အစ်မ ဘာလုပ်လုပ် ဆော့နှပ်ပြီးသား ပုံစံမျိုး

'' ဟုတ်တယ် နဝင်း တစ်ခုခု ကျွေးကွာ ''

ထောက်ခံပြန်သည် သူ အတွင်းစိတ်က အနည်းငယ်ရွံ့ ချင်လာသည်။

'' ဘာလဲ နင်တို့ ဆေးကျောင်းသူ ဆေးကျောင်းသားတွေ ဖြစ်တော့မယ့် အထိမ်းအမှတ်အတွက် မဟုတ်လား ''

'' ဒါပေါ့ ကွ ''

ထူးရှိန်က သူ ပခုံးစွန်းတစ်ဖက်ကို လက်သီးဆုပ်နဲ့ဖွဖွ ထိုးရင်း ပြောကာ။

'' သေချာတာပေါ့ ကိုရယ် ဝင့်တို့က ဆေးကျောင်းသူ ကိုက ကျ ကျောင်းသား မတူကြတဲ့ ကျောင်းသူကျောင်းသားလေ ဟုတ်တယ်နော် မောင်လေး ''

'' သိပ်ဟုတ် မမရယ် ''



www.burmeseclassic.com

www.burmeseclassic.com



ထောက်ခံပြောကာ သုံးယောက်သား သူ့ကိုကြည့်ပြီး ဟားတိုက်ရယ်ကြသည်။

ရယ်ကြဦးပေါ့ ဆေးကျောင်းသူ ဆေးကျောင်းသားတွေရယ်။

ဒယ်ဒီနဲ့မာမီကို လွန်ဆန်လို့မရတဲ့ အနေအထားမို့သာ။

နဝင်း စိတ်နဲ့ နဝင်းသာဆိုရင်

လောလောဆယ် အခြေအနေမှာ နဝင်း စိတ်ရင်းကို ချိုးနှိမ်ထားရုံပေါ့။

“ လာ သွားစို့ ကို ”

ဝင့်ရဲ့ ဆွဲဆောင်မှုနောက်က မင်း မလွတ်နိုင်ပါဘူးဆိုတဲ့ ဝေယံတို့အကြည့်ကို သူ မတုန့်ပြန်တော့၊ ပျော်ဝင်မှုမရှိပါဘဲ ကိုင်ထားတဲ့ လက်မောင်းကို ဆွဲခေါ်သွားတဲ့ ဝင့်နောက် စက်ရုပ်လို ရွေ့ရုံပေါ့။

✿ ✿ ✿ ✿ ✿



## အခန်း (၇)

“ ဟယ် ကြည့်စမ်း၊ ပန် မြန်မာစာကျောင်းသား အစစ်မှ ဟုတ်ရဲ့လား ”

ကျောင်းစဖွင့်ကတည်းက တစ်ယက်တီတီ ပန် ကျောင်းမတက်ပြီး၊ လွှတ်ထားတဲ့လက်ချာတွေကို ခေါင်းမဖော်စတမ်း ကူးနေတဲ့ ပန်ကို ဘေးမှာ ထိုင်ရင်း ဟိုဟိုဒီဒီ ငေးနေတဲ့ ခရမ်းပြာက ပခုံးတိုက်ရင်း အံ့တသြ ပြောလာသည်။ ပန် မော့မကြည့်ဖြစ်

“ ကြည့်လေ ပန် စောစတို့ အုပ်စုနောက်က ခုံမှာဝင်ထိုင် ဆိုလို့နဲ့ ဝင်မထိုင်ဘဲ ရပ်နေသေးတယ်။ ညှိသည်ပဲဖြစ်မယ်၊ မြန်မာစာ ကျောင်းသားစစ်စစ်တော့ မဖြစ်နိုင်ဘူး။ မြန်မာစာကျောင်းသားစစ်စစ်က မော်ဒန်ဘွိုင်းလို ဝတ်မှာမဟုတ်ဘူးလေ ”

ခရမ်းပြာက သူမဘာသာ ကြည့်ရင်း ပြောရင်းနဲ့ ပန် စာငုံ့ရေး နေဆဲမှန်းသိတော့ ခရမ်းပြာ မျက်နှာစူလာသည်။



www.burmeseclassic.com

www.burmeseclassic.com



" အဲ ကြည့်လို့ပြောနေတဲ့ဟာကို မကြည့်ဘဲနဲ့ "

" စာရေးပျက်ပါတယ် ပြာရယ် ကူးစရာက အများကြီး "

" ဘယ်လောက်များများ ကြည့် ဆို ကြည့် မကြည့်ရင် ပြာ စာအုပ် ပြာ ပြန်ယူလိုက်မယ် ဟွန်း "

ခရမ်းပြာဆိုတဲ့ မိန်းကလေးက အဲသလို နှုတ်ခမ်းလေးစူပြီး စာအုပ်ဆွဲယူဟန်ပြင်တော့ ပန် မသိမသာ သက်ပြင်းချရပြီ။

" မယူပါနဲ့ ပြာရယ် "

" မယူစေချင်ရင် ကြည့်လေ ကြည့်လို့အချိန် ဘယ်လောက်မှ ကုန်တာမဟုတ်ဘဲနဲ့ "

" အင်းပါဟယ် "

" ဟိုမှာ ကြည့် စောစတို့ ခုံနောက်မှာ ရပ်နေသေးတယ် "

ခရမ်းပြာ ကျေနပ်စေဖို့ ပန် ကြည့်ရတော့မှာပေါ့။ စောစတို့ ထိုင်ခုံက တစ်ဖက်လိုင်းရဲ့ နောက်ဆုံးက ထိုင်ခုံ ပန်တို့က ရှေ့ဆုံး အတန်းမှာဆိုတော့ ကိုယ်တစ်ခြမ်းလှည့်ကာ ကြည့်လိုက်တော့။

" ဟင် "

ပန် တအံ့တသြ ငေးကြည့်ဖြစ်စေသည်။ ကိုယ်ကျပ်ဘောင်းဘီ ဗေဒါရောင်နှင့် လက်မောင်းတစ်ဝက်နဲ့ ရှေ့ပန်းခြမ်းမှာ အနက်နဲ့အဖြူစင်း သေးသေးလေးတွေနဲ့ ဒီဇိုင်းထွင်ထားတဲ့ ဗေဒါရောင်ကိုယ်ကျပ်စပို့ရှပ်။





မြင့်တဲ့အရပ်နဲ့ ဖြူဝင်းတဲ့ အသားကြောင့် ထင်းခနဲ။

မဟော်ဂနီရောင်ဆေးဆိုးထားတဲ့ ဆံပင်က တချို့ထောင်လျက်။ အချို့ငှေ့ရမ်းသလို တချို့က ယိုင်နဲ့နဲ့ ခေတ်မှီဆံပင်ပုံစံထင်ရဲ့။ ဝင်းပြီး ဖွေးတက်နေတဲ့ မျက်နှာပြင်က နှာခေါင်းမွေ့ပြီး သွယ်လျတဲ့မျက်နှာပေါ်က ထွေးတွေတဲ့နှုတ်ခမ်းက ယောကျာ်းလေးတန်မဲ့ လှလွန်းနေသည်။ ကျောပိုး အိတ်အဖြူရောင်ဆွတ်ဆွတ်လွယ်ကာ ရပ်လျက် စောစတို့နဲ့ စကားပြော နေ၏ ဆံပင်လေးတစ်ချက် သလိုက်သည်က ခေါင်းလိမ်းဆီကြော်ငြာတဲ့ သရုပ်ဆောင်ထက် ဆွဲအားပါလွန်းသည်။

" စတိုင်လ်က ဖြောင့်တယ်နော် ပြာတို့ မြန်မာစာက သချာရင် သူ့ကိုပဲ ကင်း ပေးရမယ် ပြိုင်ဘက်မရှိ နေဦး ပြာ စပ်စုလိုက်ဦးမယ်"

အစဉ်အမြဲ သွက်သွက်လက်လက်နဲ့ သိချင်ဟာကို မေးလိုက်ရမှ အဝင်ကျတတ်တဲ့ ခရမ်းပြာက ပြောရင်း ထထွက်သွားသည်။

ပန် အကြည့်လွှဲကာ စာပြန်ကူးဖို့ စာအုပ်ကိုကြည့်တော့လည်း စာလုံးတွေမမြင် သူ့ပုံရိပ် လွှမ်းလာသည်။

ဟိုနေ့က ဘတ်စ်ကားမှတ်တိုင်မှာ ပန်ကို သိနှင့်သလို စကားလာပြောတာ။

ပန်နဲ့ မသိဘဲ အူကြောင်ကြောင် ပုံစံနဲ့လာရော ပုံလဲမဟုတ်။ အဲဒီနေ့က သူ့စတိုင်လ်က ဒီထက်တောင် ပိုမိုက်သေး။



www.burmeseclassic.com

www.burmeseclassic.com



အင်း မသိဘဲနဲ့ ပန့်ကို စကားလာပြောတာ နေဦး။ သူက [illegible]ကောင်း ပြောတဲ့သူလား။

" မမပန် မနေ့ကလေ မမပန်နဲ့ ဟိုလူကြီး တိုက်မိတုန်းက လွင့်သွားတဲ့ ပန်းသီးတစ်လုံးကို ကျွန်တော် လက်ဦးသွားတာ။ ပိုက်ဆံကြိုက် သလောက်ယူဆိုပြီး ပန်းသီးကို တောင်းဝယ်တာဗျ။ ကျွန်တော်လဲ ဘယ်ရမလဲ။ ထောင်တန်တစ်ရွက်ယူပြီး ပန်းသီးနှစ်လုံး ဝယ်စားပစ် လိုက်တာပေါ့ အဲဒီ အစ်ကိုက တုံးတယ်ဗျ။ အမှိုက်တောင်းထဲ ရောက်နေ တဲ့ ပန်းသီးကို ဘာဖြစ်လို့ စိတ်ဝင်စားတာလဲ မသိ " တဲ့။

ပြီးတော့လည်း ပြောသေး။

" ရုပ်ရှင်မင်းသားနဲ့မော်ဒန်ဘွိုင်းတွေထက် လှတာဗျ။ သစ်သီးဈေးမှာ ကျွန်တော် ခြေဆန့်နေတာ ကြာပြီ အဲဒီအစ်ကိုလောက် ချောတဲ့ သူမျိုးမတွေ့ဖူးဘူး။ ကျွန်တော်နဲ့လဲ စကားပြောတာ ပုံမှန်ပဲ။ ဘဝင်မြင့်တဲ့ သူဌေးသားမျိုး မဟုတ်ဘူး။ သဘောထားကြီးမယ့် ပုံပဲ ကျွန်တော် အဲဒီအစ်ကိုကို ခင်တယ်ဗျာ။ မမပန်ကော မခင်ဘူးလားတဲ့"

မဆီမဆိုင် မေးတတ်တဲ့ မောင်ကောင်း။

" အိုး ဘာလို့ ခင်ရမှာလဲ "

" မမပန်ရဲ့ ပန်းသီးကို အစ်ကိုက နှစ်ဆပေးပြီး ကျွန်တော့်ဆီက ပြန်ဝယ်သွားလို့လေ "





" ဟွန်း မဆိုင်တာ "

" ဆိုင်တာပေါ့ မမပန် ရဲ့ "

" ဘာဆိုင်တာလဲ ပန်းသီးတွေ ကျတုန်းက မြင်လျက်နဲ့ ခိုင်းကောက်ပေးဖော် မရဘဲနဲ့ "

" ကောက်ပေးချင်ပါတယ် မမ ပန်ရယ်။ ကျွန်တော်လည်း ပန်းသီးတစ်လုံးကို အားရပါးရ စားချင်တာနဲ့ အကွက်ချောင်းနေ လိုက်တာ"

" ဟွန်း "

မောင်ကောင်းမျက်နှာ နုနုလေးကို ပန် နှာခေါင်းရှုံ့ကြည့် ခဲ့သည်။ မောင်ကောင်းက အပြစ်ကင်းစွာ ရယ်ရင်း

" တစ်ခါတလေလည်း စားကွက်ချောင်းရတာပေါ့ မမပန် ရယ်၊ ဝယ်မစားနိုင်လို့ တောင်းစားရင်လည်း မမ ပန့်က ကျွေးမှာမှ မဟုတ်တာ "

" အလကားတော့ မကျွေးနိုင်ဘူးပေါ့ဟယ် "

" မကျွေးနိုင်လို့ အကြံအဖန် လုပ်လိုက်တာ။ မမပန်ကို ပန်းသီးတစ်လုံးဖိုး ကျွန်တော် ပြန်ဆပ်ပေးမယ် ရော့ "

ခါးမှာလိပ်ထားတဲ့ ငါးရာတန်အနွမ်းတစ်ရွက်ကို မောင်ကောင်း ထုတ်ပေးတော့



www.burmeseclassic.com

www.burmeseclassic.com



" အိုး ခယူဘူး ပြီးတာ ပြီးပြီပဲ "

" အဲလိုလည်း မဟုတ်ဘူးလေ ဟိုအစ်ကိုက မမကို ပန်းသီး ပြန်ပေးချင်တာ မမပန်ကို မတွေ့တော့လို့ မပေးရတာ ကျွန်တော်က ထစ်ထောင်ရလို့ ငါးရာပြန်ပေးတာ မမပန် မရှုံးတော့ဘူးလေ "

" နေပါစေတော့ မောင်ကောင်းရယ် မောင်ကောင်းပဲ စားချင်တာ ဝယ်စားတော့ "

မောင်ကောင်း လက်ထဲ ငါးရာတန် ပြန်ထည့်ပေးလိုက်သည်။ ထိုအခါ မောင်ကောင်း ဘာစိတ်ကူးပေါက်လဲ မသိ။

" မယူဘူးဆိုရင် မမပန် အခုဝယ်မယ့်သစ်သီးတွေကို ကျွန်တော် ကူသယ်ပေးမယ် မငြင်းနဲ့ "

ပန့် လက်တစ်ဖက်ကို မလွှတ်တမ်းဆွဲထားရင်း ပြောတော့ ပန် ခေါင်းညိတ်လိုက်ရသည်။ မောင်ကောင်းက ဖွတ်သမားဖြစ်ပေမယ့် စိတ်ရင်းကောင်းပြီး လိမ္မာသွက်လက်တဲ့ ကလေး ခဲ့မင်ရင်းရှိတော့လည်း လက်ခံရုံပေါ့။

" ဒါနဲ့ မမပန် အစ်ကိုက အရမ်းချောတာနော် မမပန် လမ်းမှာတွေ့ရင် ခေါ်လိုက် "

" အောင်မာ "

ပန် လက်သီးဆုပ်နဲ့ထုဟန်ပြင်တော့ မောင်ကောင်း ဖက်ပု





ထိုက်ပြီး

" တကယ်ပြောတာ မမပန် ခေါ်လို့ရအောင် အစ်ကိုကို ‹ တွေ့ရင် ကျွန်တော်ပြပေးမယ် "

" တော်ပါတော့ မောင်ကောင်းရယ် ဘယ်သူကိုမှ ကြည့်ဖို့စိတ် ဝင်စားဘူး ကိုယ်အလုပ်နဲ့ကိုယ် မအားတဲ့အထဲ "

" ဟင့်အင်း အားအား မအားအား ကျွန်တော် ပြရင်ကြည့်ရမယ် ချောချောလှလှအစ်ကိုကို ကြည့်ရတာ လာဘ်တစ်ပါးပဲလေ "

" ဟွန်း "

" ဟုတ်တယ် လာဘ်တစ်ပါးမို့လို့ အဲဒီနေ့က ပန်းသီးနှစ်လုံး စားရကိန်းကြုံဘာ ဟား ဟား ဟား၊ ဟုတ်တယ်နော် မမပန် "

မောင်ကောင်းက ကလေးအတွေးနဲ့ လာဘ်တပ်ပါးလို့ ရယ်ရယ်မောမော ပြော၏။

သူ့ကို မြင်ရတာ မောင်ကောင်းအတွက် လာဘ်တစ်ပါးဖြစ်နေပေမယ့် ထိုနေ့က ပန်တို့ လာဘ် မကောင်းဘဲ ဆုံးရှုံးရတာလေ။

အို သူနဲ့ဘာမှ မဆိုင်ဘဲနဲ့။

နောက်ပြီး မောင်ကောင်း ပြောတဲ့လူချောက သူပဲလား။ ဟုတ်မယ်ထင်ရဲ့။

ဘတ်စ်ကားမှတ်တိုင်မှာ စကားလာပြောတာ ပန်ကို သိနေသလို၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မဟုတ် သေချာအောင် မောင်ကောင်းကို ခေါ်ပြလိုက်ချင်ရဲ့၊ ခုလိုဆို မောင်ကောင်းက ဈေးထဲမှာ သူများခိုင်းသမျှ လုပ်နေမှာ။

" ဟဲ့ ပန် "

" အမလေး "

ပခုံးပုတ်ခံလိုက်ရတော့ ပန် တကယ် လန့်သွားပြီး ရင်ဘတ်ကို လက်ဖဝါးနဲ့ဖိလျက်သား ဖြစ်သွားသည်။ လန့်ရန်ကောဆိုတဲ့ မျက်ဝန်းနဲ့ ခရမ်းပြာ စိုက်ကြည့်ကာ ပန်ဘေးမှာ ဝင်ထိုင်ပြီး

" စာကူးမယ်ဆိုပြီး မကူးဘဲနဲ့ ဘာတွေ အတွေးလွန်နေလို့ လန့်ရတာလဲ ဟွန်း "

" မလွန်ပါဘူး ဟယ် စာထဲ စိတ်နစ်သွားလို့ "

" ဖြစ်ရမယ် ရုပ်ကိုက စာထဲစိတ်ဝင်စားတယ် ဆိုတာ အသိသာကြီး "

ခရမ်းပြာ ရွဲ့ပြောနေမှန်း သိ၍ ပန် မလုံမလဲ ဖြစ်ကာ စာကူးဖို့ပြင်တော့

" နေဦး "

" ဘာလဲ "

" သူ့ကို မြင်ပြီး ရင်ခုန်သွားလား "

" မဆီမဆိုင် ပြာရယ် "





" ဆီတယ်ဆိုင်တယ် ပန်ရဲ့ "

" ပြာတို့ကတော့ ပြောရမယ်ဆိုရင် ရှေ့မကြည့် နောက်မကြည့်နဲ့ ဟွန်း "

" ဘာကြည့်စရာလိုလဲ သူ့ကို မြင်တာနဲ့ တစ်တန်းလုံးက မိန်းကလေးတွေ ငေးနေတာလေ မယုံရင်ကြည့် "

ပြာ ပြောရင်း ပန် မေးဖျားကို ကိုင်ပြီးဆွဲလှည့်တော့ မကြည့်ချင်ဘဲ ကြည့်လိုက်ရ၏။ တစ်တန်းလုံးရှိ မိန်းကလေးတွေရဲ့ မျက်ဝန်းက သူ့ဆီမှာ၊ သူက စောစောတို့နောက်က ခုံလွတ်မှာ တစ်ယောက်တည်း ဝင်ထိုင်လိုက်သည်။

" ာမည်က နဝင်းတဲ့ ပန် လို့ပဲ ဒီနေ့မှ ကျောင်းစတက်တာ ခုံနံပါတ်က ပန်နဲ့ကပ်လျက်တဲ့ ဘယ်လောက် မိုက်သလဲ "

ပြာက သူ့အကြောင်း အားတက်သရော ပြောကာ ကြည့်မဝ နိုင်သလို လှည့်လှည့်ကြည့်နေသည်။

" ပြာတို့ မြန်မာစာမှာ အဲသလောက်လှတဲ့ ကျောင်းသားရှိတာ ဘယ်သူစရာသိရဲ့လား ပန်ရဲ့ ပန်သိချင် လာ ပြာ မိတ်ဆက်ပေးမယ်လေ ပြာနဲ့ နဝင်း မိတ်ဆက်ပြီးသားဟ "

" တော်ပါတော့ ပြာ ရယ် "

" မတော်နဲ့ ပြာတောင် ပန့် အကြောင်းပြောခဲ့သေးတယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဘာင် ဘာပြောတာလဲ "

" သြော် နဝင်းလိုပဲ ဒီနေ့မှ ကျောင်းစတက်တဲ့ သူငယ်ချင်းရဲ့ အသဲ နာမည်က ကြယ်ပွင့်ပန် ပေါ့လို့ "

" အိုး ဘာလို့ ပြောရတာလဲပြာရယ် ပြာနဲ့တော့ခက်တယ်"

" မခက်ပေါင် "

မျက်နှာလေးမော့ကာ ပေါ့ပေါ့ပါးပါးဆိုလိုက်တဲ့ ပြာကို ပန် ထိတ်ထိတ်ပျာပျာ ငဲ့ကြည့်ရင်း

" ဘာဖြစ်လို့ မခက်ရမှာလဲ မိန်းကလေးတန်မဲ့ သူများအထင် သေးစရာဖြစ်နေလိမ့်မယ် "

" အံ့မယ် ရှင်သာ အဲလို တွေးနေတာ နဝင်းက မတွေးပေါင်"

" ပြာ အတတ်ပြောနိုင်လို့လား "

" ပြောနိုင်တာပေါ့ ကျောင်းစတက်တဲ့ နေ့ချင်းလဲတူ ခုံနံပါတ် ချင်းလဲကပ်လျက် ဖြစ်နေတော့ နဝင်းတောင် ပန်ကို စိတ်ဝင်စားသွား သေးတယ် "

" အို "

ပန် ရင်မှာ မလုံမလဲ ရှက်စိတ်ဖိုသွား၏။

" ဟုတ်တယ် မယုံကြည့် "

" မကြည့်ဘူး "





" မကြည့်ဘဲ မနေနဲ့ နဝင်းက ပန်ကို လှမ်းကြည့်နေတာ "

" ဟင် "

ပန် ရင်အုံလေး နွေးခနဲ ဖြစ်သွား၏။

" ကြည့်လိုက်ပါတော့ "

ပြာ အတင်းကြည့်ခိုင်းတော့ ပန် မယုံသလို လှည့်အကြည့် ချက်ခနဲ အကြည့်ချင်းဆုံသွားတဲ့ သူ့မျက်ဝန်းကြောင့်

ပန့်ရင်ခုန်သံ ဆောင့်ထွက်လာကာ ရှက်စိတ်ထူပိန်းလျက် ပန် မှာ အကြည့်လွှဲမိ၏။

" တွေ့တယ် မဟုတ်လား ပန့်ကို နဝင်း ကြည့်နေလို့ အတန်း ထဲက မိန်းကလေးတွေ ပွစိထိုးနေတာ "

ပြာ စကားလုံးနောက်မှာ ဘောပင်ကိုင်ထားတဲ့ ပန်လက်ချောင်း လေးတွေ တုန်ရီလျက်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဝတ်တဲ့ဖက်ရှင်နဲ့ လိုက်ဖက်ညီအောင် ကာလာချယ်တတ် ဝင့် မျက်နှာဝိုင်းလေးထက် သနပ်ခါးပါးပါးလေး လိမ်းထားတဲ့ မျက်နှာပြည့်ပြည့်လေးက ပိုပြီး ဆွဲဆောင်မှုရှိသလို အကြည့်ချ ဖျတ်ခနဲအဆုံးမှာ သူ့ရင်ကို ခုန်စေသည်။

အပေါ်စားဝတ်စုံလေးတွေက နွမ်းနေပေမယ့် ပန်းအလှ မှေးမှိန်မသွား။ ကျောလယ်ခန့်ရှိ ဖြောင့်စင်းမထားတဲ့ နက်ဆံပင်က လှိုင်းရိပ်ရေးရေးလေးထင်ကာ ခေါင်းစည်းသီးမွှေးကွင်းနဲ့ ရိုးရိုးလေး စည်းထားသည့် ပန်းပုံစံလေးက ဖြူဖြူစင်စင် လှနေသည်။

သူ့ကို ဂရုတစိုက် အရိပ်တကြည့်ကြည့်နဲ့နေတဲ့ အတန်းသူ အတန်းသားတွေကြားမှာ ပန်မပါ။ ပန် သူငယ်ချင်း ခရမ်းပြာက ပြောလို့ သူအမှတ်မထင် ကြည့်လိုက်ရာ ကြယ်ပွင့်ပန်ကို တွေ့လိုက်သည်။

သူ့ရင်ခုန်သက်ပြင်းချရင်း မသိမသာ ငေးကြည့်တာ အကြိမ်





ကြည်ဖြစ်ပေမယ့် ရှားရှားပါးပါး တစ်ကြိမ်သာ အကြည့်ချင်း ဆုံခွင့် ရခိုက်သည်။

တစ်ကြိမ်တည်းနဲ့ပင် သူ့ရင်ကို ခုန်စေတာ ဘာဖြစ်လို့လဲ ပန် ရယ် ပန် ဆိုသွားပြီး စကားပြောချင်ပေမယ့် အခွင့်မသာ။ အတန်းဖော် တွေ သူ့ကို မလွှတ်တမ်း အကဲခတ်နေချိန်မှာ သူ လှုပ်ရှားဖို့မလွယ် ဘတင်းက ဟုန်းခနဲ ပြန့်သွားမှာလေ။ ပန်နဲ့ သူ့ အဖြစ်ကို ဘယ်သူမှ ရိပ်မိစေချင်ဘူး။ ဒါကြောင့် သည်းခံမျိုသိပ်ရင်း အခြေအနေကို စောင့်ကြည့်နေရသည်။ အတန်းချိန်ပြီးတာနဲ့ ပန်နဲ့ ခရမ်းပြာ ထွက်သွား တာကို သူ မျက်ခြေမပြတ် ကြည့်မိသည်။

ထို့နောက် ပန် တစ်ယောက်တည်း ကျောင်းဝင်းအပြင်ဘက် ထွက်သွားသည်။ ခရမ်းပြာက အပင်ရိပ်အောက်ရပ်ကာ တစ်စုံတစ်ဦးကို စောင့်နေဟန်တူသည်။ သူ့အတွေးဖျတ်ခနဲ ဝင်လာသည်နှင့် ခရမ်းပြာဆီ သွားပြီး

" ခရမ်းပြာ "

သူ ဦးစွာနှုတ်ဆက်လိုက်တော့ ခရမ်းပြာဆိုတဲ့ မိန်းမချောလေး မျက်နှာခပ်မြူးမြူးလေး ဖြစ်သွားသည်။

" ဟယ် နဝင်း ပြာ ကို အရင်ခေါ်တယ် "

" ပြာ မိတ်ဆက်ပြီး ခင်သလို ကျွန်တော်လည်း ပြာကို



www.burmeseclassic.com

www.burmeseclassic.com



ခင်ညို့ရှု "

" တကယ် "

" တကယ်ပါ ပြာရယ် "

" အိုး ပြာ ဝမ်းသာလိုက်တာ "

ဟန်ဆောင်ခြင်းကင်းမဲ့တဲ့ ခရမ်းပြာရဲ့ ဖြူစင်မှုကို နဝင်း နားလည်စွာ ပြုံးလိုက်မိသည်။

" ပြာ စိတ်ထင် နဝင်းက အရှိန်ဝါရှိတဲ့အတိုင်း ဘဝင်မြင့် နေတယ် ထင်တာလေ "

" ကျွန်တော်က မာနမကြီးတတ်ပါဘူး ဗျာ "

ခရမ်းပြာရင်မှာ နဝင်းရဲ့ ဖြူစင်တဲ့စိတ်ရင်းကို လေးစားသွား နဝင်းလို အဆင့်တန်းစားတွေက ဘဝင်ကောင်းကင်ပေါ် ရောက်နေတတ် တာလေ။

" ပြာ တစ်ယောက်တည်းလား "

" အင်း သူငယ်ချင်းတစ်ယောက်ကို စောင့်ရဦးမှာမို့ "

" ဒါနဲ့ ကြယ်ပွင့်ပန်းက "

မေးလိုက်တော့ ခရမ်းပြာ မျက်လုံးအစုံ မသိမသာ ပြူးကျယ် လာသည်။

" နဝင်းက ပန်းကို သိလို့လား "





" ဆိုပါတော့ "

" ဟင် "

အံ့ဩဟန်နှင့် မယုံသလို ဖြစ်သွားတဲ့ ပြာ အမူအယာလေးကို ကြည့်ရင်း ပြောပြလိုက်တော့

" တကယ် "

" ကျွန်တော်က တစ်ဖက်သတ် သိတာပါ ပန် မသိပါဘူး "

" ဩော် ရေစက်ပါလားနော် "

ခရမ်းပြာ သဘောကျသလို ရွတ်လိုက်သည်။ သူ့ ကုံကော်ပင်မှာ ရပ်လိုက်တော့ ခရမ်းပြာ ခုံတန်းမှာ ဝင်ထိုင်ပြီး

" ဘာပဲဖြစ်ဖြစ် ခုလို မေ့ကျာတူပြီး ပြန်ဆုံရတာ ဝမ်းသာစရာပဲ နဝင်းရဲ့ "

" ဟုတ်တယ် ပြာ ကျွန်တော့် စိတ်မှာ ပန်းကို ခင်နေတယ် "

" ခင်ရုံပဲလား "

ခရမ်းပြာရဲ့ ရှုးစမ်းတဲ့မေးခွန်းက သူ့ နှုတ်ခမ်းလွှာပေါ် ရင်ခုန် သံဖြတ်သွားစေသည်။

" ပြောလေ နဝင်း "

" ပြာကလည်း ဗျာ "

ရှက်ရိပ်လေးနဲ့ မျက်နှာလွှဲလိုက်တဲ့ နဝင်းကို ပြာ သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



သလိုကြည့်ရင်း

" ရှက်မနေပါနဲ့ ရင်ခုန်လို့ပဲ ဖြစ်ဖြစ်ပေါ့ နဝင်း ရယ် "

" ရှူး တိုးတိုး ပြောပါ ပြာရယ် ကျွန်တော် ဘယ်သူ့ကိုမှ မသိစေချင်ဘူး "

" ဘာဖြစ်လို့ "

" ပတ်ဝန်းကျင် ဂယက်ရိုက်လာရင် "

" အင်းပေါ့လေ နဝင်းက ရေပန်းစားမယ့်ကျောင်းသား ပန်က ဘယ်သူမှ သတိမထားမိတဲ့ အညာတြ မိန်းကလေးဆိုတော့ "

" တစ်မျိုးမထင်ပါနဲ့ ကျွန်တော် ပြောတာကို ခရမ်းပြာ နားလည်မယ် ထင်ပါတယ် "

" ပြာ နားလည်ပါတယ် နဝင်းရယ် "

" နားလည်တယ်ဆိုရင် ကျွန်တော့်ကို ကူညီပါလား "

" ဟွန်း အောင်သွယ်နိုင်းတာလား "

" မဟုတ်ပါဘူး "

" ဘယ်လိုကြီးလဲ "

" ကျွန်တော် ပန်နဲ့ စကားပြောခွင့်ရချင်တယ် "

ကျိုကျိုတက်ချမ်းသာပြီး လူတကာ ငေးလောက်အောင် ဆွဲဆောင်မှုရှိတဲ့ နဝင်းက နွမ်းပါးရှာတဲ့ ပန်နဲ့ အရေးတယူစကား ပြောချင်





သတဲ့။

" ပြောချင်ရင် ပန် ရှိတုန်းက လာပြောပေါ့ "

" ဟိုလေ အတန်းထဲမှာဆိုရင် အတန်းဖော်တွေ "

" အင်း သဘောပေါက်ပြီ ပန်က ဈေးဝယ်စရာရှိလို့ သွားပြီလေ "

သူ့ရင်မှာ ဟာသလို ဖြစ်သွားတာကို ခရမ်းပြာ နားလည်ဟန်နဲ့ ကြည့်ပြီး

" အခုပြောချင်ရင် ပန် နောက်လိုက်သွားလေ ခုလောက်ဆို နဲ့ ကားမှတ်တိုင်လောက်ပဲ ရောက်ဦးမှာ "

" ဟို ပန်က ကျွန်တော့်ကို စိမ်းနေတာဗျ "

" နဝင်း အချိန်ပေးနိုင်မလား "

" ရတယ်လေ "

" ပန်က နည်းနည်း ခေါင်းမာတတ်တယ် နဝင်းရဲ့ အချိန်စောင့်တော့ ပိုကောင်းတာပေါ့ ပန် နဝင်းကို မစိမ်းအောင် ပြာ ဉာဏ်ထုတ် ပိုက်မယ်လေ "

" အင်း ကောင်းတယ် ခရမ်းပြာ ပန် ကျွန်တော့်ကို စိမ်းမနေအောင် ပြီးတော့ ကျွန်တော့်ကို ခင်လာအောင် ပြာ ကြိုးစားပေးပါဗျာ ပြာ ကျေးဇူးကို မမေ့ပါဘူး "



www.burmeseclassic.com

www.burmeseclassic.com



[illegible] လေးနဲ့ အားတက်သရောပြောတဲ့ နှင်း[illegible]
[illegible]ည်။ ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ထည့်[illegible]
[illegible]တဲ့ နှင်းက ငေးမဝစရာ လှလွန်းသလို စကားပြောတော့[illegible]
တန်ပန်အမူယာ မ[illegible]တဲ့နဲ့ ဆွဲဆောင်မှုရှိနေတာက နှင်းရဲ့ ထူးခြား[illegible]
ဟန်ထင်ရဲ့၊ ပြာ နှင်းကို စိုက်ကြည့်ပြီး

" ပြာကို ဘာနဲ့ ကျေးဇူးဆပ်မလဲ ကြိုပြောထားဦး "

" ပြာ လိုချင်တာ ပြောလေ "

" တကယ်လား "

" မညာပါဘူး ဗျာ "

" အဲဒါဆို နှင်း ရင်ထဲက အချစ်တွေပေး "

" ဟာ "

အံ့သြတကြီးနဲ့ နှင်း မျက်နှာက ဟန်မဆောင်နိုင်ဘဲ ပျက်ယွင်းသွားပြီး

" ရင်ဘတ်က လွဲရင် ဘာမဆို တောင်းဗျာ "

" သိသွားပြီနော် မတောင်းတော့ဘူး "

" သိရင်လည်း ပြီးရောဗျာ အချစ်တွေ ဘာတွေတော့ မတောင်းပါနဲ့ "

" ဘာလဲ မပေးနိုင်ဘူးပေါ့ "





" လိုချင်ရင် ကျွန်တော့်သူငယ်ချင်း ကျော်သက်နဲ့ မိတ်ဆက်ပေး[illegible] ကျော်သက်က အချစ်တောင်းတတ်တဲ့ မိန်းကလေးနဲ့ ဆုံပါစေလို့ [illegible]တောင်းတတ်တဲ့ ကောင်လေ "

" ဟွန်း "

ခရမ်းပြာ နှာခေါင်းရှုံ့လိုက်ပေမယ့် သဘောကျရယ်မိတာ [illegible]

" တော်တော်ရယ်စရာ ပြောတတ်တယ်ပေါ့လေ "

" တကယ်ပြောတာ "

ခရမ်းပြာ ရှက်ရှက်နှင့်

" တော်ပြီ ပြာဘက် ပတ်မလာနဲ့ ပန်နဲ့ မဖန်တီးပေးပဲ[illegible]နေလိုက်မယ် "

" အဲလိုတော့ မလုပ်ပါနဲ့ ပြာရယ် "

" မလုပ်စေချင်ရင် ပြာက ရယ်စရာ ပြောတာကို အဟုတ်ထင်[illegible] ရှင့်သူငယ်ချင်း ကျော်သက်နဲ့တော့ မိတ်ဆက်မပေးပါနဲ့နော် "

" ပြာ သဘောပါဗျာ "

" ဒါပဲ မဟုတ်လား "

" အင်း "

" ကောင်းပြီလေ ပြာ အသေအချာ စီစဉ်လိုက်မယ် ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မျက်ရိပ်ပြမယ် နဝင်းဘာသာ လှုပ်ရှားပေတော့ ''

နဝင်း ရင်မှာအတိုင်းမသိ မြူးကြွလာသည်။

'' ကဲ သွားတော့လေ ''

'' ပြာက ''

'' သူငယ်ချင်းကို စောင့်နေတာလေ ''

'' အဲဒါဆို ကျွန်တော်သွားမယ် ''

'' အင်း ''

မြူးကြွကြွလေး ထွက်သွားတဲ့ နဝင်း ပုံရိပ်လေးကို ငေးကြည့်ရင်း ပန်အတွက် အလိုလို ကြည်နူးနေမိသည်။

'' ပန် ရယ် ''

ပန် ဘဝကို စိတ်ဝင်တစားဖြစ်မယ့် ယောကျ်ားလေးရှိပြီမလားလို့ ခရမ်းပြာ စိုးရိမ်ခဲ့မိတာ ဟော စိတ်ဝင်စားလာတဲ့ ယောကျ်ားက ရုပ်ချောဥစ္စာပေါ့ ဒိတ်ဒိတ်ကြဲထဲကလေ။

ပန် ငြင်းမရအောင် ပြာ အိုင်ဒီယာနဲ့ ဝိပိရိရိ လျော်ဦးမှ။

✿ ✿ ✿ ✿ ✿



## အခန်း (၉)

'' ပန် ''

နှစ်ချိန်ဆက် အတန်းချိန်ပြီးသည်နှင့် ပန် စာအုပ်တွေ လွယ်အိတ်ထဲ ထည့်သိမ်းစဉ် နားနားကပ်ပြီး ခရမ်းပြာ ခေါ်လိုက်သည်။

'' ပြောလေ ပြာ ''

'' ပြာ ခေါင်းနည်းနည်းမူးလာလို့ ''

'' ဟင် ''

ရှုံ့မဲ့မဲ့လေးဖြစ်နေရှာတဲ့ ခရမ်းပြာ မျက်နှာကို ငုံ့ကြည့်ရင်း

'' ဘယ်လိုဖြစ်တာလဲ ပြာရယ် ကိုယ်ကော ပူသေးလား ''

ပြာ နဖူးပေါ်လက်စမ်းကာ စိုးရိမ်ရှာတဲ့ ပန်ကို ပြာ ကရုဏာဖြစ်မိသည်။ ပန်က ရိုးစင်းလိုက်တာ။ ခရမ်းပြာကလည်း ပန် ယုံအောင် မျက်နှာလေးနွမ်းဟန် ပြောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



" ကိုယ်လည်း မပူဘူး ပြာရယ် "

" အင်း အတန်းနှစ်ချိန်ဆက်သွားလို့ပင်တယ် ခေါင်းထဲငြီးစီစီနဲ့ မူးနောက်သလိုလို ပြီးတော့မွန်းကြပ် သလိုလိုနဲ့ "

" အဲဒါဆို နောက်တစ်ချိန်တက်လို့ ဖြစ်ပါ့မလား "

" အင်း အဲဒါပေါ့ ဟိုသေ တစ်နေရာသွားပြီး လေကောင်းလေသန့်ရှူလိုက်ရင် ကောင်းသွားမယ် ပန်ရဲ့ အခန်းထဲလှောင်နေတော့ အသက်ရှူမဝသလို ဖြစ်တာလေ "

" အဲဒါဆို အပြင်ထွက်လိုက်လေ "

" ပန် အဖော်လိုက်ခဲ့ "

" အင်းလေ လိုက်ပေးရမှာပေါ့ "

ပန် ခမျာရိုးသားလွန်းသည်။ ပန် လွယ်အိတ်လွယ်ရင်း ထရပ်တော့ ပြာက နောက်လှည့်ကာ မျက်စပစ်ပြီးသား

ပြာ မျက်စပစ်တာကို နဝင်း သဘောပေါက်လိုက်ပြီ ဒါ အခွင့်အရေးပဲ။ ပြာနဲ့ပန် စာသင်ခန်းထဲက ထွက်သွားတော့ သူ ခြေလှမ်းက ပန် မရိပ်မိအောင် မယောင်မလည် လိုက်ပြီးသား ပြာနဲ့ ပန်တို့က ကျောင်းသူကျောင်းသားတွေ ရှင်းတဲ့ အင်းလျားကန်ဘောင်စပ် မရမ်းပင်အောက်ခုံတန်းမှာ ဝင်ထိုင်ကြသည်။ ပြာက အင်းလျားကန်လေနုအေးကို ဟန်ပါပါ ရှိုက်ရှူရင်း





" အင်း ခုမှပဲ ခေါင်းထဲ ကြည်လင်လာတယ် "

" ခေါင်းမူးတတ်တဲ့ အကျင့်ရှိရင် ဆေးလေးဘာလေး ဆောင်ထားမှပေါ့ ပြာရယ် "

" ရပါတယ် ခုတော့ လန်းသွားပြီးလေ ပိုပြီးလန်းသွားအောင် ပြာ ဟိုဘက် လမ်းလျှောက်လိုက်မယ် "

ပြာ လမ်းလျှောက်မယ်ဆိုတော့ ပန်ထရပ်သည်။

" နေ နေ ပန် နေခဲ့ ပြာ တစ်ယောက်တည်း လျှောက်လိုက်မယ် "

" ဖြစ်ပါ့မလား ပြာရယ် တော်ကြာ မူးပြီး လဲကျတာတို့ ဘာတို့ဆိုရင် "

" ရပါတယ် ပန်ရယ် ပန် ထင်သလောက် ဆိုးဆိုးဝါးဝါး မဖြစ်ပါဘူး လမ်းလေးတစ်ပတ် လျှောက်လိုက်ရင် အာရုံလန်းပြီး ခေါင်းကြည်လာမှာ ပန် စာကျက်နေလေ စိတ်မပူနဲ့ "

သားရေလွယ်အိတ်အနက်ကို ပခုံးမှာလွယ်ရင်း တတွတ်တွတ်ပြောကာ တစ်ယောက်တည်း ထွက်သွားတဲ့ ပြာကို ပန် အတန်ကြာငေးကြည့်မိသည်။ ပြာ အတော်လှမ်းသွားမှ စိုးရိမ်စိတ်ကလေးနှင့် မသိမသာ သက်မချသည် ပြီးမှ ခုံတန်းမှာ ကျောမှီထိုင်ကာ ပေါင်ပေါ်တင်ထားတဲ့ လွယ်အိတ်ထဲက မေဂျာစာအုပ်တစ်အုပ် ဆွဲထုတ်ရင်း ဖတ်နေ



www.burmeseclassic.com

www.burmeseclassic.com



[illegible]

[illegible] ပန် အာရုံထဲ မွှေးရနံ့သင်းသင်း တိုးဝင်လာသည်။ [illegible]ကို ပန် ရှူရှိုက်ဖူးသလို ဟုတ်တယ် စိတ်လန်းရွှင်စေတဲ့ [illegible]ပျော်ဝင်တဲ့ ထိုရနံ့ကို ဘတ်စ်ကားမှတ်တိုင်မှာ ပန် ဘေးလာရပ်စဉ်က သူ့ထံမှ ထိုရနံ့လေး လွင့်လာလို့ ပန် တစ်ရှိုက်ရှူမိခဲ့တာ မှတ်မိသေးတယ်။

ခုတစ်ခါ။

မဟုတ်မှလွဲရော့။

ဒီရနံ့လေးက သူ့ထံကလား။

စူးစမ်းမိတဲ့ စိတ်က ရနံ့ ပျံ့ဝင်လာတဲ့ လေညာရပ်ဆီကြည့်မိတော့။

" ဟင် "

ပန်ဆီ လှမ်းလာနေတဲ့ သူ။

ပန် မလုံမလဲ ဖြစ်ကာ ပြာကို လှမ်းခေါ်ဖို့ လှည့်ကြည့်တော့ ပြာ ပုံရိပ်ကို မမြင် ပြာ နောက်လိုက်သွားဖို့ စိတ်ကူးမိရုံရှိသေး သူက ပန် ရှေ့ရောက်နှင့်ကာ

" ကျွန်တော့်ကို မှတ်မိတယ် မဟုတ်လား ပန် "

ပန် မျက်လွှာချလိုက်ပြီး ရှောင်ထွက်ချင်စိတ် ဖြစ်ပေမယ့်





အခွင့်မသာ သူက ရှေ့က ပိတ်နေသလို နောက်မှာက ခုံတန်းခံလျက်။

" ပြောလေ ပန်ရယ် မှတ်မိတယ်နော် "

" ဟင့်အင်း "

ပန် မျက်နှာလွှဲရင်း ခပ်တိုးတိုးညာလိုက်တော့ သူပြုံး၏။ ထိုအပြုံးက ချစ်စရာ ဘာဖြစ်လို့ ဒီအပြုံးမျိုးလာပြုံးနေတာလဲ နော်။

" ပန် ညာပေမယ့် ပန် မျက်ဝန်းက ဝန်ခံသလိုပဲ "

ကြည့်။ ဘယ်လောက် အလိုက်မသိသလဲဆိုတာ

" ဟုတ်တယ်လေ ပန် မမှတ်မိရင်လည်း ကျွန်တော် ပြန်ပြောပြမယ် လွန်ခဲ့တဲ့ သုံးပတ်လောက်က "

" တော်ပါတော့ "

" ဒါဆို ပန် မှတ်မိပြီပေါ့ "

" ဘယ်သူက မှတ်မိတယ် ပြောလို့လဲ "

" မမှတ်မိရင်လည်း ရတယ်ဗျာ ပန်ကို ပန်းသီးတစ်လုံး အကြွေးဆပ်ပါရစေ "

သူကျောပိုးအိတ်ထဲက ပန်းသီးတစ်လုံး ထုတ်လိုက်ပြီး

" ယူလေ ပန် အဲဒီနေ့ကတည်းက ကျွန်တော်ပြန်ပေးချင်တာ ပန်ကို မတွေ့တော့လို့ "

စိတ်ညစ်ပါတယ်နော် တော်သေးတယ်၊ ပန်နဲ့ သူ့ကို ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မနေလို့ပေါ့။ အဲဒီတုန်းက သူ သေချာကြည့်
ပန် ဘာလို့ မရိပ်မိရတာလဲနော်။

" ယူပါ ပန်ရဲ့ "

သူ ထပ်ပြောတော့ ပန် မော့ကြည့်မိသည်။ သူ့ မျက်ဝန်း အဆင့်အတန်းခွဲခြားမှု မရှိတဲ့ ပကတိရိုးစင်တဲ့ မျက်ဝန်း။

" ရပါတယ် ပြန်မပေးပါနဲ့တော့ "

" ပန်းသီးက ဈေးကြီးတယ်လေ ပန် အရှုံးပေါ်သွားတယ် မဟုတ်လား "

လျောင်ရိပ်မပါတဲ့ ရင်းနှီးစဖွယ် ပြောသံလေးက ပန် စိတ်ကို လှုပ်ရှားသွားစေသည်။

" ကားမှတ်တိုင်မှာ မထင်မှတ်တဲ့ တွေ့လိုက်တုန်းက ကျွန်တော် အရမ်းဝမ်းသာသွားတာ ပန်က မမိုက်မိတော့ ကျွန်တော် အတော် ကြောင်သွားတာ နောက်မှ ကျွန်တော် ပြန်စဉ်းစားမိတယ် ပန်က ကျွန်တော့မှ မမြင်ဖူးတာ ပြန်တွေးကြည့်တော့ ရယ်စရာကြီး "

ပြုံးရွှင်ရွှင်လေး ပြောနေတဲ့ သူ့အသွင်က ပေါ့ပါးလန်းဆန်းကာ ပန် ရင်မှာ သူ့အတွက် စိတ်မကောင်းသလို ဖြစ်လာသည်။

" ပန်မှ မသိဘဲလေ "

" ဟုတ်တယ် ပန်ရဲ့ ကျွန်တော့စိတ်က စောနေတာ ခုလို





တွေ့ ဖြစ်လိမ့်မယ်လို့ ပိုပြီး ထင်မထားဘူး တကယ်ပါ ပန် "

ပန် မသိမသာ သက်မချရင်း

" မေဂျာတူဖြစ်တော့ကော ဘာထူးမှာမို့လို့လဲ "

" ထူးတာပေါ့ ပန်ကို ပန်းသီး အကြွေးဆပ်ခွင့်ရတယ်လေ ယူပါ ပန်ရဲ့ "

" ရပါတယ် သူပဲ ယူလိုက်ပါ "

" ဘာဖြစ်လို့ "

" သူ ယူချင်လို့ယူထားပြီးပဲ "

" ယူချင်လို့တော့ မဟုတ်ဘူး ဒါပေမဲ့ ကျွန်တော့ရင်ထဲ ဆောင့်တတယ် ပန်နဲ့ ပြန်ဆုံချင်တယ် ပန်းသီး ပြန်ပေးချင်တယ် ဒါကြောင့် ပန် တစ်ယောက်တည်းရှိနေလို့ လာခဲ့တာ "

" ဟွန်း ပန် တစ်ယောက်ထဲမဟုတ်ဘူး ခရမ်းပြာပါတယ် ဟာ လမ်းလျှောက်ထွက်သွားလို့ "

ပန် ရှင်းပြလိုက်တော့ ပန် ထိုင်နေတဲ့ ခုံတစ်ဖက်စွန်းမှာ ဝင်ထိုင်ပြီး သူ ဟက်ကနဲရယ်သည်။

" ဘာရယ်တာလဲလို့ "

" ပန်က သိပ်ရိုးတာပဲနော် "

" ပန် ရိုးတာနဲ့ ရယ်တာ တစ်ခြားစီပဲ "



www.burmeseclassic.com

www.burmeseclassic.com



– အဲဒါကြောင့် ရယ်ချင်တာ ပန်က ဘာမှ မသိဘူး ”

– ဘာကို သိရမှာလဲလို့ ”

“ ပြာ အစီစဉ်လေ ”

“ ဟင် ”

ပန် မျက်ခုံးလေး တအံ့တသြ ပင့်တက်သွားတော့ ပ

မျက်နှာကို သူ စိုက်ကြည့်ကာ

“ ပန် နဲ့ ကျွန်တော် ခုလို စကားပြောခွင့်ရအောင် ပြာ ဖ

တီးပေးတာ ”

“ ဟင် ”

“ ဟုတ်တယ် ပန်ရဲ့ ”

ပန် မျက်နှာပေါ် ရှက်ရိပ်လေးဖြတ်ပြေးကာ ထူပူသွားသည်

ပြာက ဟာ။

“ ဒါဆို ပြာ ခေါင်းမူးတာ မဟုတ်ဘူးပေါ့ ”

“ ဟင့်အင်း ”

“ ကျစ် နေနှင့်ဦး ခရမ်းပြာ ”

ပန် ရှက်ဒေါသလေးနဲ့ ထထွက်ဟန်ပြင်တော့ ပန် လက်ဖဝါး

လေးကို သူ ဖျတ်ခနဲ ဆုပ်ကိုင်လာသည်။

“ အို ”





ရင်ခုန်သလို လန့်သလိုနဲ့ ပန် ရပ်ကာ သူ့ကို မော့ကြည့်

ည်။

“ လွှတ်လေ ဘာလို့ ကိုင်ထားရတာလဲ လွှတ်ပါ ”

ပန် နှုတ်က ဒရောသောပါး ပြောလိုက်မိသည်။ သူ ရယ်လျက်

ပန် လက်ပေါ် ပန်းသီးလေးထည့်ပေးပြီး ခုံမှာ ပြန်ထိုင်စေ

ည်။ ဘာကြောင့်မှန်းမသိ သူ ပြုသလို ပန် ရင်ခုန်တိတ်ဆိတ်လျက်သား

သွားသည်။

“ ပန် ရယ် ပြာကို ဒေါသ ဖြစ်မနေပါနဲ့ ခရမ်းပြာဆီမှာ

ကူညီတောင်းမိလို့ ပြာ ကူညီတာပါ ”

လက်ဖဝါးပေါ်မှ ပန်းသီးကို ပန် ဆုပ်ကိုင်မိအောင် ပန်

က်ချောင်းလေးတွေကို လှဲချပေးတဲ့ သူ လက်ချောင်းလေးက နူးဖတ်

သည်။ သူ့ကိုယ်သင်းရနံ့က ပိုမွှေးလာ၍ ပန် ကိုယ်လုံးလေး မသိမသာ

လိုက်သည်။ ဟုတ်တယ်လေ။

ပန် တို့က သူ့လို ရေမွှေးအကောင်းစား သုံးနိုင်တာမှ မဟုတ်

ာ။ ချွေးနံ့တွေရှိနေတဲ့ ပန် ကိုယ်ရနံ့ သူ့ကို ရှူရှိုက်ခွင့်မပေးချင်။

“ ခုလို စကားပြောခွင့်ပေးတဲ့အတွက် ပန်ကို ကျေးဇူးတင်

ါတယ် ပန် စိတ်ဆိုးသေးလား ”

ပန် ဘာပြန်ပြောရမှန်းမသိတော့။ လက်ချောင်းလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



[illegible] တဲ့ သူ့ကို ပန် ဘယ်လိုအဖြေပေးရမှာလဲ။ ပန် ဆုပ်ကိုင်

[illegible] ရဲရဲလေးကို စိုက်ကြည့်ကာ ငြိမ်သက်နေမိသည်။

" ပြောလေ ပန် "

" ဟင့်အင်း "

" အဲဒါဆို ပြာကို ခင်သလို ကျွန်တော့ကို ခင်ပါနော် "

ဘာကြောင့်မှန်းမသိ ပန် ခေါင်းညိတ်ဒိတော့ ပန်း

ဆုပ်ကိုင်ထားတဲ့ ပန့်လက်ကို သူ အားရပါးရဆုပ်ကိုင်ကာ

" ဝမ်းသာလိုက်တာ ပန်ရယ် " လို့

သူ လှိုက်လှိုက်လှဲလှဲ ပြောလိုက်တော့ ပန့်ရင်တွေခုန်ကာ ခြေ

လက်ဖျားတွေ အေးစက်သွားတော့သည်။

✿ ✿ ✿ ✿ ✿



## အခန်း (၁၀)

" သွား ပြာ မကောင်းဘူး "

အနားမှာ ထိုင်ချလိုက်တဲ့ ခရမ်းပြာ ကျောပြင်ကို ပန် ရုက်

နဲ့ ထုလိုက်မိသည်။ ပြာ သဘောကျရယ်ရင်း

" ဘာမကောင်းတာလဲ ပြောဦးလေ "

" ဘာ ပြောရမလဲ "

" ပြာ မကောင်းဘူးဆို "

" ဟွန်း ခုမှ မသိချင်ဟန်ဆောင်မနေနဲ့ "

ပန် လက်သီး ဆုပ်လေးကို ပြာ ချစ်စဖွယ် ဆုပ်ကိုင်လိုက်ပြီး

" ပန်ကို ပျော်စေချင်လို့ပါဟယ် "

" ဘာပျော်စေချင်တာလဲလို့ သူက ဘာထင်မလဲ "

" ပန်ရယ် သိပ်တုံးတာပဲ သိလား "

" ဟွန်း ဖယ် "



www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်ကို ဆွဲယူရင်း ပန် ကျောခိုင်း ထိုင်ပစ်လိုက်သည်

" သူငယ်ချင်းကလည်းလေ နဝင်းက ဒီလောက်ခင်ဖို့ ကော

တာ "

" မခင်ချင်ပါဘူး "

" မခင်ချင်ရင်လဲ ခင်လိုက်ရပြီး မဟုတ်လား ဟင့် ဟင့်

ပန် ငုံကြည့်ကာ မျက်စောင်းထိုးလိုက်၏။

ပြာ သဘောတကျရယ်ရင်း

" ပြာက အချိတ်အဆက် လုပ်ပေးတယ် ဟိုက ခပ်ရဲ

လာရောပြီးတော့ "

" အမလေး နဝင်းက ရဲသတဲ့ ".

" ဟုတ်တယ်လေ ပြာ ထွက်သွားတာနဲ့ သူ ရောက်လာတာ

ခပ်ရဲရဲ နိုင်လို့ပေါ့ "

" ဟွန်း ဒါ ရဲတာမှမဟုတ်တာ နေပါဦး ခပ်ရဲရဲလို့ ပြော

အောင် နဝင်းက ပန်ကို အတင်းအကျပ် ဖက်နမ်းတာတို့ ဘာတို့လု

လို့လား "

" ဟင် အစုတ်ပလုတ် ခရမ်းပြာ ပြောဦး "

ပန့်ရင်မှာ ရှက်လှိုင်းလေး သိမ့်သိမ့်တုန်ကာ ပြာ ပခုံးစွန်း

ထုမိပြန်သည်။ ခရမ်းပြာဆိုတဲ့ မိန်းကလေးက ပေါ့ပေါ့ပါးပါး ရယ်ရမယ်





ဆိုရင် ထိပ်ဆုံးက ကြည့်ပါလား အရယ်မရပ်ဘဲ ပြောပုံက

" သိဘူးလေ ပန်က ခပ်ရဲရဲ ပြောတာကိုး "

" တော်ပြီ နောက်တစ်ခါ မခင်တော့ဘူး "

" ဘယ်သူ့ကို လဲ "

" နှစ်ယောက်လုံးကိုပေါ့ "

အတိုင်းမသိ ရှက်နေတဲ့ ပန့်ကို ပြာ စာနာမိပါသည်။ မျက်စောင်း

လေးထိုးကာ နှုတ်ခမ်းလေးဆူ ကျောခိုင်းထိုင်လိုက်တဲ့ ပန် ပခုံးကို

မွေ့ဖက်ကာ အရယ်ရပ်လိုက်သည်။

" ပန့်စိတ်ထဲမှာ ပျော်သွားတယ် မဟုတ်လား "

" အို ဘာလို့ပျော်ရမှာလဲ "

" နဝင်း နဲ့ စကားပြောလိုက်လို့လေ "

ပန့်မျက်စောင်းက မလုံမလဲ ထိုးမိ၏။

" ပြာကို ညာလို့ မရဘူး ပန်ရယ် "

" ပြာ နော် "

" ပြာ နော် လုပ်မနေနဲ့ ပန်ဆီမှာ ဘဝအမောတွေက များလွန်း

တယ်လေ။ နဝင်းကြောင့် ဖြစ်လာတဲ့ ခံစားမှုအသစ်က ပန်ရင်ထဲက

ဘဝအမောကို အချိန်အကန့်သတ်တစ်ခုအထိ ပြေပျောက်စေ တယ်

မဟုတ်လား မညာနဲ့နော် "



www.burmeseclassic.com

www.burmeseclassic.com



ပန် မျက်နှာကို မလွှတ်တမ်း ကြည့်ရင်း အတင်းမေးတော့ ပန် ညာလို့မရပေမယ် ဝန်မခံချင်။

" ပြောလေ ပန် ပန်းဘဝထဲမှာ ရောပြွမ်းနေတဲ့ အကြွေးကိစ္စ အိမ်လခကိစ္စ စျေးအရောင်းအဝယ်မကောင်းတဲ့ ကိစ္စတွေ ခဏဖြစ်ဖြစ် မေ့သွားတယ် မဟုတ်လား "

ပန် မသိမသာ သက်ပြင်းချရင်း လက်ချာစာအုပ်ကို အစိပ်ပွါယ်မဲ့ ငေးကြည့်မိသည်။ ခုတလော အိမ်လခတိုးတောင်းလို့ အမေနဲ့ အိမ်ရှင် အနည်းငယ်တင်းမာနေတာ အရောင်းအဝယ်က မကောင်းတော့ ပိုဆိုး တာပေါ့။

" ဘာပဲဖြစ်ဖြစ် နဝင်းက ပန်းဘဝအမှောကို ဖြေသိမ့်ပေး နိုင်မယ့်သူလေ "

" စိတ်ကူးမယဉ်ချင်ဘူး ပြာ ရယ် "

" စိတ်ကူးယဉ်နိုင်းတာ မဟုတ်ဘူး ရိုးရိုးသားသား ခံစားနိုင် တာပါ ပန်ရယ် "

လေအဝေ့မှာ လွင့်ကျလာတဲ့ ကံ့ကော်ရွက်ခြောက်လေးတွေ ပန်တို့ ကိုယ်ပေါ်ကျလာသည်။ သစ်ရွက်ခြောက်ရိုးတံလေးကို ပန် ကိုင်ကစားမိသည်။

" နဝင်းက ခင်စရာကောင်းတယ် ပန် ဘဝကို အစအဆုံးသိ





ကော်နဲ့ စိတ်ဝင်စားတာလေ။ ပန် ဘယ်လောက် ကျေနပ်စရာ ကောင်းသလဲ တချို့တွေ နဝင်းနဲ့ခင်မင်ခွင့်ရဖို့ သူ့ထက်ငါ အပြိုင် သိမသာရော သိသိသာသာရော ရောရောပြီး ဆက်ဆံနေကြတာ ပန် အမြင်ပဲ "

အဲဒါလည်း ဟုတ်သားပဲ။ အတန်းထဲက မိန်းမချောတွေရော၊ တစ်ခြားမေဂျာက မိန်းမတွေရော အကြောင်းမရှိ အကြောင်းရှာပြီး နဝင်းနဲ့ရင်းနှီးခွင့်ရဖို့ ကြိုးစားကြတာ နဝင်းက ဘယ်သူ့ကိုမှ စိတ်ဝင် စား ကြည့်လေ့မရှိခဲ့။ ပန်တို့နဲ့လည်း အရောတဝင် နေမပြဘဲ တစ်ယောက်တည်း တည်တည်ငြိမ်ငြိမ် နေတတ်တာလေ အတန်းအားချိန် ဆိုမှ ဘယ်သူမှ မရိပ်မိအောင် အင်းလျားကန်ဘောင်ဘက် ပန်နဲ့ပြာ စကားပြောနေတဲ့ဆီ လာပြီးရင်းရင်းနှီးနှီး စကားပြောတတ်တာ။

" နဝင်းကသာ ပန် တစ်ယောက်တည်းကို စိတ်ဝင်စားတာ အရေးတယူ စကားပြောချင်တာ ဒါကလည်း ရှေးရေစက်ကြောင့် ဆင်တာပဲ "

" ကဲပါ ပြာရယ် မပြောပါနဲ့တော့ "

" မပြောစေချင်ရင် ဘာဖြစ်လို့ ရှောင်ဖယ်ဖယ် ဖြစ်နေရ တာလဲ "

" ရှောင်ဖယ်တာ မဟုတ်ဘူး ဆင်ခြင်တာပါ "



www.burmeseclassic.com

www.burmeseclassic.com



ပန့်ကို ပြာ အားမလို အားမရ ပခုံးစွန်းနဲ့ တိုက်လိုက်မိသည်။

" ဟုတ်တယ်လေ ပြာ နဝင်းတို့ ဖရိုန်အဖါက ကြောက်စရာ ကောင်းလောက်အောင် ကြီးတာ "

" ဟင် ပန်က ဘယ်လိုသိတာလဲ "

" မောင်ကောင်း ပြောတာလေ "

" မောင်ကောင်းက ဘယ်က သိသွားပြန်တာလဲ "

" အင်း မောင်ကောင်းက အခု သစ်သီးဒိုင်တစ်ခုမှာ အလုပ်ဝင်လိုက်ပြီ "

ခရမ်းပြာ မျက်ခုံးလေး အဆမတန်မြင့်တက်သွားသည်။

" သူ့အရွယ်လေးနဲ့ သူ "

" တောင်းစားရတာထက် စာရင် အလုပ်လုပ်ပြီးပဲ စားချင် တယ်တဲ့ မောင်ကောင်းက စိတ်ထားမြင့်ပါတယ် ပြာရယ် "

" အင်း ဆက်ပြောဦး "

" မောင်ကောင်းလုပ်တဲ့ သစ်သီးဒိုင်သူဌေး ပြောပြောနေတာနဲ့ မောင်ကောင်းက စပ်စုသတဲ့ "

" ဒီကောင်လေးက အစကတည်းက စပ်စုတတ်တာနဲ့ အံကိုက်ပဲပေါ့ "

" ဟုတ်တယ် သစ်သီးပွဲရုံက သူဌေးအများစုက သူ့မာမီဆီက





ငွေရင်းနဲ့ရပ်တည်နေတာတဲ့။ သူ့မာမီကိုတွေ့ရင် သူဌေးတွေ ပျာယာခတ် နေတာတဲ့။ ပြီးတော့ တစ်ခြားလုပ်ငန်းကြီးတွေလည်း အများကြီးလေ။ အဆင့်အတန်းလဲ ခွဲသတဲ့ ပန်တော့ ကြားရုံနဲ့တင် ကြက်သီးထတယ် တကယ် ပန်တို့ဘဝနဲ့များ ကွာလိုက်တာ မိုးကောင်းကင်နဲ့အဝီစိလိုပဲ"

ပန်ပြောလို့ ကြားလိုက်ရတဲ့ အခြေအနေကြောင့် ခရမ်းပြာ ငိုင်ကျကာ တိတ်ဆိတ်လျက်သားနဲ့ ပန် မျက်နှာပြင်လေးကို ငေးကြည့်မိ သွားသည်။ အတန်ကြာမှ နွမ်းလျသလို ဖြစ်နေရှာတဲ့ ပန့်ခေါင်းပေါ် တင်နေတဲ့ ကုံကော်ရွက်ခြောက်ကို ပြာ ဖယ်ပစ်ရင်း

" နဝင်းမှာ ဘဝင်မြင့်တဲ့စိတ်မရှိဘူးဟာ "

" မောင်ကောင်းလည်း အဲလို ပြောတာပဲ "

" မောင်ကောင်းကတော့ စံပဲ အားလုံးကို သိနေတာပဲ "

" တစ်ခါတစ်လေ သူ့မာမီကို သူ သွားကြိုပို့နေကျလေ ခုနောက်ပိုင်းဆို မောင်ကောင်းကို သူမုန့်ဖိုးတွေပေးနေတာတဲ့ သူ့ မာမီ မရိပ်မိအောင်ပေါ့ သူ့မာမီ ရိပ်မိရင် မိုးမီးလောင်မှာတဲ့ သူ ပြောတာ မောင်ကောင်းကလည်း လျှင်တယ်ဆိုတော့ သူနဲ့မောင်ကောင်း နားလည်မှု တွေ အပြန်အလှန် ရှိနေပြီလေ "

ပြာ သက်မအသာရှိုက်ရင်း

" ဘာပဲဖြစ်ဖြစ် ခုချိန်ထိ ပန်ကို အရိုးသားဆုံး ခင်နေတာပဲဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ တွေးပူနေစရာ မလိုဘူး သူငယ်ချင်းရယ်နော် ''

'' ဘာပဲဖြစ်ဖြစ် ဆင်ခြင်နိုင်မှ ဇာတ်လမ်းမှာလေ ပန့်ဘဝက''

'' တော်ပါတော့ဟယ် အားငယ်စရာ တွေးမနေနဲ့ စိတ်လွတ်လွတ်လပ်လပ်နဲ့ ပေါ့ပေါ့ပါးပါးပဲ ခံစားပါဟယ် ''

ပန့်လက်ဖဝါးလေးကို ဖျစ်ညှစ်ဆုပ်ကိုင်၍ ခရမ်းပြာ အားပေးရှာသည်။ ပန် ခေါင်းမညိတ်ခင်

'' ဟယ် ဟိုမှာ နဝင်း လာနေတယ် ''

အားရဝမ်းသာပြောသော ခရမ်းပြာ အသံကြောင့် ပန့်ရင်မှာ ဒိန်းခနဲ ဆောင့်ခုန်ကာ လှည့်ကြည့်မိလိုက်သည်။ ပါရဒိုဲ ခဲစိမ်းရောင်ကားပေါ်က ဆင်းလာတဲ့ နဝင်းပုံစံက အရှိန်အဝါ တောက်ပကာ ချောမောလျက်။ ကြက်ဥနှစ်ရောင် ကိုယ်ကျပ်တီရှပ်က သူ့အသားဖြူဖြူကို ဝင်းခနဲနေကာ ကိုယ်ကျပ်ဘောင်းဘီအနက်မှာ ငွေရောင်ကြိုးလေးက ဒူးနားမရောက်တရောက်အထိ ခွေကျနေသည်။ လမ်းလျှောက်တိုင်း တလှုပ်လှုပ် ရမ်းခါသွားသည်က အကြည့်မလွှဲချင်လောက်အောင် ဆွဲငင်စေသည်။

'' နဝင်း နဲ့ ပန် စကားပြောနှင့်ဦး ''

'' ဟင် ပြာက ''

'' ကင်(န်)တင်းသွားဦးမယ် ''





'' ပြာသွားရင် ပန် လည်းလိုက်မှာပေါ့ ပန် လည်းဗိုက်ဆာနေဘာလေ ''

'' ပန် ကင်န်တင်းလိုက်လို့ ဘယ်ဖြစ်မလဲ နဝင်း တစ်ယောက်တည်း ဖြစ်နေမှာပေါ့ ''

'' သူ လိုက်ရင် လိုက်ပစေပေါ့ ''

'' လိုက်လို့ ဘယ်ဖြစ်မလဲ ပြာတို့နဲ့ နဝင်း ခင်တာကို အားလုံးသိကုန်မှာပေါ့ ''

ဟွန်း ပန် နှာခေါင်းလေး တွန့်လိုက်မိသည်။

'' ပန် နဲ့ နဝင်း အေးအေးဆေးဆေး စကားပြောရင်း နေခဲ့''

'' ပြာ စားစရာဝယ်ပြီး ပြန်လာမယ် သုံးယောက်အတူစားမယ်လေ ''

သုံးယောက်ဆိုတဲ့ အသံကြောင့် ပန် ဝဲဘ်လျော့လိုက်မိသည်။

'' ကဲ ပန် နေခဲ့တော့နော် ပြာ သွားပြီ ''

ခပ်သွက်သွက် ထွက်သွားတဲ့ ပြာ့အကြိုကို ပန် မရိပ်မိရှာ။ ခရမ်းပြာကတော့ ပန်နဲ့ နဝင်းကို ခံစားချက်တွေ ညီမျှခြင်းဖြစ်စေဖို့ အခင်းပေးတာလေ။ ပြာက တဖြည်းဖြည်း ဝေးသွားပေမယ့် နဝင်းက ပန်နဲ့ တဖြည်းဖြည်း နီးလာသည်။

နဝင်းရဲ့ ရေမွှေးရနံ့က ပိုသင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမွှေးရနံ့က ပန် ရင်ခုန်သံကို ချူယူနေသလိုလို။

နဝင်းရယ်။

ပန် ရင်ခုန်ရှူးသွပ်သွားအောင် မကျီစယ်ပါနဲ့နော်။

✿ ✿ ✿ ✿ ✿



## အခန်း (၁၁)

" အန်တီစင်ရေ "

ဝင့် အသံစူးစူးလေးကြောင့် သူ ညှော်ခန်းထဲ လှမ်းမဝင်ဖြစ် [illegible]ားထောင်မှာရပ်ကာ မသိမသာ ညှော်ခန်းထဲ ငဲ့ကြည့်လိုက်သည်။

" ပြောလေ သမီး ဝင့်ရဲ့ "

မာမီကတော့ သည်းသည်းလှုပ် ဝင့်ကို ကလေးလို မွေ့ဖက်ပြီး [illegible]မှာ ထိုင်စေ၏။

" ဘာပြောမလို့လဲ ပြော "

" တိုင်မလို့ "

" ဟင် တိုင်မလို့ ဘယ်သူ့ကို တိုင်ချင်တာလဲ "

" ဘယ်သူရှိရမလဲ ကိုပေါ့ "

သူ့ မျက်ခုံးပင့်တက်သွား၏။ ဝင့်က နည်းနည်းဆိုများ[illegible]



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာအပြစ်မှ လုပ်ထားတာမဟုတ်တဲ့ ဘာတိုင်မှာလဲ။ မာမီကလည်း ကြည့်ပါလား။ ဝင့် မျက်နှာကို တစ်စိမ့်စိမ့်ကြည့်ရင်း စိတ်ဝင်တစား ဖြစ်နေတာ။

" သား လား "

" အင်းပေါ့ "

" ဘာဖြစ်လို့လဲ သမီး သား ဘာလုပ်လို့လဲ ဝင့်လေး မကျေနပ်အောင် ဘာလုပ်လိုက်တာလဲ "

" ဘာလုပ်ရမလဲ အန်တီရဲ့ ဝင့်တို့ကျောင်းကို တစ်ခါမှ အလည် မလာဘူးလေ "

" ဟင် သားက "

" ဟုတ်တယ် အန်တီ ကို အလည်မလာတော့ ဝင့် သူငယ်ချင်း အသစ်တွေနဲ့ မိတ်ဆက် မပေးရဘူးပေါ့ အဲဒါ အန်တီစင် ဆုံးမဦး"

အဲဒါကြည့် ဝင့်တို့ အကဲပိုပုံ။ ဝင့်က အကဲပိုသလို မာမီက လည်း မျက်နှာလေးညိုကာ သူ့အပေါ် မကျေနပ်ရောင် ပြောင်းသွားသည်။

" နေဦး အန်တီစင် ချက်ချင်းဆုံးမပေးမယ် သားရေ မြန်မြန် လာစမ်း "

သူ ခေါင်းတစ်ချက်ကုတ်ရင်း ညှော်ခန်းထဲ မဝင်ချင် ဝင်ချင် ဝင်လာ၏။





" လာစမ်း မာမီရှေ့ကို "

နဝင်းက ဝင့်ကို ဘဝင်မကျစွာကြည့်ရင်း မာမီနဲ့ မျက်နှာချင်း ဆိုင် ဆိုဖာမှာ ဝင်ထိုင်သည်။ ဝင့်က နဝင်းကို မျက်စောင်းထိုးပြီး

" တွေ့လား အန်တီစင် ဝင့်ကို ကြည့်တာ "

" အန်တီစင် မြင်ပါတယ်ကွယ် ကဲ သား ပြောစမ်း ဘာဖြစ်လို့ ညီမလေးဆီ သွားမလည်တာလဲ "

" ဝင့် ဂုဏ်ငယ်မှာစိုးလို့ "

သူ ခပ်ရွဲ့ရွဲ့ ဖြေလိုက်တော့ မာမီက အဟုတ်ထင်ကာ

" ဘာ ဂုဏ်ငယ်စရာရှိလဲ "

" ဟို သားက ရိုးရိုးမေဂျာကျောင်းသား ဝင့်က ဆေးကျောင်း သူလေ မာမီ အဆင့်ချင်းမှ မတူတာ "

ဝင့်သဘောကျစေမယ့် အသုံးအနှုန်းမျိုးနဲ့ နဝင်း ပြောလိုက်တော့ ဝင့် မျက်ဝန်းက စူးခနဲ သူ့ထံ လွင့်လာသည်။

" အဲဒီ အဆင့်အတန်း မတူတာကို ဝင့်နဲ့ ညှိနေစရာမလိုဘူး။ သားနဲ့ဝင့်က ဘာပဲဖြစ်ဖြစ် အဆင့်အတန်း တူပြီးသားလေ "

" ဟုတ်တော့ဟုတ်တာပေါ့ ဒါပေမဲ့ ဝင့် သူငယ်ချင်းအသစ်တွေ ကတော့ အထင်သေးရင် ဝင့်ပဲ ဂုဏ်ငယ်မှာလေ အဲဒါကြောင့် "

သူရွဲ့ကာ ခပ်ဖိဖိ ပြောထုတ်တော့ ဝင့်က သူ့ကို မေးဖျားလေး



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ကြည့်သည်။

" ကို သိနေရင် အစကတည်းက ဆေးဝင်အောင် ဘာလို့မကြိုး စားတာလဲ "

" ဟုတ်သားပဲ သားရယ် သားကိုက ညံ့တာကိုး ခုမှ ဘာနောင်တ ရချင်တာလဲ "

" ဟင့်အင်း သား နောင်တ မရပါဘူး "

" ဘာဖြစ်လို့ "

" သားက ဝင့်တို့လို ဆရာဝန် ရူးနေတာမှ မဟုတ်တာ"

" ဘာ "

ဝင့် မျက်နှာလေး မာသွား၏။ ပြီးတော့ မာမီဘက် မျက်နှာ လှည့်ကာ နှုတ်ခမ်းစူပြီး

" တွေ့လား အန်တီ ဝင့်က ဆရာဝန်ရူးနေတာတဲ့ ဘယ်လောက် အဆင့်အတန်းမရှိတဲ့ စကားပြောသလဲဆိုတာ "

" ဟုတ်သားပဲ သားရယ် သား ညံ့တာကို ဖုံးချင်တိုင်း သမီးကို အဲဒီလို မပြောနဲ့ "

မာမီက ဝင့်ဘက်က ဆတ်ဆတ်ထိမခံ။

" သား က ညံ့တယ်လေ ဝင့်တို့ သုံးယောက်က တော်တယ် အဲဒါကြောင့် သား မသွားတာ ဒါကို မာမီက အပြစ်တင်ချင်နေတယ်"





" အိုး ဘာပဲဖြစ်ဖြစ် ဝင့် ကျေနပ်အောင် ကို လာရမယ်လေ [illegible] ဝင့် ကြော်ငြာလို့ရမှာပေါ့ ခု ကျောင်းက ကောင်တွေက ဝင့်ကို [illegible]ပေးကြ စကားလိုက်ပြောကြနဲ့ ဖြစ်နေတာ "

ဝင့် သဘောက နဝင်းကို သူမအနား အမြဲနေစေချင်တယ် [illegible]တာ သဘောပေါက်တယ်လေ။ ဝင့်မှာ ဘယ်လို အဆင့်အတန်းထဲက [illegible]ယ်ထားတဲ့သူ ရှိတယ်ဆိုတာ မထွာပ်တိုင် တက်ချင်နေတာ။ ပြီးတော့ [illegible]ကို လိုက်တဲ့ကျောင်းသားတွေကို သူနဲ့ယှဉ်ပြီး နှိမ်ဦးမှာ ဝင့်စိတ်ကို [illegible]ို့ တမေးပွဲအောင်ရဲ့ ဖြေခဲ့တာ ကံကောင်းလို့ ကပ်အောင်ခဲ့တာပေါ့။

" ဝင့်က လှတာကိုး "

" ဟဲ့သား ဝင့်က သားအတွက်ပဲလေ ဘာဖြစ်လို့ ဥပေက္ခာပြု [illegible]တားပြောရတာလဲ "

" ဟုတ်တယ်လေ မာမီ ဝင့်လှလို့ လိုက်တာပဲ လိုက်ပစေပေါ့"

သူ ခံစားချက်ကင်းမဲ့စွာ ပြောထုတ်လိုက်တော့ မာမီနဲ့ဝင့် [illegible]လေး ကလယ်ကလယ်နဲ့ သူ့ကို နားမလည်သလို စိုက်ကြည့်သည်။

" ဝင့်က အဲဒါကို ဂုဏ်ယူချင်တာ သား သိတယ် "

" အိုး ဘာပဲဖြစ်ဖြစ် သားနဲ့ဆိုတာသိရင် လိုက်တဲ့သူတွေ [illegible]ဆုတ်သွားမှာပေါ့ "

သူ ခေါင်းငုံ့ပစ်ကာ ဆံပင်ထဲကို လက်ငါးချောင်းနဲ့ စိတ်ပျက်စွာ



www.burmeseclassic.com

www.burmeseclassic.com



[illegible]

" မာမီက သားကို လူဆိုးထိန်းလုပ်စေချင်တာလား "

" ဘယ်လို "

" ဟုတ်တယ်လေ မာမီ ဝင့် နောက်လိုက်တဲ့ လူတွေရှေ့မှာ သား သူ့ရဲကောင်းလို လမ်းသလားပြရင် ဟိုကောင်တွေ လက်သီးကျွေ မှာပေါ့ "

" ကြည့်စမ်း သား "

ခံစားချက်ကင်းမဲ့လွန်းတဲ့ သူ့စကားတွေကို ဝင့် ကိုယ်တ မာမီ သည်းမခံချင်လောက်အောင် တဆတ်ဆတ် နာဟန်တူသည်။

" သားက သမီးရှေ့က အန္တရာယ်ကို ရှင်းပေးရမှာလေ "

" အဲဒါကြည့်တော့ အန်တီ ကိုက ဝင့် အဆင့်အတန်းကို လိုက်မမှီသလို ဆက်ဆံနေတာလေ "

ဝင့် နှုတ်ခမ်းစူကာဆိုတော့ သူ့ နှာခေါင်းရှုံ့ပစ်လိုက်သည်။

" အဆင့်အတန်းမမှီဘူးလို့ပဲ သဘောထားလိုက်တော့ ဝင့်ရယ် "

" ဟင် သား "

" ဟုတ်တယ် မာမီ သားက ဝင့်ရဲ့ အဆင့်မြင့်ကျောင်းသား တွေနဲ့ လက်သီးထိုးပွဲ မလုပ်ချင်ဘူး တောင်းပန်ပါတယ် ဝင့်ရယ် နော် ဝင့်အနားမှာ ဝေယံနဲ့ ထူးရှိန်ရှိလို့ ကို စိတ်ချတယ် ဒါပဲနော် ကို





ကျောင်းသွားလိုက်ဦးမယ် ကျူတိုရီရယ်ချိန် နီးနေလို့ "

သူ ဖျတ်ခနဲ ထရပ်ရင်း မြန်မြန်ပြောကာ လှည့်ထွက်ခဲ့သည်။

" တောက် တွေ့လား အန်တီစင် ကိုက ဝင့်တို့ အဆင့်အတန်းထဲ ရောက်အောင်လိုက်ဖို့ သတ္တိမမွေးဘဲနဲ့ နောက်ဆုတ်နေတာလေ "

" နေပါစေ သမီး အန်တီ ဆုံးမပေးပါ့မယ် သမီးစိတ်မကောင်း …ဉ်ပါနဲ့ "

ဒေါ်ရွှေစင်ဝင်းက ဝင့်လေး ကျေနပ်အောင် အသံချိုချိုလေးနဲ့ ချော့သိမ့်သည်။ ဝင့်က သူမအလိုမပြည့်လို့ ဘဝင်မကျ။

" ဝင့်စိတ်ကူးက ကိုက ဝင့်ရှေ့မှာရပ်ပြီး အားလုံးနောက်ဆုတ် သွားအောင် သူ့ရဲကောင်း လုပ်ပြစေချင်တာ ခုတော့ ကြည့်ပါလား …ကိုက "

" အန်တီ အန်ကယ်နဲ့ သေချာဆုံးမမယ် စိတ်ချပါ သမီးရယ် "

ဒေါ်ရွှေစင်ဝင်း ဆံပင်ခွေခွေလေးကို တယုတယကိုင် ချော့မော့ … ဝင့် မကျေနပ်ချင်ဘဲ ကျေနပ်လိုက်ရသည်။

ဟွန်း။

အဆင့်အတန်း မမှီတဲ့ နဝင်းစုတ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

" မိပန် စာကျက်တာလဲ မဟုတ်ဘဲနဲ့ "

အမေ့အသံ ခပ်ကြမ်းကြမ်းကြောင့် ပန် ဖျတ်ခနဲ အသိ
လာသည်။

" ဘာငေးနေတာလဲ "

" ဘာ ဘာမှ မငေးဘူး အမေ "

" စာကျက်လို့မရရင်လည်း အိပ်တော့လေ ဘယ်အချိန်ရှိပြီ

ပန် မျက်လုံးက စာအုပ်ပေါ်မှာမရှိဘဲ အတွေးလွန်နေ
အမေရိပ်မိတော့လည်း စိတ်က မလုံချင်သလို။ နာရီကို မော့ကြည့်လို
တော့ ညဆယ်နာရီ။ အမေက ညီမလေးကို စောင်ခြုံပေးရင်း

" မိပန်နော် ခုတလော အရင်ကနဲ့ မတူဘူး "

မလုံတဲ့စိတ်နဲ့ ဖျတ်ခနဲ စာကြည့်စားပွဲက ထကာ စာအုပ်
ပွေ့ပြီး အခန်းထဲဝင်လိုက်မိသည်။





အမေက ဘယ်အချိန်ကတည်းက ပန့်ကို စောင့်ကြည့်နေသည်
သိ။

ပန်ကလည်း အမေ ရိပ်မိအောင် ဘာဖြစ်လို့ တွေးနေမိတာ
လိမ့်။

" သိပ်ပြီး စိတ်ကူးမယဉ်နဲ့ အိပ်တော့ မနက်အစောကြီး
သွားရမယ် မဟုတ်လား "

ဘဝဆန်တဲ့ စကားနဲ့ ပန့်အတွေးကို ဖြတ်တောက်ပေးလိုက်
လား အမေရယ်။ ပန် သက်မလေးချမိသည်။ အသင့်ခင်းထားတဲ့
ချောပေါ် ကိုယ်ကို လှဲချရင်း အိပ်စက်ဖို့ ကြိုးစားပေမယ့် အိပ်မပျော်နိုင်။

ဖျတ်ခနဲ မီးမှိတ်လိုက်ပြီး အမေ အိပ်သွားပေမယ့် ပန်ကတော့
အိပ်နိုင်၊ ပန် စိတ်ကူးယဉ်မိနေပြီလား။

လက်တွေ့ဆန်နေတဲ့ ပန့်ဘဝထဲမှာ ဘာကြောင့်များ စိတ်ကူး
ယဉ်စရာတွေ ခံစားစရာတွေ ရောပြွမ်းလာရတာလဲ။

အဲသလို ရောပြွမ်းလာအောင် လုပ်တာ ဘယ်သူလဲ။

ခရမ်းပြာ လား။

သူ လား။

ပန် ကိုယ်တိုင်လား။

တိကျတဲ့အဖြေတစ်ခုကို ရှာဖွေဖို့ ပန့်စိတ်ထဲက မေးငင်လို့



www.burmeseclassic.com

www.burmeseclassic.com



နာမ်စားသုံးတဲ့ ရင်ခွင်တစ်ခုကို မြင်ယောင်လာသည်။ ထို ပုံရိပ်ကို ပန် ဘာဖြစ်လို့ မေ့လို့မရတာလဲကွယ်။

“ ပန် ”

ပန် နှစ်သက်နေတဲ့ မွှေးရနံ့သင်းသင်းနဲ့အတူ ခေါ်သံတိုးတိုးကြောင့် စာကျက်နေတဲ့ ပန် ရင်ခုန်လှိုင်းခတ်သွားသည်။

အတန်းချိန် တစ်ချိန်အားတာနဲ့ ပြာကို အသိမပေးဘဲ ထွက်ခဲ့ပြီး စာကျက်နေခဲ့တာလေ။ သူ ဘယ်လို သိသွားပြန်ပြီလဲ။

ပန် တအံ့တသြ မော့ကြည့်လိုက်တော့ သူက အပြုံးနဲ့ငုံ့အကြည့် အကြည့်ချင်းဆုံတော့ ရင်ကခုန်မိပြန်သည်။

“ ပန် စာကျက်နေတာလား ”

“ အင်း ”

ပန် အကြည့်လွှဲလိုက်ပေမယ့် ရင်ခုန်မှုက မပြယ်သေး။

“ ကျွန်တော်လဲ ပန်နဲ့အတူ ကျက်မယ်လေ ”

“ ရှင် ”

ခုံတန်းပေါ် ခွေထိုင်နေတဲ့ ပန် ဘေးမှာ သူ ကပ်ထိုင်တော့ မပြယ်သေးတဲ့ ရင်ခုန်သံက ပိုပြီးမြန်လာသလို။

“ ဟင့်အင်း ”

ပန် မလုံမလဲ ငြင်းတော့ သူ ငဲ့ကြည့်ပြီး





“ ဘာဖြစ်လို့လဲ ပန် ”

“ ဟင့်အင်း ပန် ဘယ်သူနဲ့မှ စာအတူ မကျက်တတ်ဘူး ”

“ ကျွန်တော်လည်း ပန့်လိုပဲ ”

“ ဒါဆိုလည်း သွားလေ တစ်ယောက်တည်း သွားကျက်ပေါ့”

“ တစ်ယောက်တည်း ကျက်မရဖြစ်နေလို့ ”

“ ရအောင် ကျက်ပေါ့ ”

“ မရလို့ပေါ့ ပန် ရယ် ”

“ အဲဒါဆိုလဲ ပြာ နဲ့အတူ သွားကျက်လေ ”

“ ခရမ်းပြာက သူ့မောင်တော်နဲ့ စာတွေကျက်နေတာ ”

သူ ပြောလိုက်မှ ပန် ရင်ခုန် မျက်စောင်းထိုးမိသည်။ ပန့်မျက်စောင်းကို သူ မလွတ်တမ်း စိုက်ကြည့်ကာ ပြုံးသည်။

“ ဟွန်း ”

“ တကယ်ပြောတာ ပန်ရဲ့ ဟိုမှာလေ ပြာနဲ့စန်းအောင်ခန့်”

ကံ့ကော်ပင်အောက်ခုံတန်းမှာ ထိုင်နေတဲ့ ခရမ်းပြာက စန်းအောင်ခန့် ပခုံးစွန်းမှာ ခေါင်းတင်ထားသည်။ စန်းအောင်ခန့်က ပြာ ပခုံးကို သိုင်းဖက်ကာ ပတ်ဝန်းကျင်ကို သတိမထားမိအောင် စကားတွေ အပြန်အလှန် ချွေနေတာက အမြင်ကတ်စရာ။

“ ဟွန်း ပြာ သိပ်ဆိုးတာပဲ ”



www.burmeseclassic.com

www.burmeseclassic.com



" မဆိုးပါဘူး ပန်ရယ် "

" အောင်မာ သူက ဘယ်သူ့ဘက်က ဒရှနေလိုက်နေတာလဲ "

ရင်ခုန်မှု မပြယ်သေးဘဲ ပြာတို့ စုံတွဲကို မြင်ရတော့ ပို၍ ရင်ခုန်လာသလို၊ အပါးမှာရှိနေတဲ့ သူ့ကို ငြူစူနေမိတာ ဘာကြောင့်မှန်း မသိ။ သူက ပန်ကိုပဲ တစိမ့်စိမ့်စိုက်ကြည့်ကာ ပြုံးနေသည်။ ပန် ပို၍ အမြင်ကတ် လာသည်။

" အို ဘာဖြစ်လို့ ကြည့်နေတာလဲလို့ "

" ပန် ဒီနေ့ အရမ်းလှတာပဲ "

" ကဲ မပြောနဲ့ "

" တကယ် လှလို့ပါ "

" အဟင့် မြှောက်ရင်လည်း ကြည့်ပြီးမြှောက် ပန် ဒီနေ့ ရေချိုးချိန် မရလို့ ရေမချိုးခဲ့ဘူး သနပ်ခါးလည်း မလိမ်းဖြစ်ဘူး ရှင်ရဲ့ "

" ပန် ရေမချိုးခဲ့ပေမယ့် မွှေးနေတာပဲ "

" ဟွန်း "

" တကယ်ပြောတာ သနပ်ခါးမလိမ်းကဲလည်း လှနေတယ် "

ပန် မျက်နှာလေးကို စေ့စေ့ကြည့်ပြီး ပြောနေတဲ့ သူ့ မျက်ဝန်း က ရွှန်းစိုကာ တစ်စုံတစ်ရာ ပျော်ဝင်နေသလို။ သူနားမှာ ဆက်ထိုင် နေရင် ပန်ရင် ဒီထက် ခုန်လာရင် ခက်ရချေရဲ့။ ပန် မျက်နှာထားလေး





ဘင်းကြည့်ပေမယ့် အလှမပျက်ပါ။ သူ့အပါးကထဖို့ စာအုပ်တွေ သိမ်းနေတဲ့ ပန့် လက်ချောင်းသွယ်သွယ်လေးကို သူ ဆွဲကိုင်လိုက်တော့။

" အိုး နဝင်း "

အထိတ်တလန့်လေး ဖြစ်သွားရှာတဲ့ ပန် ပါးပြင်နုနုလေး နီမြန်းကာ

" လွှတ်ပါ "

" ဟင့်အင်း "

" သူ ဘယ်လိုဖြစ်နေတာလဲ သူများတွေ မြင်ကုန်ရင် "

" ဘယ်သူကြည့်နေလို့လဲ ပန်ရယ် ဘယ်သူမှ မကြည့်ဘဲနဲ့ "

" ကြည့် ကြည့် မ ကြည့် ကြည့် ပန် ရှက်တယ် "

ပန့်စကားမဆုံးသေး သူ့လက်တစ်ဖက်က ပန့်ကို ကျောမှ သိုင်းဖက်လိုက်တော့ ပန့်တစ်ကိုယ်လုံးတောင့်သွားကာ။

" ပန့် ကို မောင် ချစ် တယ် "

" ဟင် "

ပန် နှုတ်ခမ်းလွှာလေး ပွင့်ကာ အရာရာကို မေ့လျော့သလို သူ့ကို ကြည့်လိုက်မိသည်။

" ချစ်တယ် ပန်ရယ် "

ပါးပြင်နုနုလေးနားကပ်ရင်း သူ ပြောတော့ ပန့်စိတ်တွေ ညသာနူး



www.burmeseclassic.com

www.burmeseclassic.com



ပျော်ဝင်သွားပြီလား မသိ။

ပန် မရုန်းနိုင်။ တောင့်တောင့်လေး ငြိမ်သက်နေမိသည်။

" ပန့်ကို မောင်ချစ်နေတာ ပန် ဘာဖြစ်လို့ မသိချင် ဟန်ဆောင်ရတာလဲ ပန်ရယ် မောင်လေ ပန့်ကို ချစ်တဲ့စိတ်နဲ့ ဘယ်လိုမှ ရင်မဖွင့်ဘဲ မနေနိုင်တော့ဘူး ပန့်ဆီက အချစ်ကို မောင် အရမ်းလိုချင်မိတယ် ပန် မောင့်ကို ချစ်တယ် မဟုတ်လားဟင် "

ပန့်မျက်နှာလေးကို နူးညံ့စွာ ကြည့်ရင်း တတွတ်တွတ်ပြောနေတဲ့ သူ့အသံကြောင့် ပန် အသိဝင်ချိန်မှာတော့

ပန်က သူ့ရင်ခွင်မှာ ရောက်နှင့်နေပြီ။

" ပြောလေ ပန် ပန် မောင့်ကို ချစ်လားလို့ "

ပန် မျက်လွှာချကာ အသက်ဝအောင် ရှူလိုက်သည်။ ပန် နစ်သက်တဲ့ သူ့ရေမွှေးနံ့က ပန့်စိတ်ကို ထိန်းချုပ်ဖို့ ခက်ချင်ချင် ဖြစ်လာသည်။

" ဟင့်အင်း "

နူးညံ့သိမ်မွေ့လွန်းတဲ့ သူ့ပုံစံက ပန်နဲ့ လိုက်ဖက်တာမှ မဟုတ်ဘဲ။ ပန် အသက်အောင့်ကာ ခါးဆီမှ သူ့လက်ချောင်းများကို ဖယ်လိုက်သည်။

" ပန် "





ပန် ခေါင်းလေး အသာရမ်းကာ သူ့ ရင်ခွင်မှ ရုန်းထွက်မိသည်။

" ပန် မောင့်ကို ဘာဖြစ်လို့ မချစ်တာလဲ ဟင် "

" ဟင့် အင်း "

" ပန် ညာတာလားဟင် မညာပါနဲ့ပန်ရယ် နော် "

ထွေးဖက်လာတဲ့ လက်ချောင်းတွေကို ပန် ဖယ်ရှားရင်း သူ ...ခွင်ထဲ မဝင်မိအောင်ထိန်းလျက် သူ့အပါးမှ ထွက်ခဲ့မိသည်။ ...ကြောင့်လဲကွယ်။

" ပန့်ကို မောင် တကယ် ချစ်ပါတယ် ပန်ရယ် ပန့်အတွက် ...ာင် ရင်ဆိုင်ပါရစေ မောင့်အချစ်ကို ယုံပါနော် ပန် ယုံကြည်ပေးပါ ...ကို မောင် မြတ်မြတ်နိုးနိုး ချစ်တာပါ တန်ဖိုးထားရင်ဖွင့်တာပါ ...ယ် ပန်ကို မောင့်ဘဝနဲ့ထပ်တူ ချစ်မြတ်နိုးပါတယ် မောင့် နှလုံးသား ... မရက်စက်ပါနဲ့နော် "

လှည့်ထွက်ခဲ့မိတဲ့ ပန် နှလုံးသားဆီ သူ ရင်ခုန်သံ တသွင်သွင် ...င်းနေခဲ့သည်။

ပန် ဘယ်လိုလုပ်ရမှာလဲ ဟင်။

ဒါပေမဲ့ ပန် မခံစားပါရစေနဲ့ကွယ်။

ဘဝချင်းမတူတဲ့ အနေအထားက နှလုံးသားကို ညီမျှခြင်းချလို့ ...ယ်မထင်ပါဘူးကွယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

" မိပန် သွားတော့ အတန်းချိန်မမှီဘဲ ဖြစ်နေဦးမယ် "

သစ်သီးတောင်းတွေ ဆိုက္ကားပေါ်က ချပြီးသည်နှင့် ခုံပေါ် ထိုင်နေတဲ့အမေက လှမ်းပြောသည်။ နဖူးပေါ်မှ ချွေးတွေကို ခေါင်းခု ပုဆိုးနဲ့ပွတ်သုတ်ပြီး။

" အသီးတွေ ခင်းရဦးမယ်လေ "

" အမေ ခင်းလိုက်မယ် သွား သွား အတန်းနောက်ကျနေရင် စာမလိုက်နိုင်ဘဲ နေလိမ့်မယ် "

" ရပါတယ် အမေရယ် ပန်က စာလိုက်နိုင်ပြီးသား "

" လိုက်နိုင်တာတော့ ဟုတ်ပါတယ် မိပန် ကျောင်းပျက်တာ နှစ်ရက်ရှိပြီးလေ "

ပန် မသိမသာ သက်ပြင်းချလိုက်သည်။ ပန် ကျောင်းမတက်





ဘာက သူနဲ့မျက်နှာချင်း မဆိုင်ချင်လို့။

ပန် ဘယ်လိုမျက်နှာနဲ့ ရင်ဆိုင်ရမလဲ။

ရှက်တာရယ် ရင်ခုန်တာရယ်။

ပြီးတော့ သူ အဖြေတောင်းလာရင်။

ထိုအကြောင်းတွေနဲ့ ပန် ရင်မဆိုင်ရဲလို့ ကျောင်းမတက်တာလေ။

" ဘာလို့ ကျောင်းပျက်ချင်ရတာလဲ မိပန် ရယ် "

" အတန်းချိန်က တစ်ချိန်တည်းမို့လို့ "

" ကျူူတိုရီရယ် မရှိလို့ "

ဆိုပြီး ပန် အကြောင်းပြခဲ့တာ အမေကတော့ မသိရှာ။

" မိပန် ဘာဖြစ်နေတာလဲ သွားတော့လို့ ပြောနေတယ် "

အမေ ဆေးလိပ်ဖွာရင်း ခပ်ဆတ်ဆတ်ပြောတော့

" ဟို မသွားတော့ဘူး အမေ "

" ဟေ ဘာဖြစ်ပြန်ပြီလဲ "

" ပန် ခေါင်းမူးသလို ဖြစ်နေလို့ ကိုယ်လက်လည်း နာနေတယ် "

" ဖြစ်ရမယ်လေ ကဲ ကဲ အိမ်ပြန်ပြီး ဆေးသောက် အနား ယူလိုက် ဆေးဝယ်ဖို့ ပိုက်ဆံယူသွား "

ထောင်တန်တစ်ရွက် အမေကမ်းပေးတော့ မငြင်းမိဘဲ ယူလိုက် သည်။ ငြင်းနေရင် အမေ ရိုပ်မိသွားမယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



" ထမင်းတွေဘာတွေ ချက်မနေနဲ့ အမေ ဈေးစောစောသိမ်းခဲ့မယ်။ အမေပဲ ချက်မယ်နော် ကြားလား "

အမေက အဲသလို အပြောအဆိုကြမ်းပေမယ့် သမီးတွေအပေါ် ငဲ့ညှာလွန်းသည်။ ပန် အမေ့ရှေ့မှာ ကြာကြာရပ်မနေတော့။

သူ့ကို ရင်မဆိုင်ရဲတဲ့ စိတ်က ပန့်စိတ်ကို နုလန်မထူနိုင်အောင် ဖြစ်ကာ ဘာကိုမှ ဝေခွဲလို့မရအောင် ခံစားနေမိသည်။

ပန့်နှလုံးသားမှာ သူ့ကို ဘယ်လိုခံစားမိလို့ ခုလို ရင်မဆိုင်ရဲ ရတာလဲ မသိ။

ရင်မဆိုင်ချင်လို့ ရှောင်နေပေမယ့်လည်း ပန် စိတ်က သူ့ဆီ ရောက်နေတာ ခက်သားလား။

သူ့ရဲ့ ရေမွှေးနံ့လေးကို ပန် တမ်းတမိသလိုလို။ သူ မျက်နှာ ချောချောလေးကို ပန် လွမ်းသလိုလို။

" ပန် နေမကောင်းလို့ဆို "

အခန်းထောင့်မှာ စာအုပ်လေးပိုက်ရင်း တွေးနေမိတဲ့ ပန် အသိဝင်လာသည်။ ပြာက စိုးရိမ်တဲ့မျက်နှာလေးနဲ့ ပန် နဖူးကိုစမ်းကာ ထိုင်ချလိုက်သည်။

" သက်သာပြီလား ကိုယ်လည်း မပူဘူး "

ပန် ဘယ်လို ဖြေရပါ့မလဲ ခရမ်းပြာရယ်။





" နေမကောင်းဖြစ်တာမှ ဟုတ်ရဲ့လား "

မယုံသလို မေးတဲ့ ပြာကို ပန် မကြည့်မိ။ စာအုပ်တွေကို စားပွဲပေါ် လှမ်းတင်ရင်း အာရုံပြောင်းဖို့ ကြိုးစားမိသည်။

" ရှောင်စရာလား "

" ရှောင်ချင်တာ အသိသာကြီး "

" ဟင် "

" ဟုတ်တယ်လေ ပြာ ဈေးထဲရောက်ခဲ့ပြီးပြီ ပန့် အမေ ပြောတာလေ လွန်ခဲ့တဲ့နှစ်ရက်က ကျောင်းပျက်တာ ကျူတိုရီရယ် မရှိလို့ ညာဆိုပြီး မသွားတာဆို "

" ပန် စိတ်မပါလို့ အမေကို ညာတာ ဘာဖြစ်လဲ "

" ပန် ရယ် "

ရင်မဆိုင်ရဲတဲ့ ပန့်စိတ်ကို သရော်နေတာလား ခရမ်းပြာရယ်။ အမေက မရိပ်မိရှာပေမယ့် ပြာကတော့ ရိပ်မိပြီးသားလေ။

" ဒီနေ့လည်း ကျောင်းသွားလို့ပြောမှ ခေါင်းမူးတယ်လို့ ပြောတာ အဒေါ် ယုံချင်ယုံမယ် ပြာတော့မယုံဘူး "

" မယုံလည်း မတတ်နိုင်ဘူး "

" ပန် အဲလိုချည်း မနေနဲ့လေ ပွင့်ပွင့်လင်းလင်း ရှိမှပေါ့"

" ဘာပွင့်လင်းရမှာလဲ "



www.burmeseclassic.com

www.burmeseclassic.com



“ နဝင်းက ပြာကို ပြောပြတယ် ပန့်ကို ချစ်နေတဲ့အကြောင်း ပြီးတော့ ပန် ကျောင်းမလာတာ နဝင်း စိတ်ပူနေတယ် ”

“ မပြောပါနဲ့တော့ ပြာရယ် ”

သူ့ အကြောင်းပါလာတာနဲ့ ပန် ရင်ခုန်လာသည်။ ရင်ခုန်စိတ်ကြောင့် ပန့်မျက်နှာဖြူဖွေးဖွေးက နီမြန်းလာကာ မျက်ဝန်းလေးပါ အရည်ကြည်လဲ့ပြီး မလုံမလဲ ဖြစ်နေသည်။ အပါးက ထွက်သွားဖို့ ပြင်တဲ့ ပန့်ကို ခရမ်းပြာ သွားခွင့်မပေး ပန် ပခုံးလေးကို ဖက်ထားပြီ။

“ နဝင်း ခမျာ သနားပါတယ် ပန် ကျောင်းမလာတော့ သူခမျာ စိတ်မကောင်းဖြစ်ပြီး ငိုင်နေတာ ပန် ကို မမြင်ရတော့ နဝင်း ခံစားရတာပေါ့လေ ဒီနေ့လည်း ပန် မလာလို့ ပြာကို အတင်းလွှတ်လိုက်တာ ”

ပန် မသိမသာ သက်ပြင်းချမိသည်။

“ ဘာဖြစ်လို့ နဝင်း နဲ့ ရင်မဆိုင်ချင်ရတာလဲ ”

“ ပြာ မသိပါဘူး ”

“ ဘာလို့မသိရမှာလဲ ”

“ ဟွန်း ”

“ ဟုတ်တယ်လေ ချစ်တာက အပြစ်မှ မဟုတ်တာ ”

“ အပြစ်မဟုတ်ပေမယ့် ဘဝချင်း မတူဘူးလေ ”





ခရမ်းပြာ နှုတ်ခမ်းလေးစူကာ ပန့်ကို အတန်ကြာငေးကြည့်သည်။ ပန်က နှလုံးသားကို ဘောင်ခတ်ဖို့ ကြိုးစားနေတာလားကွယ်။

“ သိသိချည်းနဲ့ ပန် ရှေ့မတိုးနိုင်ဘူး ပြာရယ် ပန့်ကို နားလည်ထားဟင် ”

“ ရှေ့မတိုးဘူးပဲ ထားလိုက်ပါတော့ ပန် ဒီအတိုင်းရှောင်နေလို့ ဖြစ်မှာလား ”

“ တတ်နိုင်သလောက် ရှောင်ရမှာပဲ ”

“ ရှောင်နေရုံနဲ့ နဝင်း နောက်ဆုတ်မယ်ထင်နေလား ”

“ သူ နောက်မဆုတ်တိုင်း ပန်က လက်ခံရမတဲ့လား ”

“ အဲလိုလည်း ခံစားချက်မရှိ ပြောလို့ မရဘူးလေ ”

ဟင့်အင်း ပန့်ကို ဖိအားမပေးပါနဲ့ ပြာရယ် မျိုချနေရတဲ့ ရင်ခုန်သံက ပြာရဲ့ ဖိအားတွေကြောင့် ရုန်းကြွချင်လာသည်။

“ ပြာ ပြောတာက ချစ်သူလိုမဟုတ်ပဲ သူငယ်ချင်းလို ခံစားလို့ရတာပဲ ပန်ရယ် ပန် အခုလို ရင်မဆိုင်ဘဲ နေတာက ပိုပြီးခံစားရတယ်လေ ”

လှုပ်ရှားရလွန်းတဲ့ ရင်ကို ပန် ထိန်းချုပ်မရနိုင်လောက်အောင် ဖြစ်လာသည်။ ပန် နှုတ်ခမ်းကို ခပ်ဖိဖိကိုက်ထားပေမယ့် နှုတ်ခမ်းသားက ဆတ်ဆတ် တုန်ခါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



" ပြာ စိတ်ရင်းက ချစ်နေကြတဲ့ ချစ်သူနှစ်ယောက်ကို စိတ်မဆင်းရဲ စေချင်ဘူး "

" ပန် ရင်မဆိုင်ရဲ ဖြစ်နေသလို နဝင်းကလည်း ပန် နဲ့ မတွေ့ရတော့ မှုပျက်နေတယ်လေ ပန်တို့ နှစ်ယောက် အဲလို ဖြစ်နေတာကို တစ်ယောက်ယောက်ရိပ်မိပြီး စူးစမ်းလာရင် အားလုံးသိသွားမှာပေါ့ ပန်ရယ် "

" ခုဆို ဘယ်လောက်အဆင်ပြေလဲ ပန်တို့နှစ်ယောက် ချစ်နေတာကို ပြာကလွဲပြီး ဘယ်သူသိလို့လဲ ပုံမှန်အတိုင်း ခံစားလို့ ရရဲ့နဲ့ ပန့်ကိုက သောကကို ပိုက်ထားချင်တာ ခုတော့ ပူလောင်နေရပြီ မဟုတ်လား "

" ပန် သေချာစဉ်းစားပါဦး ဟယ် "

သူ နဝင်းအပေါ် တိမ်းညွှတ်သွားအောင် အမျိုးမျိုးဖျောင်းဖျတဲ့ ခရမ်းပြာကို စိတ်မဆိုးရက် ပြာ့ စိတ်ကူးနဲ့ ပြာ ပြောတော့လည်း မှန်တာပဲ။ ပန့် အတွေးလည်းမှန်တယ်လေ။

" ပန်တို့ ရင်ခုန်သံကို ဂုဏ်ပကာသနတွေကြောင့် အပာန့် အတား ဖြစ်မနေစေချင်ဘူး။ ချစ်သူဖြစ်ဖို့ အဓိကလိုအပ်ချက်က ဖြူစင် ရိုးသားတဲ့ ချစ်ခြင်းပဲ ကြယ်ပွင့်ပန်ရယ် အတွေးမခေါင်စမ်းပါနဲ့ "

ရင်ခုန်သံကို အရှိန်မြှင့်စေဖို့ ဖိအားပေးနေတဲ့ ပြာ စကားသံ





တွေက ပန် ရင်ခုန်သံကို ထိန်းချုပ်နိုင်မှုစွမ်းအား အညှော်ပျော်ကျလာပြီး ခင်တယ်။

" ပန့်ကို နဝင်း အရမ်းတွေ့ချင်နေတာ ပန် အဲလိုပဲ ရှောင်နေရင် နဝင်း ရူးကွစိုးဖြစ်သွားနိုင်တယ် ဟ "

" ဟင် "

မျက်ဝန်းထဲမှာ သူ့ ပုံရိပ်လေးပေါ်လာစဉ် ပန့်ရင်ခုန်သံ တဒိုင်း ဒိုင်း မြည်လာသည်။

" ဟုတ်တယ် အတန်းမတက် ဘာမတက်ဘဲ နဝင်းတော့ စပင်အောက်မှာချည်း သွားထိုင်နေတာလေ ပန် လာနိုးနိုးနဲ့ပေါ့ "

သူ အဲသလောက်တောင် ပန်ကို ခံစားမိတာလားကွယ်။

" နဝင်းခမျာ သူတို့နဲ့အဆင့်အတန်းတူတဲ့ မိန်းလှလေးကို ရွေးနိုင်ဘဲ ပန်ကို အရိုးသားဆုံး ရင်ခုန်ပြီး ချစ်ခဲ့တာပါဟယ် "

" ပန့်ရင်ခုန်သံကို ချည်ထားတဲ့ ကြိုးကို ဖြတ်ပစ်လိုက် ပါတော့ဟယ် ပြာ ဒီလောက်ပဲ ပြောတတ်တော့တယ် နော် ပန် "

ခရမ်းပြာရဲ့ စကားတွေနောက် ပန့်ရင်ခုန်သံက ဖြာဆင်းလာတဲ့ ရောင်ခွန်လို။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

" သားနော် ဝင့် စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်နဲ့ ဝင့်က သူငယ်ချင်းအသစ်တွေနဲ့ မိတ်ဆက်ပေးချင်နေတာ သာ သွားရမယ်လေ ဆင်ခြေပေးဖို့ စိတ်ကူးမနေနဲ့ ဝင့်ဆီ သွားလည်မှပေါ့ ဝေယံနဲ့ထူးရှိန်ရှိတာပဲ ဘာသိမ်ငယ်စရာလိုလဲ ဒါပဲနော် သား ဒယ် ထပ်ပြီးမပြောရစေနဲ့ ဟွန့် "

မျက်နှာတင်းတင်းနဲ့ အမိန့်ပေးလာတဲ့ ဒယ်ဒီစိတ်ကို သူ မလွန်ဆန်နိုင် စိတ်မပါပေမယ့် အပြစ်လွတ်အောင် ဝင့် ဆေးကျောင်း ဘက် ခြေဦးလှည့်ခဲ့ရသည်။ ဝေယံကို မတွေ့ရပေမယ့် ထူးရှိန်နဲ့ ဝင့်က ပူးပူးကပ်ကပ်ထိုင်လျက် ဝင့် လက်ဖဝါးလေးကို ဖြန့်ကိုင်ကာ ဗေဒင်ဆရာ လိုလို လက္ခဏာဆရာလိုလို ဟန်မျိုးနဲ့ ဟောကိန်း ထုတ်နေသည်။

ထူးရှိန်ရဲ့ဟောကိန်းကို ဝင့်က ဘာကို ဘယ်လိုသဘောကျသည်





သော် ထူးရှိန်ရင်ဘတ်ကို ဖွဖွထုလိုက်၏။ ထူးရှိန်ကလည်း ကြည်ကြည်နူးနူး ပြုံးကာ ဝင့် မျက်နှာလှလှကို ရူးနှစ်နေအောင် စိုက်ကြည့်နေသည်။

ထူးရှိန်နဲ့ဝင့်က ဘာလဲ၊ သူငယ်ချင်းထက်ပိုနေပြီလား သူသွားလို့ အနှောင့်အယှက် ဖြစ်နိုင်သလား။ နဂိုကတည်းက ဝင့်အပေါ် စိတ်ဝင် စား မဖြစ်မိတဲ့ သူ့ခြေလှမ်းက နောက်ပြန်လှည့်လိုက်သည်။

ဝင့်ရယ် ဝင့်က ဆွဲဆောင်မှုရှိတဲ့ မိန်းမလှပါ။ ဒါပေမဲ့ ဆွဲဆောင် တဲ့ မိန်းကလေးကို ဆွဲဆောင်မှုတွေ သင်ကြားပေးနိုင်တဲ့ ယောကျ်ားနဲ့မှ တာလေ။ ဖြူစင်လွန်းတဲ့ ပန်က ဝင့်ထက် သူ့ နှလုံးသားကို သိမ်းကြုံး ပိုင်နိုင်စွမ်း ရှိခဲ့တယ်လေ။ ပြီးတော့ ပန့်ရဲ့ ရင်ခုန်ဖွယ် အမူအယာလေး တွေ

သနပ်ခါးရနံ့လေး ရှူရှိုက်ရပြီးတဲ့နောက်မှာ သူ့ ရှေ့ရောက်လာတဲ့ သီးနီနီတစ်လုံး။ သူ ဖျတ်ခနဲ မော့ကြည့်လိုက်တော့ သူရှေ့ရပ်နေတဲ့ တာ သူ့ကို ပန်းသီးတစ်လုံးကမ်းပေးနေတာ ပန်းသီးနဲ့အတူ ပန် ကိုပါ သူ ဆုပ်ကိုင်ပြီး

" ပန်ရယ် မောင် အရမ်းသတိရနေတာ "

" ဟွန်း ခုမှ "

" တကယ်ပါ ပန် "

ပန့် လက်ဖျားလေးကို ဆွဲထိုင်စေတော့ ပန်က အလိုက်သင့်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဆိုင်ချလိုက်သည်။

" ပန်းသီးယူလေ ပြီးရင် လက်ကိုလွှတ်ပေး "

" ဟင့်အင်း "

" မောင်နော် "

" ဟင် "

သူ မျက်ဝန်း အဆမတန် လက်ဖြာသွားသည်။ ဘာတဲ့ မောင်နော်။ ဒါဆို ပန်က။

" ပန် မောင့်ကို ဘယ်လို ခေါ်လိုက်တာ "

" ဘယ်လို ခေါ်မိလို့လဲ "

" မောင် တဲ့ "

" မဟုတ်တာ "

ပန် ရှက်ကာ ခေါင်းလေးငုံ့လိုက်မိသည်။ မောင်လို့ ပန် ခေါ်မိတာလား။

" ပန်ရယ် ပန်းသီးပေးတာနဲ့ မောင်လို့ ခေါ်တာက မောင့် အချစ်ကို လက်ခံတဲ့သဘောပေါ့နော် ဟုတ်လား ပန် "

" ဘယ်သူက လက်ခံတယ် ပြောလို့လဲ "

" ဒါဆို ပန် မောင့်ကို မချစ်ဘူးပေါ့ "

" ပန် မပြောရသေးပါလား "





" ဒါ ဒါ ဆို ချစ်တယ်ပေါ့ ဟုတ်လား ဟင် "

သူစိတ်လှုပ်ရှားစွာ ပန့်ကိုယ်လုံးလေးကို ရင်ခွင်ထဲပွေ့ကာ ပန် [illegible]ချားလေးကို ကိုင်ကာမေးတော့ ပန်က မျက်စောင်းလှလှလေး ထိုးပြီး။

" ပန်ကို စိတ်ရှုပ်အောင် မလုပ်ပါနဲ့ မောင်ရယ် "

သူ အတိုင်းအဆမဲ့ ရင်ခုန်သွားကာ ပန် ပါးပြင်ဖြူနုနုလေးကို [illegible]ပါးပြင်နဲ့ ဖိကပ်ထားမိ၏။ အချိန်ဘယ်လောက် ကြာသွားသည်မသိ။

" ဖယ်ပါ မောင်ရယ် သူများတွေ မြင်လို့ လိုက်ပြောကြရင် [illegible]အားလုံး သိသွားကုန်မယ် "

" မသိနိုင်ပါဘူး ပန်ရယ် "

" ဟင့်အင်း နော် "

" ပန်ရယ် မောင့်ချစ်သူကို မောင် ကြင်နာခွင့်မရှိသလိုမျိုး [illegible]လုပ်ပါနဲ့ချစ်ရယ် "

" ဟွန်း သည်းလိုက်တာ "

မျက်စောင်းလေးချိတ်ပြီး ပြောပေမယ့် ထိုမျက်စောင်းက ချစ် [illegible]က်စောင်းဖြစ်မှန်း သူ နားလည်သွား၏။ ထို့ကြောင့်

" မောင်နော် "

သူ နှုတ်ခမ်းလွှာလေးကို ပန် လက်ဖဝါးလေးနဲ့ ပိတ်ကာ[illegible] [illegible]ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



" ချစ်လို့ပါ ပန်ရယ် "

" ချစ်တာ ပန်သိတာပေါ့လို့ ဒါပေမဲ့ ပန် ရှက်တယ် "

" မရှက်ပါနဲ့ ပန်ရယ် ချစ်သူချင်းပဲ "

" မရဘူးနော် ချစ်သူချင်းဖြစ်ဖြစ် ဘာဖြစ်ဖြစ် ပန် ခွင့်မပေးသေးဘူးနော် ပြောထားရက်နဲ့ ငှတ်ဆိုရင် ပန် မုန်းလိုက်မယ် ဟွန်း "

" မုန်းတော့မမုန်းလိုက်ပါနဲ့ ပန်ရယ် မောင် အသည်းကွဲလိမ့်မယ် နော် "

ပိုလွန်းလေရဲ့ဆိုတဲ့ ပန် မျက်ဝန်းအကြည့်ကြောင့် သူ့ရင်ခုန်သံက ပိုမြန်လာ၏။

" ပန်ကို သိပ်ချစ်တာပဲ ကွယ် "

" ချစ်တယ်ဆိုရင် ပန်ပေးတဲ့ ပန်းသီးကို စားရမယ်နော် "

" မောင့်ကို တကယ် စားစေချင်ရင် ပန် အခွံ အရင်ပေးလေ"

" ဟွန်း ဖယ်ပါ "

မောင့်ရင်ခွင်ထဲမှာ ရုန်းဖယ်နေမိသည်။

" ဖယ်စေချင်ရင် ချစ်တယ်လို့ ပြောလေ "

" ပန်းသီးလက်ဆောင် ပေးထားပြီပဲ "

" မရဘူး ချစ်ရယ် ပန့်ပါးစပ်က ဖြေတာကို မောင် ကြားချင်တာပေါ့ "





" မောင် သိပ်ပိုတာပဲ ချစ်တယ် ကဲ ဖယ်ပါတော့ "

ချစ်တယ်လို့ ပြောဖို့ကို ရှက်နေတဲ့ ပန် ကိုယ်လုံးလေးကို သူ အသည်းယားစွာ ထွေးညှစ်ရင်း ဖြေလွှတ်ပေးလိုက်သည်။

" မောင်နော် သိပ်မကဲနဲ့ "

" မကဲပါဘူး ပန် ရယ် "

" ဟွန်း မကဲဘူးတဲ့ "

နှာခေါင်းလေး တွန့်လိုက်တဲ့ ပန့်ပုံစံက သူ့နှလုံးသားကို ပို၍ ညှတ်နူးသွားစေသည်။

" ဒါပဲနော် မောင်အတန်းမပျက်ရဘူးနော် "

" ပန်လည်း မရှောင်ကြေးနော် "

" ဒါပေမဲ့ ပန်တို့ နေ့တိုင်း မတွေ့ကြဘူးနော် "

" ဟင် ဘာဖြစ်လို့ "

" တစ်ယောက်ယောက်က ရိပ်မိသွားရင်ကော "

" စိတ်ပူမနေပါနဲ့ ပန်ရယ် မောင်တို့ကို ဘယ်သူက ရိပ်မိမလဲ"

" တစ်ထစ်ချ ပြောလို့မရဘူးလေ "

ချစ်သူဖြစ်စမှာ ရင်ခုန်စရာ စကားလုံးလေးတွေနဲ့ ကြင်ကြင်နာနာ အနမ်းတွေပေးကြရမည့်အစား ပန်က ပူပင်သောက ကလေးများနဲ့ ရောရာကို မယုံမရဲ ဖြစ်နေတာက သူ့ရင်ကို ပူလောင်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



" ပန်ရယ် ပန် ပုံစံက ချစ်သူရှိစ မိန်းကလေးနဲ့မတူဘူး"

" ဘယ်တူမလဲ မောင်နဲ့ပန်က အခြေအနေချင်းမှ မတူတာ"

အရာရာကိုတွေးပြီး ပန် ရင်မှာ ပူနေတာပဲ မောင်ရယ်။ ဘယ်သူက ချစ်သူရင်ခွင်မှာ နွေးနွေးထွေးထွေး နေချင်စိတ်မရှိဘဲ နေပါ့မလဲ။ ဂေါအစုံ့မှာ မျက်နှာပေါ်လွင့်ကျလာတဲ့ ပန်ဆံနွယ်တစ်ချို့ကို သူ တယုတယ သ,ဖယ်ပေးရင်း။

" ပန့်ကို မောင်ချစ်တယ်လေ ပန့်အတွက် အရာရာကို မောင် ရင်ဆိုင်ရဲပါတယ် ပန် တွေးပူမနေပါနဲ့ နော် "

ဖူမောင် လက်ချောင်းများကို ပန် အားကိုးတကြီး ဆုပ်ကိုင်မိသည်။

" မောင် တကယ် ရင်ဆိုင်ရဲလား ဟင် "

" ပန်ရယ် မောင့် အချစ်ကို ယုံကြည်ပါကွာ "

" အင်းလေ ပန်က မောင့်ကို ချစ်မိပြီဆိုတော့လည်း ယုံကြည် ပေးရမှာပေါ့ "

" ယုံကြည်ပေးတဲ့အတွက် ကျေးဇူးတင်တယ် ချစ်ရယ် "

ပန်ပေးတဲ့ ပန်းသီးကို ပန့်လက်ချောင်းလေးနဲ့ရောကာ သူ တစ်ရှိုက် နမ်းမိ၏။ မောင့် အနမ်းက ပန့် နှလုံးသားဆီသို့ နွေးခနဲ စီးဝင်သလို။





" မောင့် အချစ်ကို ထာဝရ ယုံကြည်ပါရစေ "

သူ့ပခုံးပေါ် နွဲ့မှီလာတဲ့ ပန် ကိုယ်လုံးအိအိကလေးက သူ ချစ်ခြင်းတွေကြောင့် ပန်းပွင့်လေးလို နုဖတ်ကာ။ ပွင့်ဖတ်ဖြူလေးငို့ ငုံ့လျက်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

" သား "

ကျောင်းသွားချိန်မှာ ပုံမှန်ထက် ပိုပြီး တက်ကြွ နေတတ်သည့် သားဖြစ်သူကို ဒေါ်ရွှေစင်ဝင်းက ဘဝင်မကျ။ ကျောင်းသွားဖို့ ကားပေါ် တက်ဟန်ပြင်တဲ့ သားကို လှမ်းခေါ်လိုက်သည်။

" ပြောလေ မာမီ "

" လာဦး သား "

" အတန်းချိန်နီးနေပြီ မာမီ "

" နီးပစေ "

သူ အကြောင်းပြလို့ရမှာ မဟုတ်တော့။ နှုတ်ခမ်းဖိကာ မာမီ့ ပြန်လှည့်ရသည်။

" ထိုင် "





မာမီ နဲ့ မျက်နှာချင်းဆိုင် ဆိုဖာနီနီပေါ် ထိုင်ချလိုက်သည်။ မာမီ အသွင်က ပုံမှန်ထက် အေးစက်တည်ငြိမ်ကာ တစ်စုံတစ်ရာကို ပေးစုချင်သလိုလို။

" မာမီ့ကို စာရင်းတွေ ကူစစ်ပေးစမ်း "

" သား ကျောင်း . . . "

" ဘာမှအကြောင်းမပြနဲ့ သား မာမီ အရေးကြီးနေတယ် "

စားပွဲပေါ်က စာရင်းဖိုင် တစ်ထပ်က နည်းနည်းနောနော မဟုတ်။ ဒီလောက်များတဲ့ စာရင်းတွေက တစ်နေ့တည်းနဲ့ ပြီးမှာမဟုတ်။ သူ့ စိတ်ပျက်စွာ ခေါင်းကုတ်ရင်း ကျောပိုးအိတ်ကို ဆိုဖာလွတ်မှာ ထားကာ စာရင်းဖိုင်တွဲတစ်တွဲ ဆွဲယူလိုက်ရသည်။ မာမီက စာရင်းစစ် နေရာမှ မျက်လုံးလှန် ကြည့်ပြီး

" သေချာ စစ်နော် "

" စိတ်ချပါ မာမီ "

လွှန်ဆန်လို့မရတဲ့ မာမီကြောင့် သူ့စိတ်က အောင့်သက်လာသည်။ ကျောင်းသွားရမှန်း သိသိချည်းနဲ့ မာမီ ဖွတ်နိုင်းတာ ဘာသဘောလဲ။ သူ စဉ်းစားလို့မရ။ စာရင်းတွေသာ ဖိလုပ်နေရပေမယ့် သူ စိတ်ထဲက ပန် ဆီ ပြေးလွှားလျက်။

ပန်တော့ မောင့်ကို လည်တဆန့်ဆန့် မျှော်နေတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



" ပန် ရယ် ချစ်သူဖြစ်တဲ့ အထိမ်းအမှတ်အဖြစ် တစ်နေရာရာကို သွားကြစို့လား "

သူ ဦးစွာတောင်းဆိုတော့ ပန် မျက်နှာလေးနွမ်းကာ

" ဟင့်အင်း "

" ဘာဖြစ်လို့လဲ ပန်ရယ် "

" မောင်နဲ့တွဲသွားနေရင် သူများတွေ သိကုန်မှာပေါ့ "

" တွဲပြီး မသွားဘူးလေ "

" ဘယ်လို သွားမလဲ "

" တစ်ယောက်တစ်ကွဲ သွားကြတာပေါ့ "

" ဟွန်း "

ချစ်သူဖြစ်ပြီး တစ်ယောက်တစ်ကွဲစီ သွားတော့လည်း ရင်ခုန်စရာမကောင်း။ တွဲသွားရင်လည်း ပတ်ဝန်းကျင်က ရိပ်မိမှာကို စိုးရိမ်နေရသည်။ ပန်တို့ချစ်သူ ဘဝက မလွတ်လပ်ပါလားနော်။ နှုတ်ခမ်းစုလိုက်တဲ့ ချစ်သူအလှက သူ့ရင်ကို ဖိလှိုက်စေတာကြောင့် ချစ်သူ့နှုတ်ခမ်းလေးကို ချစ်စနိုး ဖွဖွနမ်းချင်စိတ်ကြွလာသည်။ ဒါပေမဲ့ ပန်က ခွင့်မပြုတော့လည်း ထွေးဖက်ထားရုံနဲ့ ကျေနပ်နေရုံပေါ့။

" မောင်တို့ ချစ်သူဘဝက သူများတွေလို လူရှေ့သူရှေ့ တွဲသွားခွင့်မရတာ မွန်းကြပ်လိုက်တာ ပန် ရယ် "





" အဲဒါကြောင့် မောင့် အချစ်ကို လက်မခံချင်လို့ ရှောင်နေခဲ့တာ "

" ပန်ရယ် ချစ်မိတာကို အပြစ်မတင်ချင်ပါနဲ့ကွယ် "

" သဘောပြောတာပါ ဒါနဲ့ မောင်က ဘယ်သွားဖို့ စိတ်ကူးစိတ်ရှိလို့လဲ "

" မောင်တို့ကို မသိတဲ့ ပတ်ဝန်းကျင်ကြားထဲ ပန့်လက်ကိုတွဲပြီး လျှောက်သွားချင်တယ် ချစ်သူဖြစ်ခြင်း အမှတ်တရပေါ့ "

မောင့်စိတ်ကူးလိုပဲ ပန်လည်း စိတ်ကူးယဉ်ချင်မိတာ အမှန်ပါကွယ်။

" နေ့ပန် မောင်တို့ တစ်ခါလောက် လျှောက်လည်ရအောင်လား "

" လည်တော့ လည်ချင်တာပေါ့ ဒါပေမဲ့ . . . "

" ဒါပေမဲ့ ဘာဖြစ်လဲ ပန် "

ချစ်သူ ရင်ခွင်မှာ ခေါင်းလေးငုံ့မှိုရင်း

" ပန်တို့ကို မသိတဲ့ပတ်ဝန်းကျင်က ဘယ်မှာရှိလို့လဲ "

" ဟာ အများကြီးရှိတာပေါ့ "

" ဘယ်နေရာတွေလဲ "

" တက္ကသိုလ်နယ်မြေကလွဲရင်လေ "



www.burmeseclassic.com

www.burmeseclassic.com



" ဟင့်အင်း ပန် ကြောက်တယ် "

" ဘာဖြစ်လို့ ကြောက်ရမှာလဲကွာ "

" မောင်တို့ အသိုင်းအဝိုင်းက ဒီလောက်ကြီးတာ မတော်တာဆ ပန်နဲ့တွဲနေတဲ့ မောင့်ကို မြင်သွားရင် "

အဆမတန် စိုးရိမ်ရှာတဲ့ ပန် ရင်တွင်းက စကားလုံးတွေ ထွက်မလာရအောင် သူ လက်ညှိုးလေး ထောင်ထားမိပြီး။

" မောင် နားလည်တယ် ပန်ရဲ့ ဒါကြောင့် မောင်တို့ အသိုင်းအဝိုင်းနဲ့ လွတ်တဲ့နေရာသွားဖို့ မောင် စီစဉ်ထားတယ် "

" ဘယ်နေရာလဲ "

" ပဲခူးဆင်းပြီး လည်မယ်လေ "

" ဟင် ပဲခူးထိ ဆင်းလည်မယ် "

မျက်ဝန်းလေးပြူးကာ တအံ့တသြ ဖြစ်သွားတဲ့ ပန် နဖူး ပြေပြေလေးကို သူ ဖွဖွ ထုရင်း

" အင်းလေ "

" အဲလောက် အဝေးကြီးကို "

" ဒါမှ မောင်တို့ လွတ်လွတ်လပ်လပ် လည်လို့ရမှာပေါ့ ပန် ရယ် နော် "

ပန် ရင်ခုန်သံက တသိမ့်သိမ့်ခုန်လာကာ





" ပန်တော့ ရင်တွေ အရမ်းခုန်နေတာပဲ "

" ဘာဖြစ်လို့ "

" ကြောက်တာရော စိုးရိမ်တာရော ပြီးတော့ တွေးရင်း ပျော်တာရောပေါ့ "

" မောင်လဲ ပန့်လိုပဲ မယုံရင် မောင့်ရင်ခုန်သံကို နားထောင် ...ည့် "

ဖက်ထားမိသည့် ပန့်ကိုယ်လုံးလေးကို ခပ်တင်းတင်းညှစ်ကာ ...ရင်ခွင်ထဲ ထည့်ထားလိုက်သည်။

" သွား မောင် လူလည် "

" တကယ်ပါ ပန်ရယ် မောင်တို့ လည်ကြမယ်နော် "

" ဘယ်တော့လဲ "

" မနက်ဖြန် "

" ဟင်း ပြာကိုလည်း ခေါ်မယ်နော် "

" နှစ်ယောက်တည်း လည်ချင်တာပါဆို "

" မရဘူးနော် ခေါ်မှာပဲ "

" ခေါ်လေ စန်းအောင်ခန့်ကို အပါခေါ်လိုက်မယ် အဲဒီတော့"

" ဟွန်း လူလည် "

သူ့အတွေးကို သဘောပေါက်သွားသည့် ပန်က ရှက်စနိုး



www.burmeseclassic.com

www.burmeseclassic.com



ပြောဏ်။

" လည်ရမှာပေါ့ ပန်ရယ် ချစ်သူနဲ့ နှစ်ယောက်တည်း ရင်ခုန်ချင်တာကိုး "

" ပန်က ရင်မခုန်ချင်ပါဘူးနော် "

" ဒါဆို နက်ဖြန် ပဲခူး မလည်ဘူးပေါ့ "

" မောင့်ကို သနားလို့ "

ချစ်ခြင်းတွေ ဆူဝေသံလေးနဲ့ ခပ်နွဲ့နွဲ့လေးပြောရှာတဲ့ ပန်နှုတ်ခမ်းလေးကို သူ တစ်ရှိုက်နမ်းခွင့်ရချင်လိုက်တာ။

ဘယ်တော့များ နမ်းခွင့်ရမလဲနော်။

နမ်းခွင့်မရတော့လည်း လည်တိုင်ချင်းယှက်ကာ ပန် ဆံနွယ်လှိုင်းကလေးကို မွှတ်သိမ့်စွာ နမ်းရှုံ့ပေါ့။

" နက်ဖြန် ဆက်ဆက်နော် ပန် မောင်တို့ အတန်းဖျက်ပြီး သွားမယ် ကျောင်းဝက စောင့်နေ "

" အင်း "

ချစ်စဖွယ် ခေါင်းညိတ်လိုက်တဲ့ ပန့်ပုံစံလေးက အပြန်ကင်းစင်စွာ သူ့နှလုံးသားထဲစီးမျော ကြည်နူးလှိုက်ဖို နေစေသည်။

ချစ်သူနဲ့ နှစ်ယောက်တည်း လျှောက်လည်ရမယ်ဆိုတဲ့ အတွေးနဲ့ ညက သူ အိပ်မပျော်နိုင်ခဲ့။





ခုတော့

သူ သက်ပြင်းအကြိမ်ကြိမ်ချကာ။

ပန် မောင့်ကို မျှော်နေရှာမှာ။

မောင် ရောက်မလာလို့ ပန် စိတ်ဆိုးနေမှာလားကွယ်။

စာရင်းလုပ်ရင်း ငေးလိုက် ငိုင်လိုက် တွေးလိုက်နဲ့ သက်ပြင်းအကြိမ်ကြိမ်ချနေတဲ့ သားကို ဒေါ်ရွှေစင်ဝင်း မသိမသာ အကဲခတ်ရင်းခေါင်းတွင်တွင် ရမ်းလိုက်သည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

" ဝမ်းမနည်းပါနဲ့ ပန်ရယ် "

ဝမ်းမနည်းပါနဲ့လို့ ပြာ ချော့တဲ့အခါက ပန် နှလုံးသား ဝမ်းနည်းလာစေသည်။

" အကြောင်းတစ်ခုခုရှိလို့ မလာတာ ဖြစ်မှာပေါ့ကွယ် "

" ဘာပဲဖြစ်ဖြစ် တစ်ချက်ကလေးတော့ အကြောင်းပြန်ရင် ကောင်းပါတယ် "

" အချိန်မရလို့ ဖြစ်မှာပေါ့ကွယ် "

" အချိန်မရရင် ဘာဖြစ်လို့ ချိန်းရတာလဲလို့ "

ဝမ်းနည်းသံရောနေတဲ့ ပန် အသံတိုးတိုးလေးက ကရုဏာ သက်စရာ။

" ပန် အချစ်ကို သူ အထင်သေးတယ် ပြာရယ် "





" မဟုတ်တာ "

" ပန်တော့ အဲလို ထင်တာပဲ "

" ပန်ရယ် မဆိုင်တာ တွေးမနေပါနဲ့ "

" ဟုတ်တယ်လေ ပန့်အချစ်ကို အထင်သေးလို့ပေါ့ ချိန်းထားပြီးမှ "

ခရမ်းပြာ မသိမသာ သက်ပြင်းချကာ ပန် ထိုင်နေတဲ့ အတ်ခုံလေးမှာ ထိုင်ချလိုက်ပြီး

" ပန်ရယ် အထင်နဲ့ အပြစ်ဖွဲ့နေလို့ ဘာထူးမှာလဲ နဝင်းနဲ့တွေ့တဲ့အခါ ဘာလို့ ချိန်းထားပြီးမလာလဲလို့ မေးလို့ရသားနဲ့ "

" မေးတော့လည်း ဘာထူးမှာလဲ ဘာညာ အကြောင်းပြမှာပေါ့"

" လက်ခံနိုင်တဲ့ အကြောင်းပြချက်ဆိုရင် ပန် နားလည်ပေးရမှာ ပေါ့ကွယ် "

" အင်းလေ မောင် ဘယ်လိုပဲ အကြောင်းပြပြ ပန်တို့က ဘာပြောပိုင်ခွင့်ရှိမှာလဲ အခြေအနေချင်း မတူတော့လည်း "

" အဲဒါကြီးကို ထည့်မတွက်နဲ့လေ "

" မတွက်လို့ရမလား အခြေအနေချင်းတူရင် မသွားဖြစ်ရင် တောင် ဖြေရှင်းချက်လေးတော့ လာပေးမှာ ခုတော့ ထိုင်စောင့်နေတဲ့ နေက အရူးလိုပဲ "



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေချင်း မတူလို့ အစဉ်သိမ်ငယ် နေတတ်တဲ့ ပန်က ပြောတော့လည်း ဟုတ်သားပဲ။

" လာလိမ့်နိုးနဲ့ စောင့်နေတာ "

" ကဲ ပါ ပန်ရယ် နေတောင်ဝင်နေပြီ ပြန်ကြပါစို့နော် မိုးသိပ်ချုပ်နေရင် ပန် အမေစိတ်ပူနေမှာ လာသွားစို့ "

ပြာ အရင်ထရပ်ကာ ပန် လက်ကောက်ဝတ်ကို ဆွဲထစေသည်။ ပန်မှာ အားမရှိသလို ဖျော့တော့ကာ။

ဘာဖြစ်လို့ ပန့်ကို အရှုံးလုပ်ရတာလဲကွယ်။

ပန် အဖြေမပေးတော့လည်း အသည်းအသန် ဖြစ်ပြနေတာ။

အဖြေလည်း ပေးလိုက်ရော ပျော်လို့မော်လို့ ။

ပန် အချစ်တွေ ပေးချင်တဲ့အခါမှ မောင်က ပေါ်မလာ။

မောင့် တောင်းဆိုမှုကို အလွယ်တကူ ခေါင်းညိတ်မိလို့ မောင် ပြက်ရယ်ပြုလိုက်တာလား။

ဟုတ်မှာပါလေ။

ပန် ဆင်ခြင်ရမှာပေါ့။

မောင့်ကို တွေ့လိုက်ရင် ပန် ဆင်ခြင်နိုင်ပါ့မလား။

ထိုအတွေးက ပန် နှလုံးသားကို နှိပ်စက်လွန်းလှသည်။ ထိုညက ပန် လုံးဝ အိပ်မပျော်ခဲ့။





မောင့်ရင်ဘတ်ကို တပုန်းပုန်းထုပြီး ပန် အချစ်ကို အထင်သေး ရက်တယ်လို့ ပြောရင်း စိတ်ကောက်ချင်စိတ် ရှန်းကြွလာသည်။

ဒါပေမဲ့ ထိုနေ့ကစပြီး မောင့်ပုံရိပ်ကို မမြင်ရတာလေ။ ဒီနေ့ပါဆို တစ်ပတ်တိတိ ပန် ဘယ်လိုမှ မနေတတ်လောက်အောင် ဝမ်းနည်း လာသည်။

ပန့် မျက်ရည်ကို မောင် မမြင်အောင် တိတ်တိတ်ကလေး ကျနေရတဲ့ နှလုံးသားက အပေါက်အပြဲတွေနဲ့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေပြီ မောင်ရယ်။

ငေးငေးငိုင်ငိုင်နဲ့ အရာရာကို စိတ်မဝင်စားသလို ဖြစ်ကာ မှိုင်တွေနေတဲ့ ပန့်ကို အမေ ရိပ်မိလာပြီထင်သည်။

" မိပန် နေမကောင်းဘူးလား ဘာဖြစ်နေတာလဲ "

နဲ့ မေးခွန်း တွေထုတ်နေပြီ။

" ဟုတ်တယ်. မမပန် ခုတလော တစ်မျိုးပဲ တမှိုင်မှိုင်နဲ့ ဘာဖြစ်နေတာလဲလို့ "

ညီမလေးကတောင် စပ်စုလာပြီ။ ပန် ဘယ်လိုဖြေရပါ့မလဲ ကွယ်။

" ဘာ ဘာမှ မဖြစ်ပါဘူး "

ပန် မလုံမလဲ ဖြေပေမယ့် အမေက ဘဝင်မကျ။ ဆေးခန်းပြခဲ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မပျက်ဘဲ

" ဘာမှ မဖြစ်ရင် အရင်နဲ့ဘာလို့ မတူရတာလဲ မိပန်ရယ်"

" နည်းနည်းပင်ပန်းလို့ပါ အမေရယ် "

ပန် မျက်နှာပြင်ကို အနိုင်နိုင် ဖုံးဖိဟန်ဆောင်ထိန်းကာ ငြိုးငြူငြူလေး ပြောကော့ အမေမျာ သက်ပြင်း မောကြီးချရင်း

" အင်းလေ ကျောင်းတစ်ဖက်နဲ့ ဈေးဝယ်ရ ဈေးရောင်းရနဲ့ဆို တော့လည်း ပင်ပန်းမှာပေါ့ နောက်နေ့ကစပြီး ပန် ဈေးထဲမလာနဲ့တော့ အမေ့ဘာသာ အဆင်ပြေအောင် ရောင်းတော့မယ် "

" အို အမေကလည်း "

" ရပါတယ်အေ "

" မဟုတ်တာ "

" မဟုတ်တာတွေ ဟုတ်တာတွေ လုပ်မနေပါနဲ့ မိပန်ရယ် သမီး ပင်ပန်းတယ်ဆိုရင် အမေ မကြည့်ရက်နိုင်ပါဘူးကွယ် "

ရိုးသားလွန်းရှာတဲ့ အမေ့မျက်နှာကိုကြည့်ရင်း ပန် တစိမ့်စိမ့် ဝိုကြွေးမိသည်။ အမေက ပန်ကို အတိုင်းမသိ ငဲ့ညှာနေတာ။

မောင်ကသာ ပန်ကို မငဲ့ညှာနိုင်တာလေ။

" အင်းနော် နဝင်း ပေါ်မလာတာ တစ်ပတ်ရှိပြီ ဘာဖြစ်လို့လဲ မသိ "





ပြာကပါ သတိတရ ဆိုလာသည်။

ပန် မကြားချင်ဟန်ဆောင်ပြီး စာကိုသာ အာရုံစိုက် စာကျက်နေ မိသည်။

" အရေးကြီးကိစ္စကြောင့်ပဲ ဖြစ်မယ် ပန်ရယ် ပြာ စုံစမ်း ကြည့်ရင် ကောင်းမယ် "

" မစုံစမ်းပါနဲ့ "

ပန် အသံလေးက အဖျားခတ်တုန်ခါနေတာ သနားစရာ။ ပန် မျက်နှာနွမ်းနွမ်းလေးကို ခရမ်းပြာ ကရုဏာသက်စွာ ကြည့်ပြီး။

" စုံစမ်းကြည့်တော့ သိရမှာပေါ့ကွယ် "

" နေပါစေဟယ် "

" မဟုတ်ဘူးလေ နေမကောင်း ဖြစ်နေသလား ဘာလဲ "

" ဟင်း "

" ဟုတ်တယ်လေ နေမကောင်းဖြစ်နေတာဆိုရင် ဘယ်နှယ့် လုပ်မလဲ "

ပြာ ပြောတော့လည်း မောင့်ကို ချစ်တဲ့စိတ်နဲ့ စိုးရိမ်မိပြန်သည်။

" မောင် တကယ်ပဲ နေမကောင်း ဖြစ်မယ်ထင်လား ပြာရယ်"

" အသေချာ မပြောနိုင်ဘူးလေ ဒါကြောင့် စုံစမ်းကြည့်ချင်တာ"

ပန် မျက်ဝန်းထောင့်မှ စီးကျလုလုဖြစ်နေတဲ့ မျက်ရည်စကို



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးလေးနဲ့ ဖယ်လိုက်၏။

" ပန်လေ မောင့်ကို စိတ်ဆိုးချင်တယ် တကယ် "

" ဘာဖြစ်လို့ "

" ပန်ကို အစိမ်းချည်းဖြတ်ထားသလို ဖြစ်နေတာလေ ပန် ဘယ်လောက် ခံစားရလဲ "

" ပြာ နားလည်ပါတယ် ပန်ရယ် ဒါကြောင့် ကိုခန့်နဲ့ စုံစမ်းနိုင်း ကြည့်မယ်လေ "

" ချစ်သူဘဝက ပူလောင်တတ်မှန်း ပန် ခုမှ သိရတယ် "

" ဒီလိုပါပဲ ပန်ရယ် အချစ်ဆိုတာ ပူလောင်လိုက်အေးချမ်းလိုက် ကြည်နူးလိုက်နဲ့ လုံးချာလိုက်နေတာလေ "

" သိသိရက်ချည်းနဲ့ ပန့်ကို ဘာဖြစ်လို့ ဖိအားပေးရတာလဲ ပြာရယ် ခုတော့ ပန် နှလုံးသားပဲ ပူလောင်နေရပြီလေ "

အချစ်အတွက် အပြစ်မြင်သလိုရွတ်လိုက်တဲ့ ပန်ကို ခရမ်းပြာ စိတ်မဆိုးရက်။

" ဒီလို ပူလောင်မှန်းသိရင် ပန် အစကတည်းက မောင့်ကို ချစ်တယ်လို့ အဖြေပေးခဲ့မှာ မဟုတ်ဘူး "

" ပန် ရယ် "

" တကယ်ပြောတာ ပြာရယ် "





ပန့်ပခုံးလေးကို အားပေးဆုပ်ကိုင်ကာ ခရမ်းပြာ နှစ်သိမ့်ပေးမိသည်။

" ဒီလောက်လဲ စိတ်လျှော့မထားပါနဲ့ကွယ် ကိုခန့်ကို စုံစမ်းနိုင်းမယ်လေ စိတ်မပူပါနဲ့နော် "

" ပန် စိတ်ထဲမှာ တစ်ခုခု ဖိထားသလိုလေးပြီး မွန်းကြပ်နေတာ ပြာရဲ့ "

" ဘယ်လို "

" ဟုတ်တယ် အဲသလိုချည်း ဖြစ်နေတာ "

ခရမ်းပြာ သက်မညင်ညှင်ချပြီး

" ဘာလဲ ပန်လိုပါပဲ "

" မဟုတ်မှလွဲရော မောင်နဲ့ပန် ချစ်သူဖြစ်တာကို တစ်ယောက်ယောက်သိသွားလို့လား ပြာရယ် "

ပန့်အထင်က ပြာရင်ကို ပိုပြီးလေးလံ သွားစေသည်။

" ဟုတ်တယ် သိသွားလို့ဖြစ်မယ် ခုလောက်ထိ မောင်က ပန့်ကို မတွေ့ဘဲနေနိုင်မှာ မဟုတ်ဘူး ပြာ မောင် ပန်ကို သိပ်ချစ်တာ ပန် ခံစားလို့ရတယ်လေ "

ဘာအကြောင်းကြောင့် ချစ်သူနှစ်ဦးက စိမ်းစိမ်းချည်း ကွဲကွာနေရတာလဲကွယ်။ ခရမ်းပြာ တွေးတောပြီး အဖြေရှာကြည့်ရမယ့်



www.burmeseclassic.com

www.burmeseclassic.com



အခြေတာ ထွက်မလာ ပန့်ပါးပြင်ပေါ် စီးကျလာတဲ့ မျက်ရည်တွေကို သုတ်ပေးမိ။

ပန်ရယ်။

နဝင်းကို အဲသလောက်တောင် ချစ်တယ်နော်။

✿ ✿ ✿ ✿ ✿



## အခန်း (၁၇)

အဆက်မပြတ် စောင့်ကြည့်လိုက်ခြင်းကြောင့် သားမှာ လျှို့ဝှက်ချက် တစ်စုံတစ်ရာ ရှိနေတယ်ဆိုတာ ဒေါ်ရွှေစင်ဝင်း အကဲခတ်မိ၏။ မတစ်ရက် သိပ်မသိသာပေမယ့် နောက်ရက်တွေမှာ သိသာလာသည်။

သား ဒီနေ့လည်း ကျောင်းမတက်နဲ့လို့ ပြောလိုက်စဉ် သား မှုရှုးရှားရှားဖြစ်ကာ

" မာမီ သားကျောင်းပျက်နေလို့ မဖြစ်ဘူးလေ "

" ဘာဖြစ်လို့ "

" စာလိုက်မနိုင်ရင် "

" ရတယ် သား ရိုးရိုးမေဂျာပဲ စာလိုက်မနိုင်ပေမယ့် အောင် တယ် "

ကွက်ခနဲညိုသွားတဲ့ သားမျက်နှာကို ဒေါ်ရွှေစင်ဝင်း မထိတရိ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" မာမီရယ် ဘာအလုပ်မှ မရှိဘဲနဲ့ "

" ရှိတယ် သားအတွက် အလုပ်တွေ မာမီ့ဆီမှာ ပုံလို့ "

သူ့ ရင်မှာ ခိုးလုခုလုဖြစ်တာ မာမီကို အသနားခံသလို မော့ကြည့်ပြီး

" သား ကျောင်းကအပြန် လုပ်ပေးမယ်လေ မာမီရယ် နော်"

" မာမီအလုပ်က အရေးကြီးတယ် သား လာ မာမီနဲ့လိုက်ခဲ့"

ပိရိသေသပ်လွန်းတဲ့ မာမီ အမူအယာနဲ့ လုပ်ရှားမှုက ဘာတွေ လဲ သူ နားလည်နိုင်စွမ်း မရှိတော့။ မာမီနောက် တကောက်ကောက် လိုက်နေရပေမယ့် သူ့ နှလုံးသားမှာ မီးလောင်နေပြီ။

ပန် စိတ်ဆိုးနေမှာလား။ ဒါမှမဟုတ် မုန်းသွားမှာလား။

ထိုအသိက သူ့ချစ်ခြင်းကို ထိခိုက်စေကာ ယောကျာ်းတန်မဲ့ မျက်ရည်ကျချင်ချင် ဖြစ်လာသည်။

သိမ်ငယ်နေရှာတဲ့ ပန်ဆိုလျှင် ဝမ်းနည်းပြီး မျက်ရည်ကျရှာမှာ ပေါ့နော်၊ ပန်ရှေ့ရောက်အောင် တောင်ပံတစ်စုံတပ်ပြီး ပျံသန်းလာခွင့် ရချင်ပါတယ် ပန်ရယ်။

ခုတော့။

" သားကို မာမီတို့ရဲ့ကုမ္ပဏီလုပ်ငန်းတွေ စက်ရုံလုပ်ငန်းတွေ အားလုံးကို နားလည်စေချင်လို့ပါကွယ် "





မာမီ ပိပိရိရိပြောနေပေမယ့် သူ့နားထဲမကြားတစ်ချက် ကြားတစ်ချက်၊ မှုပျက်နေတဲ့ သားက တစ်ရက်ထက်တစ်ရက် သိသာ သည်။

" ဝင့်က သားကို လုပ်ငန်းရှင်ကြီး သိပ်ဖြစ်စေချင်တာလေ ကြောင့် မာမီက သင်ပေးနေတာပါကွယ် "

" ဝင့်လေးက သိပ်ပြီးချော်ရှယ်ချက်ကြီးတာ သားရဲ့ စိတ်ရည် နဲ့ လုပ်မှပေါ့ကွယ်နော် "

မာမီ ချော့ချော့မော့မော့ ပြောနေတဲ့ စကားလုံးတွေနောက်မှာ နှလုံးသားက တည်ငြိမ်အောင် ထိန်းချုပ်နိုင်ဖို့ ခဲယဉ်းလာသည်။

တစ်ရက် နှစ်ရက်က တပတ်တိတိဖြစ်လာတော့ သူ့စိတ်ဓါတ် ယိုင်ခနဲကျကာ

" သား အတန်းပျက်နေတာ တစ်ပတ်တိတိ ရှိနေပြီ မာမီရယ်"

" အဲဒီတော့ "

" သား ကျောင်းသွားချင်ပြီ မာမီရယ် "

" သွားချင် သွားတော့လေ "

" ဟင် တကယ် တကယ်လား မာမီ "

" သား ကျောင်းကို မခွဲနိုင် မခွာရက် ဖြစ်နေမှတော့ သွားပေါ့ ...ယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဟာ ဝမ်းသာလိုက်တာ မာမီရယ် မာမီကို အရမ်းကျေးဇူး
တင်ဘာယ် "

လိုအင်ပြည့်ဝသွားတဲ့ ကလေးတစ်ယောက်လို ဂွမ်းထိုးမတတ်
ပျော်မြူးသွားတဲ့ သူ့ သားကို ခပ်ပြုံးပြုံးလေးစိုက်ကြည့်ပြီး

" ကျေးဇူးတင်စရာ မလိုပါဘူး သားရယ် "

" အဲဒါလေးတွေကြောင့် မာမီကို ချစ်ရတာ "

ပါးပြင်ကို ချစ်စနိုးမွှေးကြူကာ ထွက်သွားတဲ့သားကို ဒေါ်ရွှေစင်
ဝင်း အပြုံးမပျက်ကြည့်ရင်း ရိပ်စားမိတဲ့ တစ်စုံတစ်ရာကို အတိအကျ
သိစေဖို့ ခပ်ကြိတ်ကြိတ်လေး နှုတ်ခမ်းပိတ်ကာ မျက်နှာလေး မော့လိုက်
သည်။

သားရယ်။

ကျောင်းတက်ဖို့ ဘာကြောင့် ဒီလောက်ထိ စိတ်ထက်သန်စွာ
မြူးကြွနေရတာလဲ။ ကျောင်းမတက်ရဘူးလို့ တားလိုက်တော့ ပျက်ယွင်း
သွားတဲ့ သားမျက်နှာနဲ့ ကျောင်းတက်ခွင့်ရတဲ့ သားမျက်နှာက ဘာကြောင့်
သိသိသာသာ ပြောင်းလဲသွားသလဲ ဆိုတာ သားက အသိဆုံး နေမှာလေ။

✿ ✿ ✿ ✿ ✿





" ပန် "

ချစ်သူကို တစ်ပတ်တိတိ အဆက်ဖြတ်ထားသလို ဖြစ်ခဲ့ရတဲ့
ွက် မောင့်ကို စိတ်ကြိုက် အပြစ်တင်ပါတော့ကွယ် ချစ်သူလက်ဖျား
ကို ယုယကာ ဆုပ်ကိုင်ရင်း မွတ်သိမ့်စွာ ကြည့်ပြီး။

" ပန် မောင့်ကို စိတ်ဆိုးနေလား ဟင် "

မောင့်ကိုတွေ့ရင် ရင့်ရင့်သီးသီးပြောပြီး အဆက်ဖြတ်လိုက်
ှမယ်လို့ မာနနဲ့ဆုံးဖြတ်ထားပေမယ့် မောင့်ကို မြင်ရတော့ ချစ်တဲ့
သားက မနေနိုင်ပြန်။

" မောင့်ကို မမုန်းလိုက်ပါနဲ့ ပန်ရယ်နော် မောင်လေ ပန့်ကို
င်သေးလို့ မဟုတ်ပါဘူးကွာ မောင်ပြောတာ ယုံလား အချစ်ရယ်
ြည်ပါနော် "

မောင့် စကားလုံးနောက်က စီးဝင်လာတဲ့ မောင့် ရင်ခုန်သံကို
ဘယ်လို မာနနဲ့တင်းခံရမလဲကွယ် မောင့်ရင်ခွင်က ပန် နှလုံးသား
ွက် အလွမ်းမပြေနိုင်တဲ့ ကွန်းနီရာကမ္ဘာလေးပါ။

" မောင် ရယ် "

ပန့်ကိုယ်လုံးလေးက မောင့်ရင်ခွင်မှာ အိခနဲ ညွှတ်ကျသလို
င့်ရင်ခွင်ကလည်း ပန့်နှလုံးသားအတွက် အဆင်သင့်ဖွင့်ထားတာပါ။

" သိပ်ချစ်တာပဲကွာ မောင်လေ ပန့်ကို ဘယ်လောက်ချစ်လို



www.burmeseclassic.com

www.burmeseclassic.com



သလဲဆိုတာ ခွဲနေရမှ အဖြေထွက်လာတယ် ချစ်ရယ် "

" ပန်လည်း မောင့်လိုပါပဲ "

" မောင်လေ မာမီ့ဆန္ဒကို မလွန်ဆန် ဝံ့လို့သာပေါ့ "

" မောင့် မာမီက သိသွားလို့လား ဟင် "

" မသိပါဘူး ပန်ရယ် "

" ဒါဆို ဘာဖြစ်လို့ "

" မောင့်ကို အလုပ်တွေ ဖိနိုင်းနေတာလေ "

မောင့် အဖြစ်ကို သိရတော့လည်း ပန် စိတ်မကောင်းဖြစ်ရသည်။

" မောင်လေ ပန် မောင့်ကို မုန်းသွားမယ်ထင်ပြီး မောင့်ရင်တွေ ဆူပွက်နေတာပဲ "

" ပန်လည်း ပန့်မာနနဲ့ မုန်းမှာပဲလို့ တွေးမိပေမယ့် မောင့်ကို မြင်တော့ မာနတွေ ဘယ်ရောက်ကုန်မှန်း မသိဘူး "

" ဒါကြောင့် ပန်ကို သိပ်ချစ်ရတာပေါ့ "

မွတ်သိပ်ဖွယ် မောင့်အချစ်တွေက အနမ်းတွေအဖြစ်နဲ့ ကြွေကျလာသည်ကို ပန် မတားဆီးရက်တော့။

" ပန်လည်းလေ မောင့်ကို ခုမှ တကယ်ချစ်တတ်မှန်း သိလာတယ် "





" တကယ် "

" တကယ်ပေါ့ "

" တကယ် ချစ်တတ်မှန်းသိတဲ့ ချစ်သူလေးကို မောင်ကလည်း တကယ် ချစ်တဲ့အချစ်တွေ ပေးချင်တယ် "

" မပေးပါနဲ့တော့ မောင်ရယ် "

" ဘာဖြစ်လို့ "

" ဒီထက်ချစ်တတ်လာရင် ပန် ရူးရချည်ရဲ့ "

ချစ်သူ မေးဖျားလေးကို ပင့်၍ ညွတ်ညွတ်နူးနူး ပြောမိ... သူ့နှလုံးသားမှ လိုက်ဖိုလာသည်။

" ဟုတ်တယ်နော် ဒီထက်ချစ်တတ်လာရင် မောင်လည်း ရူးသွားနိုင်တယ် "

လေညှင်းလေးတွေရဲ့ ကျီစယ်မှုများနှင့်အတူ ချစ်သူနှစ်ဦးရဲ့ အကြည့်တွေက နူးညံ့သိမ်မွေ့စွာ

" ဟုတ်တယ်နော် ပန် "

" အင်း "

" မောင်တော့လေ ပန်နဲ့ တစ်ပတ်လောက် ခွဲရရုံနဲ့ ဒီလောက် ...တားရတာ တွေးပြီး ရင်လေးမိတယ် "

" ဘာဖြစ်လို့လဲ မောင်ရယ် "



www.burmeseclassic.com

www.burmeseclassic.com



“ ပန်နဲ့ကို မောင် ဖုံးကွယ်မထားချင်ဘူး ”

“ ဘာကိုလည်း ဟင် ”

“ မောင့် မိဘတွေက ဝင့်နဲ့ မောင့်ကို ”

ပန် ရင်မှာ ဆိမ့်ခနဲ့ ဟာသွားသလို။

“ ဒါပေမဲ့ မောင် ဝင့်ကို လုံးဝ မချစ်ဘူး ဝင့်ကိုလည်း ဖူး လက်မထပ်နိုင်ဘူး ပန်ရယ် မောင့်ဘဝကို ပန် ချစ်ခြင်းနဲ့ တည်ဆော မောင် ဆုံးဖြတ်ထားတယ် ဝင့် အကြောင်းပါလာလို့ ပန် စိတ်ထိခို မသွားနဲ့နော် ”

“ မောင်ရယ် ”

“ ဒီလိုပါ ချစ်ရယ် မာမီ ခိုင်းတဲ့အလုပ်တွေ လုပ်ရင်းနဲ့ ပန် မောင့်ဘဝ ပေါင်းဆုံနိုင်ဖို့ မောင်စိတ်နှစ်ပြီး ကြိုးစားချင်တယ် မောင့်ကို နားလည်ပေးနိုင်မလား ဟင် ”

ပန် မသိမသာ သက်မချတာ မောင့် ပခုံးကို အားကိုးတ ဖက်တွယ်မိသည်။

“ ပန်က မောင့်ကို ချစ်တဲ့သူပဲ နားလည်ပေးရမှာပေါ့ ”

“ မောင်ကလည်း ပန့်လိုပဲ ချစ်ရသူပါ ”

“ မောင် ”

“ ပြောလေ ပန် ”





“ မောင့်ဆီက ဘာမှ မမျှော်လင့်ဘူးနော် ”

“ မောင် ယုံပါတယ် ပန်ရယ် ဖြူစင်တဲ့ ပန့်ဘဝကို မောင် မြတ်နိုးပြီးသားပါ ဝင့် အကြောင်းပြောပြထားတာက ပန် နောက်မှ သိရရင် မောင့်ကို အပြစ်တင်နေမှာစိုးလို့ ကြိုအသိပေးထားတာပါ ”

“ ပန် နားလည်ပါတယ်လေ ”

“ ကဲ နားလည်တယ်ဆိုရင် မောင်နဲ့ပန် လျှောက်လည်ကြမယ်”

“ ဟင် ”

ပန် တအံ့တသြလေးကြည့်တော့ မောင် ခေါင်းလေးဆတ်ပြီး

“ ဟုတ်တယ်လေ လျှောက်လည်ကြမယ် ”

“ အတန်းမတက်တော့ဘူးလား ”

“ ဟင့်အင်း ”

“ မောင်ကလည်း ”

“ ပျက်တဲ့လက်စနဲ့ ဒီနေ့ဆက်ပျက်လိုက်မယ်လေ ”

“ ဟွန်း ”

“ ချိန်းထားလို့ ပျက်သွားတဲ့အတွက် မောင် အစားပြန်လျော်တာ ပဲ့ သဘောထားလေ မောင်တို့ အစီအစဉ်အတိုင်း ပဲခူးဆင်းလည်မယ် သာ ပန်လေး ”

အနမ်းလေးတွေနဲ့အတူ ပန့်ကိုယ်လုံးလေးကို ရင်ခွင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထွေးယူသွားတဲ့ မောင့်ကို ပန် ငြင်းနိုင်ပါ့မလားကွယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၁၈)

" ဘာ "

" ဟုတ်တယ် "

" သေချာရဲ့လား ဝေယံ "

" အန်တီစင်ကလည်း သားက လိမ်စရာလား "

" တောက် "

ဒေါ်ရွှေစင်ဝင်း အံတင်းတင်းကြိတ်ကာ လက်သီးဆုပ်လျက် ...တ်ခနဲ ထရပ်ကာ ဧည့်ခန်းထဲ မတည်မငြိမ်လျှောက်နေမိသည်။

" အခု ဘယ်လိုလုပ်မလဲ အန်တီစင် မမ သိရင် ပြဿနာ ထက်ကုန်မှာလေ "

" အန်တီ နားလည်တယ် သား ဒီကိစ္စ ဝင့်ကို အသိမပေးနဲ့ "

" အသိမပေးလို့တော့ ရပါတယ် အန်တီစင် ဒါပေမဲ့ နဝင်းကို ...ဒီအတိုင်းလွှတ်ထားရင် "



www.burmeseclassic.com

www.burmeseclassic.com



" အန်တီ နားလည်တယ် ဝေယံ "

" နဝင်းတို့အတွဲက အခု ပဲခူးဆင်းသွားတာလေ တော်ကြာ ခိုးပြေးတာဆိုရင် "

ဝေယံ စိုးရိမ်တကြီး သတိပေးသလို ပြောတော့ ဒေါ်ရွှေစင်ဝင်း ခေါင်းနပန်း ကြီးသွား၏။

" ဟင့်အင်း မဖြစ်ဘူး လာ ဝေယံ လိုက်ခဲ့ "

" ဘယ်သွားဖို့လဲ အန်တီ "

" သားတို့ ပဲခူးဆင်းသွားတယ်ဆို "

" ဟုတ်တယ် အန်တီ သတင်းအတိအကျရတာလေ "

" အဲဒါဆို ပဲခူးလိုက်ပြီး အမိဖမ်းရမှာပေါ့ "

" လာ ဝေယံ အန်တီတို့ လက်ဦးမှ ဖြစ်မယ် "

" ဟုတ်ကဲ့ အန်တီ "

ဝေယံက သွက်သွက်လက်လက် ညွှန်ခန်းဆိုဖာမှ ထ ဒရိုင်ဘာနေရာ တက်ထိုင်လိုက်သည်။

" မြန်မြန်မောင်း သား "

" စိတ်ချပါ အန်တီ "

ဝေယံက အန်တီ စိတ်ကျေနပ်စေဖို့ ကားကို လီဗာ လိုက်သည်။





နဝင်းကို ဝေယံ လက်လွှတ်အဆုံးအရှုံးမခံနိုင်။

အစ်မဖြစ်သူနဲ့ လုံးဝ အလွဲမခံနိုင်တဲ့စိတ်က ဘယ်လိုမှ သည်းမခံနိုင်တဲ့အဆုံး အန်တီကို ဖွင့်ပြောမိလျက်သား ဖြစ်သွားသည်။

✿ ✿ ✿ ✿ ✿

မျက်ဝန်းလေးစုံမှိတ်ကာ လက်အုပ်ချီ၍ တတွတ်တွတ် ဆုတောင်းနေတဲ့ ချစ်သူကို ကြည့်မဝနိုင်လောက်အောင် ဖြစ်ရသည်။ ရွှေမော်ဓောစေတီတော်ကို ဦးချပြီးတဲ့ ပန်လက်ထဲမှ သပြေပန်းစည်းယူကာ သူ လက်ထဲမှ သစ္စာပန်းစည်းနဲ့ ရောကိုင်၍ ပန်ကို ကြည်စင်စွာ ပြုံးကြည့် မိသည်။

" မောင်ကလည်း ဘာလို့ကြည့်နေတာလဲ "

" ချစ်မဝလို့ပေါ့ ပန်ရယ် "

" မောင်နော် ဘုရားရှေ့မှာ "

" ဘုရားရှေ့မှာပဲ မောင်တို့ သစ္စာဆိုခဲ့ကြတယ် မဟုတ်လား "

" အင်း "

ပန် ရှက်စနိုး မျက်လွှာချလိုက်တော့ သူ အတိုင်းမသိ ကြည်နူး သွား၏။



www.burmeseclassic.com

www.burmeseclassic.com



" အဲဒါ ရှက်စရာလား ပန်ရယ် "

" ရှက်တာက ရှက်တာပေါ့ "

" ရှက်တယ်ဆိုပြီး မောင်နဲ့ မခွဲတမ်း ချစ်ပါရစေလို့ ဆုတောင်းနေတာ မဟုတ်လား "

" ဟွန်း မောင် ဘယ်လိုသိသွားပြန်တာလဲ "

" ပန့်မျက်နှာလေးပေါ်မှာ ပန် ဆုတောင်းတဲ့ စာလုံးလေးထင်လာလို့ "

" အပိုတွေ ပြောပြန်ပြီ "

" မောင် ပြောတာ မှားလို့လား "

" ဟင့်အင်း "

" ဒါဆို "

" ဟုတ်တယ်လေ "

ခေါင်းလေးငုံ့ကာ ဆိုနေတဲ့ ပန်က ချစ်မဝစရာ။

" မောင်နဲ့ မခွဲတမ်း ချစ်ပါရစေလို့ ဆုတောင်းရတာပေါ့ "

" မောင်ကလည်း မခွဲတမ်းချစ်မှာပါနော် "

" ယုံပါတယ် "

မျက်နှာပေးလေး အနည်းငယ် တွန့်ပြောတဲ့ ပန် အမူအယာလေးက အသည်းယားစရာ





" ပန်နော် မောင် စိတ်မထိန်းနိုင်အောင် မလုပ်နဲ့ "

" ဟွန်း ပန်က ဘာလုပ်မိလို့လဲ "

" သိဘူးကွာ "

" မသိရင်လည်း ပြီးရော ပန်းတွေ ဘုရားပန်းအိုးထိုးတော့လေ "

ပန် ပြောမှ သူ ယူလာခဲ့ ပန်းတွေ ဆုပ်ကိုင်ထားဆဲဖြစ်ကြောင်း သတိထားမိသည်။

" ပန် နဲ့ အတူ ထိုးကြတာပေါ့ လာလေပန် "

" မောင်ပဲထိုးလိုက်ပါ "

" အကုတူဆိုတော့ ပိုကောင်းတာပေါ့ လာပါ ပန်ရယ် "

" မခွဲတမ်းချစ်မယ့် ချစ်သူဆိုတာ "

သည်းသည်းလှုပ် ပြောနေတဲ့ မောင့်ကို ပန် မျက်စောင်းထိုးပြီ။

" မောင်ဟာလေ အတော်သည်းတယ် "

" သည်းတာက ချစ်လို့ပါကွာ "

" ဟွန်း "

မောင်က ချစ်သလို ပန်ကလည်း ချစ်ရတာဆိုတော့။ မောင့်သဘောအတိုင်းပေါ့။ မောင့်လက်ထဲက ပန်းစည်းကို မောင်နဲ့အတူ



www.burmeseclassic.com

ဆုပ်ကိုင်ရင်း ဘုရားပန်းအိုးထိုးမိချိန်မှာ ရင်ခုန်မှုဖြင့် ကြည်နူးစွာ။

" တကယ်ပဲ မောင်တို့ မခွဲတမ်းချစ်ခွင့်ရမယ် ထင်တယ်နော် "

" မောင် ခံစားမိသလိုပဲပေါ့ "

ပန်းအိုးထိုးပြီး ပန် လက်ဖျားလေးကို မလွှတ်တမ်းဆုပ်ကိုင်ရင်း အပြန်အလှန် ကြည်နူးကြည့်ကလေးနဲ့ အဘူဆိုရင်း လှည့်အထွက်မှာ

" ဟင် "

ပန်တို့ ခြေလှမ်းတုန့်ခနဲဖြစ်ကာ မျက်ဝန်းများနှင့် ပြိုင်တူ မော့ကြည့်မိရင်း

" မာမီ "

သူ့ နှုတ်မှ အသံတိုးကြင်ကြင်လေး လိုမ့်ထွက်သွား၏။ ဒေါသ အထပ်ထပ်ကို ချုပ်ထိန်းထားတဲ့ ဒေါ်ရွှေစင်ဝင်း မျက်နှာပြင်က တင်းပြောင်လျက်နှင့် တစ်စုံတစ်ရာကို ခပ်ကြမ်းကြမ်း မပြုမူမိအောင် ထိန်းချုပ်ကာ။

" သား "

ကျစ်ခဲနေတဲ့ မာမီ အသံပြတ်က သူ့ သွေးကြောတွေကို လှုပ်ကြွ လာစေသည်။

" မာမီ သား "





သူ ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွား၏။ အရှိန်အဝါ ကြီးလွန်းတဲ့ မာမီအသွင်က နားလည်လို့မရအောင် ယှို့ဂုဏ် သိပ်သည်းမှု …တွေနဲ့ ရောယှက်နေကာ

" သား ကားပေါ်တက် "

မောင့် မိခင်ရဲ့ အေးစက်လွန်းတဲ့ စကားလုံးနောက်မှာ ပန် လက်ဖျားလေးကို ဆုပ်ကိုင်ထားတဲ့ မောင့် လက်ချောင်းကလေးက ရေခဲလို …အေးစက်သွားသည်။

" မာမီ ပြောနေတယ်နော် "

သူ မျက်လွှာချပြီး ပန့်လက်ဖျားလေးကို ဆွဲ၍ ထွက်ဟန် ပြင်တော့ မာမီက

" သား တစ်ယောက်တည်းကို မာမီ ပြောနေတာ "

စုတ်ပြတ်သတ်ကာ အဆင့်အတန်းမရှိတဲ့ မိန်းကလေးလက်ကို …ချွတ်ချင်ရက် ဖြစ်နေတဲ့ သားကိုကြည့်ပြီး ဒေါ်ရွှေစင်ဝင်းရဲ့ ဂုဏ်ထားတဲ့ …သက ပြူထွက်ချင်ချင် ဖြစ်လာသည်။

" ဝေယံ "

" ပြောပါ အန်တီ "

" သားကို ခေါ်သွား "

မောင့် မာမီရဲ့ အမိန့်နောက်မှာ ပန် လက်ကို ဆုပ်ကိုင်ထားတဲ့

www.burmeseclassic.com



မောင့်လက်ကို ဝေယံ ဆတ်ခနဲ ဆွဲဖြုတ်ပြီး ပန် အပါးမှ ဆွဲခေါ်သွား၏။

ဘုရားရေ။

ပန်တို့ဆုတောင်းက ပြောင်းပြန်ဖြစ်နေတာလား။ ပန်ကို စိတ်မချစွာ လှည့်ကြည့်ရင်း ပါသွားတဲ့ မောင့်မျက်ဝန်းက ချစ်ခြင်းတွေ ရစ်သိုင်းကာ။

ပန် ဘယ်လို နေရပါ့မလဲ။

ရှုးရဲတဲ့ မောင့်မာမီ မျက်ဝန်းက ပန့်ဘဝ ပန့်စိတ်နှလုံးကို တစ်စစ သိမ်ငယ်ကာ ခေါင်းငိုက်ကျသွားသည်အထိ။

" ဒီမှာ မိန်းကလေး "

မာကြောတဲ့ မောင့် မာမီ အသံက ကြွက်သီး တဖြန်းဖြန်း ထလောက်သည်။

" ပြော ပြော ပါ အန်တီ "

" မင်းနဲ့ ဆွေးနွေးချင်တယ် "

" ရှင် "

ပန် ဖျတ်ခနဲ မော့ကြည့်မိတော့ မောင့်မာမီ ကိုယ်ပေါ်မှ ပန်းရင့်ရောင် အင်္ကျီစလို မောင့်မာမီရဲ့ ပန်းရင့်ရောင်ခြယ် နှုတ်ခမ်းပါးက မသတည်သလို တွန့်လျက်သွားပြီ။

" မနက်ဖြန် တစ်နာရီ ညည်း ငါ့ ရုံးခန်းကို လာခဲ့ "





" ဟင် "

" ဒါပဲ "

ချာခနဲ လှည့်ထွက်သွားသည့် မောင့်မာမီကို ပန် ငေးကြည့်နေမိတာ အသက်မဲ့သွားသည့်အလား။

ပန်နဲ့ ဆွေးနွေးချင်တယ်တဲ့။

ဒါ ဘယ်နည်းနဲ့မှ မောင်နဲ့ပန် နှလုံးသားအတွက် ရလဒ်ကောင်း ဖြစ်လာမှာ မဟုတ်ဘူး။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

" မာမီ "

အသနားခံခေါ်မိတဲ့ သူ့အသံနောက်မှာ လှည့်ကြည့်လိုက်တဲ့ မာမီ မျက်နှာပေးက ဒေါသမီးများ လက်နေသည်မှာ သူ့နှလုံးသားကို ကျွမ်းလှမတတ်

" ဘာပြောချင်လို့လဲ "

" ဟို ဟို လေ "

သူ မျက်လွှာချကာ

" သားတို့ကို မခွဲပါနဲ့ မာမီရယ် "

" ဘာ ပြောတယ် "

" သား ပန်ကိုပဲ ချစ်တယ် မာမီ "

" တောက် "



" တကယ်ပါ မာမီရယ် ပန်က ရိုးသားတဲ့ မိန်းကလေးပါ "

" မင်း ပါးစပ်ပိတ်ထားစမ်း နဝင်း "

ဧည့်ခန်းထဲလှမ်းဝင်လာတဲ့ ဒယ်ဒီက ဒေါသတကြီး ပြောရင်း ဦးအပေါ် ဝုန်းခနဲ ထိုင်ချပြီး

" ကလေးကချေ အဆင့်အတန်းမျိုးနဲ့ မင်းမို့လို့ ဒီဇာတ်လမ်းမျိုး ခင်းရဲတယ်ကွာ "

" အဲဒါပေါ့ စင် အသည်းယားတာ ကိုယ့်အဆင့်အတန်းကို ကိုယ်မသိဘဲနဲ့ အညတြ မိန်းကလေးနဲ့ တွဲရတယ်လို့ "

" မင်းမို့လို့ မရှက်တာ ဒယ်ဒီ အံ့သြတယ်ကွ ဒီကိစ္စ သတင်းကျင် အသိုင်းအဝိုင်း သိသွားရင် ဘယ်လောက်တောင် ကဲ့ရဲ့စရာ ဖြစ်နေမလဲ မင်း သိပ်မိုက်တယ်ကွာ "

ဒယ်ဒီ မာမီတို့ရဲ့ ဆတ်ဆတ်ထိမခံ အတွက်က သူ့ နှလုံးသားကို ထပ်ဝစီ ကြွေနေသလို။

" ဒီမှာ သား အချစ်တွေ ဘာတွေ ညာတွေဆိုတာမျိုးနဲ့ ဒီတို့ကို အယူခံဝင်ဖို့ မကြိုးစားနဲ့ သားကို ဒီမိန်းကလေးနဲ့ မာမီတို့ ဆက်သက်မခံနိုင်ဘူး "

" သားမှာ ကိုယ်ပိုင်ခံစားခွင့် မရှိသင့်ဘူးလား မာမီရယ် "

" ဘာပြောလိုက်တယ် ပြန်ပြောစမ်း "



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတကြီး ဇုန်းခနဲထရပ်ရင်း ထိုင်နေတဲ့ သူ့ကို မ
မေးတော့ သူ တံတွေးမျိုချပြီး

" သား ရင်ထဲက ခံစားချက်ကို လွတ်လွတ်လပ်လပ် ခံစား
ရချင်လို့ပါ မာမီ "

" ဘာ ခံစားခွင့်လဲ ဟင် ကိုယ်နဲ့ဘယ်နေရာမှာမှ မတူမတန်
မိန်းကလေးကို ဘယ်လိုစိတ်မျိုးနဲ့ ရွေးချယ်တာလဲ သားရဲ့ရွေးချယ်မှု
သားဂုဏ်ကို ဘယ်လောက် ထိခိုက်စေသလဲဆိုတာ သိရဲ့လား နေ
သား ဒီလောက်တောင် ဖြစ်ရအောင် အဲဒီ မိန်းကလေးက ဝင့်ထ
သာလို့လား "

သူ့နှုတ် အလိုလို ပိတ်သွား၏။

" ပြောလေ ဝင့်ထက်သာတယ်ဆိုရင် မာမီတို့ စဉ်းစားပေး
လေ "

" မာမီရယ် "

" မင်း မျက်နှာချိုမသွေးနဲ့ နဝင်း မင်းစိတ်နဲ့မင်း ဘာ
လုပ်ခွင့်မရှိဘူး မင်းကို ဒယ်ဒီတို့ မွေးထားတာ ဒယ်ဒီတို့ စိတ်ဆ
နာခံရမယ် ဒယ်ဒီတို့တားရင် စောဒကတက်လို့ မရဘူးကွ "

နှုတ်ခမ်းလတ်ဆတ်တဲ့ နှလုံးသားကို ဖိသိမ့်ဖျက်ဆီးပစ်ဖို့ အတွ
တွေနဲ့ ကာဆီး ဟန့်တားနေတာလား ဒယ်ဒီ။





" မင်း ဒီနေ့ကစပြီး ကျောင်းမတက်ရတော့ဘူး "

" ဟင် "

" ဟုတ်တယ် သား ကျောင်းမတက်ရတော့ဘူး "

" အဲဒါ ဒယ်ဒီ အမိန့် "

သူ့ ရင်မှာ ဘာဖြစ်သွားမှန်းမသိ သူ အသိဝင်လာစဉ် ဒယ်ဒီနဲ့
ရှေ့မှာ သူ ရင်ဆိုင်လျက်သား ဖြစ်သွား၏။

" ဒယ်ဒီ "

" မင်း လုပ်ချင်ရာလုပ်ဖို့ ဒယ်ဒီ အခွင့်အရေး မပေးနိုင်ဘူး "

" မဟုတ်သေးဘူး ဒယ်ဒီ သား ချစ်သူထားတာ သားနှလုံး
အတွက် သား ကိုယ်တိုင် ရွေးချယ်တာပါ အဲဒီအတွက် ဒယ်ဒီတို့
အမှတ် မပြုရင်တောင် သားကို အမိန့်တွေနဲ့ ချည်နှောင်ထားဖို့
ဘူး ဒယ်ဒီ "

" ဘာပြောတယ်ကွ "

ဒယ်ဒီ လက်သီးတစ်ဖက်မြှောက်တက်လာသည်။ ထိုးချင်လည်း
တော့ သူ ခေါင်းငုံ့နေမိသည်။ မာမီက ဒယ်ဒီလက်သီးကို ဖယ်ချ
ပြီး

" သား "

မော့ကြည့်ပြီးခေါ်တဲ့ မာမီကို သူ ငုံ့မကြည့်မိ။



www.burmeseclassic.com

www.burmeseclassic.com



" ချစ်သူရွေးတယ်ဆိုတာ တွေ့ကရာ မှိန်းကလေးကို ရွေး

သားဘဝ ဘာဖြစ်သွားမလဲဆိုတာ စဉ်းစားကြည့်စမ်းပါ လူမွေးလူရော

မပေါ်တဲ့ မိန်းမက အချစ်ကြောင့် ဘာအရောင်ထွက်နိုင်လို့လဲ ငွေထ

ထောင်နဲ့ သားအမိသုံးယောက် ထမင်းဝအောင် စားဖို့ ကြံဖန်နေရ

အဲဒီမိန်းကလေးဘဝက ဘာမက်စရာရှိလဲ ဟင် ပြောစမ်း "

" မင်း မနက်သောက်တဲ့ ကော်ဖီတစ်ခွက်က ဘယ်လော

တန်သလဲ မင်း သိရဲ့လားကွ "

ပကာသနကို စစ်စစ်ပေါက်ပေါက် တိုင်းတာလို့ ရပေမ

အချစ်ကို တိုင်းတာလို့မရဘူးဆိုတာ ဘာလို့ မသိရတာလဲ ဒယ်

မာမီရယ်။

" မင်းကို ဒယ်ဒီတို့ ပြုစုပျိုးထောင်လာတာ ဆင်းရဲတွင်

နှစ်ချဖို့ မဟုတ်ဘူး "

" ဝင့် ထက်မသာတဲ့ ဘယ်မိန်းကလေးနဲ့မှ မာမီတို့ စဉ်

ပေးဖို့မရှိဘူး သား ဒီနေ့ကစပြီး သား ဒယ်ဒီအမိန့်အတိုင်း

ကျောင်းသွားဖို့ မလိုတော့ဘူး အရှင်းဆုံးပြောလိုက်မယ် ဒီတိုက်

ဘယ်မှထွက်ခွင့်မရှိဘူး ကိုအေးသောင်း "

" ဗျာ မမဝင်း "

မာမီရဲ့ လူယုံတော်က မာမီ ရှေ့လာရပ်သည်။





" သားကို စောင့်ကြည့် "

" စိတ်ချပါ မမဝင်း "

" ကဲ သား မင်းကြားတယ်နော် ဒယ်ဒီတို့ အရုက်ရအောင် လုပ်ဖို့မကြိုးစားနဲ့ "

" သတ္တိရှိရင် ကြိုးစားပါစေ ကိုမိုး "

မာမီ သူ့ကို စိန်ခေါ်နေတာလား။

" ဟုတ်တယ် စင် သတ္တိရှိလို့ ဒီတိုက်ထဲက ထွက်ဖို့ကြိုးစား ကြည့်ပစေ ကိုယ်တော့ စင့်သားကို ညှာမှာ မဟုတ်ဘူး "

" စင့်ကလည်း ညှာမှာ မဟုတ်ဘူး သားကို ဘယ်လောက် ချစ်ချစ် ချစ်တဲ့စိတ်ကို ရင်ထဲမှာပဲ ထားမယ် ဒီလို အညတြ မိန်းကလေး အတွက် မာမီအခွင့်အရေး မပေးနိုင်ဘူးဆိုတာ သား သိသွားစေရမယ်"

အတင်းအကျပ်ပြောလာတဲ့ ဒယ်ဒီနဲ့မာမီရှေ့မှာ သူ ဘယ်လိုလုပ် ရမလဲ။

ဆောက်တည်ရာ မရဖြစ်နေတဲ့ သူ့နှလုံးသားက ရူးသွပ်ချင်ချင် ဖြစ်လာသည်။

" စင် ဟိုမိန်းကလေးနဲ့ ဆွေးနွေးစရာရှိတာကို အပြတ်သားဆုံး ဆွေးနွေးတော့ "

" စိတ်ချပါ ကိုမိုးရယ် ဟင့် ဟင့် ဟင့် "



www.burmeseclassic.com

www.burmeseclassic.com



မာမီရဲ့ ခန့်သုံ့သုံ့ရယ်သံက ပန်နဲ့ သူချစ်ခြင်းကို ဖြတ်တောက်မယ့် ဓါးကြမ်မှာလား။

" မာမီ "

သူ မာမီရှေ့ ကြမ်းပြင်ပေါ် ထိုင်ချလိုက်ပြီး

" ဘာလဲ သား "

" ပန်ကို ဘာမှ မပြောပါနဲ့ "

" ပြောသင့်တာကို ပြောရမယ် သား မာမီရှေ့က တားနေစရာ မလိုဘူး မာမီ့သားက ဒီလိုမိန်းကလေးအတွက် မာမီ ရှေ့မှာ အောက်ကျခံစရာ မလိုဘူး "

မာမီ စကားလုံးတွေက သူ့ရဲ့ခံနိုင်မှုစွမ်းရည်ကို ပုံကျသွားစေသည်။

" ကဲ စင် သွားတော့ သားကို ကိုယ်စောင့်မယ် "

" ကိုအေးသောင်း ခြံသော့ခတ် "

ဒယ်ဒီ အမိန့်နောက်မှာ မာမီ ထွက်သွားသလို ခြံသော့တွေက အားလုံးခတ်လျက်သား။

ပန်ရယ် မောင် ပန့်ဆီ ဘယ်လို လာရမလဲ။

မောင်စွမ်းအားတွေ လိုချင်တယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၂၀)

" ဘယ်လို "

ခရမ်းပြာ မျက်လုံး အဆမတန် ပြူးကျယ်သွားပြီး ပန်ကို ငေးငေးသားကြည့်လိုက်သည်။ စိုးရိမ်ခွမ်းလျှနေတဲ့ ပန့်မျက်နှာလေးကို ပြတင်းပေါက်က လှမ်းမြင်နေတဲ့ သစ်ခြောက်ပင်အိုကြီးဆီ လှည့်ထားလိုက်သည်။

" မောင့်မာမီ ဘယ်လိုသိသွားလဲ မသိဘူး "

" အဲဒီတော့ "

" ဘာဖြစ်ရမှာလဲ မောင့်ကို ပြန်ခေါ်သွားတာပေါ့ "

" နဝင်းကလည်း ဘာလို့လိုက်သွားတာလဲ "

" မောင်က မောင့်မာမီကို အတော်ကြောက်ရလို့ပေါ့ "

" ဘာပဲဖြစ်ဖြစ်လေ ပန်ကို ငဲ့ဖို့ကောင်းတယ် "



www.burmeseclassic.com

www.burmeseclassic.com



ပန် မွှန်းကြပ်စွာ သပ်မချလိုက်မိသည်။

" နေပါဦး ပန်တို့က နှစ်ယောက်တည်း ဘာလို့သွားတာလဲ"

" ချိန်းပြီးလဲလွှဲနေလို့ ချက်ချင်းသွားဖြစ်တာ "

" ပြာတို့ပါရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး "

" ဘာတတ်နိုင်မှာလဲ "

" ပန်ရယ် အဲဒီအတွက် ပန် ဝမ်းနည်းနေလားဟင် "

" ဝမ်းနည်းတာထက် ရင်ထဲမှာ မွှန်းကြပ်နေတယ် "

" ဒီလိုတွေမှန်းသိရင် အစကတည်းက နဝင်းကို မသနားခဲ့ဘူး ပြာကိုက မကောင်းတာပါ ဟယ် "

ခရမ်းပြာက နောင်တရသလို ရွှတ်ရင်း ပန်ကို ကရုဏာသက်စွာ ကြည့်သည်။

" ဘာတတ်နိုင်မှာလဲ ကံ တရားအတိုင်းပေါ့ "

" ကံတရားအတိုင်း ဟုတ်လားပန် "

" အင်းလေ "

" အဲဒါဆို နဝင်း မာမိနဲ့ဆွေးနွေးဖို့ ပန့်ကို ချိန်းထားတယ် မဟုတ်လား "

ပန် နှုတ်ခမ်းပါးလေး မသိမသာတွန့်လိုက်ပြီး

" အင်း "





" ပန် သွားတွေ့ဖို့လား "

ပန် တခဏငြိမ်သက်သွားပြီးမှ ဦးခေါင်းရမ်းလိုက်မိသည်။ ခရမ်းပြာ နားမလည်သလိုကြည့်ကာ

" ဘာဖြစ်လို့ "

" ဆွေးနွေးရအောင် ပန် နဲ့ သူ့မာမိကြား ဘာအကန့်မှမရှိဘူးလေ "

" ပန် ဆိုလိုတာက "

" ရှင်းနေတာပဲ ပန်က ဘာအကြောင်းနဲ့ ဆွေးနွေးရမှာလဲ"

" အင်း ပန်တို့ အဖြစ်က စဉ်းစားလေ ခေါင်းစားလေပဲ "

" ဒါနဲ့ ပြာ စာအုပ်တွေပါရင် ပေးခဲ့ပါဟယ် "

ထိုအကြောင်းတွေကို ပန် မစဉ်းစားလိုတော့ အာရုံပြောင်းသွားစေဖို့ စကားလမ်းကြောင်း ပြောင်းလိုက်မိသည်။

" ဪ အင်း ပါတယ် "

ပြာက ဘေးလွယ်အိတ်က လက်ချာစာအုပ်တွေ ထုတ်ပေးသည်။ ပန် စာကူးဖို့ စာရေးစားပွဲမှာ ထိုင်သည်။

မနေ့က နှစ်ယောက်လုံး ဘာဖြစ်လို့ အတန်းပျက်တာလဲလို့ သိချင်တာနဲ့ ပန့်ဆီဝင်ခဲ့တာ ခုမှ အကြောင်းစုံ သိရတော့သည်။

ပြာ စကားဆက်ပြော နေစေချင်ပေမယ့် ပန် ဝင်မပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ပန် စာကူးနေလိုက်သည်။

" ဒါနဲ့ ဒီနေ့ကော ပန် အတန်းမတက်တော့ဘူးလား "

" ဟင့်အင်း "

" နဝင်းကော အတန်းလာပါ့မလား "

ပန့်ရင်မှာ နွမ်းလျသွားသည်။ သူ့မာမီ မျက်နှာက နားလည်ရခက်လောက်အောင် ပရိယာယ်ကြွယ်တာလေ။

" ပြာ သဘောကတော့ နဝင်း မာမီနဲ့ ပန် ထိပ်တိုက်တွေ့ပြီး ဆွေးနွေးလိုက်ရင် အခြေအနေကောင်းတစ်ခု ရနိုင်တယ်ဟ "

" စိတ်ကူးမယဉ်ချင်ဘူး ပြာရယ် "

" ဒါ စိတ်ကူးယဉ်တာမှ မဟုတ်တာ လက်တွေ့ကျကျ ဆွေးနွေးတာလေ "

" ပြာရယ် ဆွေးနွေးမယ်ပြောတဲ့ သူတို့စကားတွေနောက်မှာ ဂုဏ်တွေပကာသနတွေ ကပ်ပါလာရုံမကဘူး ထိပါးပုတ်ခတ်တဲ့စကားလုံးတွေနဲ့ ပန့်မာန ပန့်ဘဝကို ငုံ့ဖွဲ့ကြမှာလေ "

" အဲလိုလည်း တစ်ဖက်သတ် ပြောလို့မရဘူးလေ "

အကောင်းဘက် တွေးမြင်နေတဲ့ ခရမ်းပြာ မျက်နှာလေးကို ပန် နားလည်ပါတယ်။ ဒါပေမဲ့ အချစ်အတွက် ပန့်မာနနဲ့ဘဝကို ပန် အထိပါးမခံနိုင်တဲ့ ခံပြင်းမှုက လွှမ်းမိုးနေတာ ပြာမှနားမလည်ဘဲလေ။





" ပြာရယ် ပန် တစ်ဖက်သတ်ပြောနေတာ မဟုတ်ဘူး။ ပန်ကို မချိုးမနှိမ်ချင်ဘူး နိုက်ထက်စီးနင်း မဆက်ဆံချင်ဘူးဆိုရင် ဘာ အကြောင်းကြောင်းနဲ့မှ ပဲခူးထိ လိုက်လာပြီး ပန်နဲ့မောင့်ကို ခွဲပစ်ဖို့ ကြိုးစားမှာ မဟုတ်ဘူးလေ "

" ရုတ်တရက်ဆိုတော့လည်း နဝင်း မာမီ ဒေါသ ဖြစ်သွားလို့ နေမှာပေါ့ "

" ဘာပဲဖြစ်ဖြစ် ပန် ဘယ်သူ့နဲ့မှ အတွေ့မခံချင်ဘူး ပြာရယ် အတွေ့မခံပါရစေနဲ့ "

ခေါင်းမာလွန်းတဲ့ ပန်ကို ခရမ်းပြာ ဖြောင်းဖြလို့ရမည် မထင်တော့ ပြာ ဦးခေါင်းလေးရမ်းကာ ပန်ကို ကြည့်ရင်း

" အင်းလေ ပန့်သဘောပေါ့ ပြာကတော့ နှစ်ဦးနှစ်ဖက်ကို ပြေလည်စေချင်လို့သာ တွန်းအားပေးရတာပါ "

" ပန် နားလည်ပါတယ် "

" ပြာ စိတ်ကို နားလည်တယ်ဆိုရင် ပြာ ကျေနပ်ပါတယ် "

" ကဲ ပြာ သွားတော့မယ် "

" ဒီမှာ စာကူးလို့မပြီးသေးဘူး "

ပြာ ထရပ်ရင်း

" ပြီးအောင်ကူးလေ နောက်နေ့မှ စာအုပ်ပေးတော့ "



www.burmeseclassic.com

www.burmeseclassic.com



“ အင်း ”

“ အဲဒီနေ့ နက်ဖြန် ပန် ကျောင်းတက်မယ်မဟုတ်လား ”

“ မသေချာဘူး ”

“ တက်လိုက်ပါဟယ် နဝင်း ကျောင်းတက်ရင် ပန်တို့ စကား ပြောခွင့်ရမယ်လေ ”

“ ပန်တော့ မောင့်ကို မမျှော်လင့်ရဲတော့ပါဘူး ”

ပန့်အသံလေးက ဝမ်းနည်းမှုကြောင့် တိုးဖျော့သွားသည်။

“ ပန်ကလည်း ဟယ် ”

“ ကဲပါ သွားတော့လေ ”

ဝမ်းနည်းစိတ်ကို ထိန်းရင်း ပြောလိုက်မိသည်။

“ ဟိုတစ်ခါလို ဝမ်းနည်းပြီး ငိုမနေနဲ့နော် ”

ပြာ စာနာစွာ သတိပေးတော့ ပန် အသက်ရှုကြပ်သလို ဖြစ်သွားသည်။ ငိုင်ကျသွားတဲ့ ပန်ကို စာနာစွာ ကြည့်ရင်း

“ ပြာ သွားတော့မယ် ”

နှုတ်ဆက်ထွက်သွားတဲ့ ပြာ့ကို ပန် ဘာမှပြန်မပြောဖြစ်တော့ ပြာ နောက်ကို ငေးရင်း

“ မောင်ရယ် ဝေးရတော့မယ် ထင်ပါရဲ့ ”

လို့ စိတ်မချမ်းမြေ့စွာ ရေရွတ်မိတော့သည်။ အချစ်ရသဆိုတာ





မှုလောင်ခြင်းအတိပဲထင်ရဲ့။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

" တောက် "

ဒေါ်ရွှေစင်ဝင်း သည်းမခံနိုင်အောင် ဒေါသထွက်နေသည်

" တော်တော် လူပါးဝတဲ့ မိန်းကလေး "

" ဟုတ်တယ် အန်တီစင် ကြယ်ပွင့်ပန်း အန်တီရှေ့ရောက်မ တာ အန်တီ့ကို စိန်ခေါ်လိုက်သလိုပဲ "

" သိပ်သေချာတာပေါ့ ဝေယံ "

" ဒါဆို အန်တီ ဘာဆက်လုပ်မလဲ "

" လုပ်ရမှာပေါ့ ဝေယံရယ် တစ်ခုခု လုပ်ရမှာပေါ့ "

ပြောရင်း အန်တီဆတ်ခနဲ ထရပ်သည်။ ဝေယံ ထိုင်ရ ထရမလိုလို စိတ်လှုပ်ရှားကာ။

" အန်တီ လုပ်မယ့်တစ်ခုခုက ကြယ်ပွင့်ပန်း လွင့်ထွက်သွား လုပ်ရမှာနော် "





" ဝေပ၊ စိတ်မပူနဲ့ လာ အန်တီနဲ့လိုက်ခဲ့ "

" ဘယ်ကိုလဲ "

" အန်တီကို စိန်ခေါ်တဲ့ ကြယ်ပွင့်ပန်း ဆီကိုလေ "

ဝေယံ ထရပ်လိုက်ပြီး

" သိပ်ကောင်းတယ် အန်တီ "

နှုတ်ခမ်းတင်းတင်းစေ့ကာ မာန်ဝင့်တဲ့ မျက်နှာထားနဲ့ အရှိန်ဝါ ကြီးစွာ ထွက်သွားတဲ့ ဒေါ်ရွှေစင်ဝင်းနောက် ဝေယံ စိတ်အားထက်သန်စွာ လိုက်ပါခဲ့သည်။ နဝင်း အပါးက ကြယ်ပွင့်ပန်း လွင့်စင်သွားဖို့ အန်တီ နနဲ့ ကြားဝင်ဖို့လိုအပ်တယ်လို့ ဝေယံအစကတည်းက အကြံပေး သား။

အန်တီ ကြယ်ပွင့်ပန်းကို လျော့တွက်ပြီး ရုံးခန်းမှာ တွေ့ဖို့မျှိန်း တာ ခုတော့ ကြယ်ပွင့်ပန်းကို လျော့တွက်မရမှန်း အန်တီကောင်းစွာ သွားပြီလေ။ ကြယ်ပွင့်ပန်း မထင်မှတ်နိုင်တဲ့ အဖြစ်မျိုးနဲ့ အန်တီစင်ကို လိုက်ရရင် အသားတဆတ်ဆတ်တုန်ကာ မျက်ရည်ပေါက်ပေါက် ည်အထိ ရှိုက်ငင်ငိုကြွေးပြီး နောက်ဆုတ်သွားရမှာပေါ့။

ဝေယံ ထိုသို့တွေးကာ အားတက်နေခဲ့သည်။

တကယ်တန်းမှာတော့။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



" ကြယ်ပွင့်ပန် "

အန်တီစင်ရဲ့အသံက သာမာန် မိန်းကလေးအနေနဲ့ သိမ်ငယ် ဖျော့တော့ပြီး ခေါင်းငုံ့ကျသွားစေနိုင်ပေမယ့် ပန်က ခပ်မတ်မတ်လေး ရပ်ကာ အတည်ငြိမ်ဆုံး ရင်ဆိုင်ပြီး

" ပြောပါ အန်တီ "

ဒေါ်ရွှေစင်ဝင်း မေးဆတ်ခါ

" ငါ အခွင့်အရေး ပေးလိုက်တာကို ညည်းကပြန်ပြီး စိန်ခေါ် လိုက်တယ်ဆိုတော့ ဟင့် ဟင့် ရွှေစင်ဝင်း အကြောင်းသိရတာပေါ့ ကြယ်ပွင့်ပန်ရယ် "

" အန်တီ ဆိုလိုတာက "

" ရှင်းနေတာပဲ ကြယ်ပွင့်ပန် ညည်းလို မိန်းကလေးမျိုးကို ငါတို့က လက်ခံရအောင် ရူးနေတာမဟုတ်ဘူး နားလည်လား "

" ပန် ကလည်း လက်ခံပါလို့ အန်တီဆီမှာ ခွင့်တောင်း နေလို့လား "

" ဟင် "

ဝေယံ မျက်လုံးပြူးသွား၏။ အန်တီကို မရှုပဲ ပြန်ပက်လိုက်တဲ့ ကြယ်ပွင့်ပန်စိတ်က ဘယ်လိုလဲ။ နဝင်းကို အချစ်နဲ့ အပိုင်ချည်ထား နိုင်ပြီဆိုတဲ့ သဘောနဲ့ ရင်ဆိုင်လိုက်နေတာလား။





" ညည်း ဘယ်လို ပြောလိုက်တယ် "

" အန်တီ ကြားတဲ့အတိုင်းပဲ "

ဒေါ်ရွှေစင်ဝင်း ဒေါသနှင့် တဆတ်ဆတ် တုန်ကာ၊

" တောက် ညည်း လူပါးဝလှချည်လား "

" အန်တီထင်ချင်သလို ထင်နိုင်ပါတယ် "

" ဩော် ညည်းက ငါ့သားကို အပိုင်ကိုင်ထားနိုင်ပြီဆိုတဲ့ သဘောနဲ့ "

" ဒီမှာ အန်တီ အပိုင်ကိုင်ရအောင် နဝင်းက သက်မဲ့ပစ္စည်း မဟုတ်ဘူး "

" ဘာ "

ဒေါ်ရွှေစင်ဝင်း မျက်လုံးပြူးကာ ပန်ကို စိုက်ကြည့်လာသည်။

" ဟုတ်တယ် အန်တီ နဝင်းက သက်မဲ့မဟုတ်ဘူး အသိတရား ရှိ နှလုံးသားနဲ့ တည်ဆောက်ထားတဲ့ ယောကျာ်းတစ်ယောက် ကျွန်မ ကကိုမှ ဆုပ်ကိုင်ထားလို့မရဘူး "

" ဒါဆို ဘာဖြစ်လို့ ငါ့သားနဲ့ ပဲခူးထိ လိုက်လည်ရတာလဲ "

" ချစ်သူဆိုတာ လက်ချင်းတွဲပြီး လျှောက်လည်တတ်တာ သဘာဝပဲ "

" အဲဒီသဘာဝက ညည်းနဲ့ တူသလား တန်သလား "



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆတ်ဆတ်တုန်ခါနေတဲ့ အန်တီရဲ့ ဒေါသသံကို

" တူလို့ တန်လို့ လည်တယ်လေ "

" ဟင် ကောင်မ "

အေးဆေးစွာနဲ့ ရဲရဲတင်းတင်း ပြောလိုက်တဲ့ ပန့်စကားလုံး များကို ဒေါ်ရွှေစင်ဝင်း သည်းမခံနိုင်တော့။ မာနတွေရောကြိုထားတဲ့ ဒေါသလက်က ဆတ်ခနဲ မြောက်တက်သွားသည်။ ပန် ခေါင်းငုံ့ရှောင် လိုက်တော့ ဖြတ်ရိုက်လိုက်တဲ့ ဒေါ်ရွှေစင်ဝင်း ကိုယ်ရှိန် ပျက်သွားပြီး ရှက်ဒေါသ ဖြစ်သွားစေသည်။

" ညည်း ညည်း "

" အန်တီ ပန်ကို လက်ညှိုးလာထိုးနေစရာ မလိုဘူး "

အန်တီရှက်ဒေါသက ဘာမှပြန်ပြောမနိုင်လောက်အောင် သွေးရူး သွေးတန်းဖြစ်လာသည်။ အခြေအနေက တစ်စထက်တစ် ဆိုးဝါးလာမှာ သေချာသည်။ ဝေယံရပ်ကြည့်နေလို့ မရတော့ အန်တီရှေ့ ရပ်ကာ ပန့်ကို ရင်ဆိုင်လိုက်၏။

" ဒီမှာ ကြယ်ပွင့်ပန် နဝင်းနဲ့နင့်ကို အန်တီ လုံးဝလက် မခံနိုင်ဘူး "

" ပန်က လက်ခံပါလို့ မတောင်းဆိုပါဘူး "

" ဟုတ်တယ် ဒါပေမဲ့ နင် မတောင်းဆိုပေမယ့် နဝင်း နဲ့





တွဲတာကို ရပ်တန်းကရပ်ဖို့ပြောတာ "

" ပန်တို့ရဲ့ နှလုံးသားကိစ္စ နင် ဘာမှ ဝင်စွက်ဖက်စရာ မလိုဘူး ဝေယံ "

" စွက်ဖက်တာမဟုတ်ဘူး နဝင်းကို နင် မက်ပြီး တွဲနေတာ ဆိုရင် မှားသွားမယ် ကြယ်ပွင့်ပန် "

ပန် နှုတ်ခမ်းလေးတွန့်ကာ ရင်ကော့ရယ်လိုက်သည်။

" မှား ပဲ မှားမှား မှန်ပဲ မှန်မှန်လေ ပန်တို့ရဲ့ကိုယ်ရေး ကိုယ်တာမှာ နင်တို့ ဂုဏ်ပကာသနနဲ့ မာနတွေကို ဂရုမစိုက်ဘူး "

" နင် ဆိုလိုတာက "

" ရှင်းနေတာပဲ ဝေယံ ပန်နဲ့မောင် ချစ်သူဖြစ်တာ နှလုံးသား စားချက်ကို မက်မောလို့ ".

" ကောင်းပြီလေ နဝင်းရဲ့ဘဝအတွက် ကြယ်ပွင့်ပန်ဆိုတဲ့ ..န်းကလေး မလိုအပ်ဘူး ဒါကြောင့် အန်တီက ဝင့်နဲ့နဝင်းကို ..ညှိတော့မယ် နင်နှောင့်ယှက်ဖို့ မကြိုးစားနဲ့ ကြယ်ပွင့်ပန် "

ပန် မာနနဲ့ မျက်နှာလေး မော့လိုက်ပြီး

" ပန့်ကို မနှောင့်ယှက်စေချင်ရင် နင်တို့ အစကတည်းက ..သက်စီးနင်း မျက်နှာချင်းဆိုင်လာဖို့ မလိုအပ်ဘူး နားလည်လား"

" ဟော့ ရင်မဆိုင်လို့ မရဘူး ရင်ဆိုင်ရမယ် အချစ်ကို ဗန်းပြပြီး



www.burmeseclassic.com

www.burmeseclassic.com



ငုံသားသတို့ ဖွဲ့ယှဉ်ဖို့ကြိုးစားနေတဲ့ မိန်းကလေးကို ငါတို့က မြကလပ်ဆေ ထင်ထားရမှာတဲ့လား ”

ဒေါ်ရွှေစင်ဝင်း ရှေ့တိုးဝင်လာကာ ပန်နှ့ကို ဒေါ်သတ်ကြီး လက်ညှိုးထိုးပြန်သည်။

“ အရှင်းဆုံးပြောလိုက်မယ် ကြယ်ပွင့်ပန် နဝင်း ဘဝ ဒီအချိန်ကစပြီး မမျှော်လင့်နဲ့ နင့်ဘက်က အဆက်မဖြတ်လည်း ငါ ဂရုမစိုက်ဘူး နင့်ဘက်က အဲသလောက်ထိ စိန်ခေါ်နေမှတော့ အန်တီ လည်း ဘာတွေဆက်လုပ်မလဲဆိုတာ နင် အသည်းဟက်တက်ကွဲပြီး စောင့်ကြည့်လေ ”

“ လာ အန်တီ သွားမယ် ”

ဝေယံ စကားလုံးက ဓါးနဲ့မွှန်းသလို ပန့်နှလုံးသားကို မျက် သွားစေသည်။ ဒေါ်ရွှေစင်ဝင်းလက်ကို ဒေါ်သနဲ့ ဆွဲထွက်သွားတဲ့ ဝေ အမူအယာက ပန်နဲ့မောင်နှလုံးသားကို ခွဲပစ်တော့မယ့် ရှေ့ပြေးပုံရိပ်လား

“ ညည်းဟာ ငါ့သားနဲ့ မထိုက်တန်တဲ့ မိန်းမ ညည်း မိန်းမက ငါ့ကို အပြိုင်စိန်ခေါ်ရဲမှတော့ ငါကလည်း ဘာမှ မလုပ်နိုင်စရာ မရှိဘူး ကြယ်ပွင့်ပန် ငါ့ဖြစ်ချင်တာ ငါ့မြင်ချင်တာ ငါ့သား လက် နောက်တစ်ခါ နင် တွဲခွင့်မရဖို့ပဲ ”

“ နင့်နှလုံးသားက အချစ်ဆိုတဲ့အရာနဲ့ ငါ့သားဘဝ





ညည်နှောင်ဖို့ ကြိုးစားရင်တောင် ငါ့ကိုယ်တိုင် နင်ချည်နှောင်လာမယ့် ကြိုးတွေကို ဖြတ်တောက်ပစ်ဖို့ အဆင်သင့်ဖြစ်နေတယ်ဆိုတာ နင်မမေ့နဲ့ လုံးဝမမေ့နဲ့ ကြယ်ပွင့်ပန် ”

မောင့် မာမီ နောက်ဆုံးပြောသွားတဲ့ စကားတွေက ပန့်မာန တွေကို ဖရိုဖရဲလွင့်စင်သလို ခံစားလိုက်ရသည်။

ဒီအဖြစ်မှာ ပန် မှားသလား။

ဟင့်အင်း ပန် မမှားဘူး။

နွမ်းပါးတဲ့ ပန့်ဘဝကို ဘယ်သူ့ရဲ့ ပကာသနကြောင့်မှ အထိပါး ခံနိုင်။ မာနအတွက် ပန် ဒီလောက်တော့ တုန့်ပြန်သင့်ပါတယ်။

ချစ်တာ အပြစ်ဆိုရင်တောင် မောင့်ကို ချစ်ခဲ့တာဟာ ဘာမျှော်လင့်ချက်မှ မပါတဲ့အတွက် အဲဒီအပြစ်က အရိုးစင်းဆုံး အပြစ် ခဲလို့ ပန် ယူဆတယ်လေ။

“ ဟင့်အင်း ပန် မမှားဘူး ”

ပန် မျက်ရည်မကျအောင် မာနနဲ့ တင်းခံလိုက်သည်။

မထင်မှတ်ဘဲ သိခွင့်ရလိုက်တဲ့ အဖြစ်အတွက် ဒေါ်အေးသိ စိတ်မချမ်းမြေ့တော့။

အဖိုးတန်ကားကြီးနဲ့ ဒေါ်သတ်ကြီးပြော ထွက်သွားတဲ့မာနရှင် နှစ်ယောက်ကို အတန်ကြာငေးကြည့်လိုက်သည်။ ဖန်ပန်အုံးလို



www.burmeseclassic.com

www.burmeseclassic.com



တင်းနေပြောင်အောက်ကွဲလုလုဖြစ်နေတဲ့ သမီးမျက်နှာကို ကြည့်မိပြန်သည်။

ပြီးမှ။

ခေါင်းခုလုံချည်နွမ်းနဲ့ မျက်နှာမှ ချွေးစတွေကို စိတ်ပျက်စွာ သုတ်ရင်း အိမ်ပေါ်လှမ်းတက်လိုက်သည်။

ဒေါ်အေးသီ ရင်အုံကတော့ အသက်ရှုလိုက်တိုင်း အဆမတန် မို့မောက်ကာ တစ်ခုခု ဆုံးဖြတ်မှု ဖြစ်တော့မယ်ဆိုတာ နားလည်လိုက်သည်။

အင်း သမီး။

✿ ✿ ✿ ✿ ✿



# အခန်း (၂၂)

" ဟင် "

ရုတ်တရက် ကြားလိုက်ရတဲ့အသံကြောင့် နဝင်း တစ်ကိုယ်လုံး တောင့်တောင့်ကြီး ဖြစ်သွား၏။

" ဟုတ်တယ် သားတို့ကိစ္စကို ကျောင်းပြီးတဲ့အထိ စောင့်နေလို့ မရတော့ဘူး ဝင် "

ဒယ်ဒီအသံက ဟိန်းခနဲ ပေါ်ထွက်လာသည်။ သူ့ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်သွားသည်။

" ဝင့် လည်း လုံးဝမစောင့်တော့ဘူး နေ့တွေရက်တွေတောင် မစောင့်ချင်ဘူး "

" ဟုတ်တယ် သားနဲ့ဝင့် နေရာကျသွားဖို့ အရေးကြီးတယ် ဝင် စီစဉ်စရာရှိတာကို စီစဉ်လေ "

" ဒီကိစ္စကို ကိုမိုးပဲ ကိုသော်ဇင်တို့ လင်မယားနဲ့တွေ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ညိုလိုက် အမြန်ဆုံးတော့ ဖြစ်ပစေ ''

'' စိတ်ချပါ ကွာ ''

'' ကဲ အဲဒီလိုဆိုလဲ မြန်မြန် သွား ''

ဒယ်ဒီက ခပ်လောလောပဲ ထွက်သွားသည်။ မာမိက ဆိုဖာပေါ် လှဲရင်း တစ်စုံတစ်ရာအတွက် ပုံးရိမ်ခြင်း ခံပြင်းခြင်းတွေနဲ့ မျက်နှာ မသာယာ။ သူ ဘာဆက်လုပ်ရမလဲ။

မာမိရှေ့ရပ်ပြီး ရင်ဆိုင်ရမလား။ ဒါမှမဟုတ် တစ်ခုခုကို အကြောင်းပြုပြီး မာမိတို့ အစီစဉ်ပျက်အောင် လုပ်ရမလား။ သူ့ကို အသိမပေးဘဲ ဒယ်ဒီနဲ့မာမိ စီစဉ်နေတာဆိုတော့ သူ့ဘက်က လက်ဦးမှု ရယူဖို့လိုအပ်တယ်လေ။

ဂနာမငြိမ်ဖြစ်နေတဲ့ အတွေးနဲ့အတူ ခေါက်တုန့်ခေါက်ပြန် လမ်း လျှောက်ရင်း ထွက်ပေါက်တစ်ခု တွေ့လိုတွေ့ငြား ရှာဖွေနေမိသည်။

ထိုစဉ်

'' အန်တီစင်ရေ ကိုကောဟင် ''

ဝင့်အသံကြောင့် သူ ခြေလှမ်းတန့်ကာ နံရံနှင့် ကွယ်လိုက်သည်။ ဝင့်ကို မြင်သည်နှင့် ဒေါ်ရွှေစင်ဝင်း ဝမ်းသာသွားကာ

'' ရှိတယ် လာ သမီး ''

ဝင့်က မာမိအပါး ကပ်ထိုင်ပြီး





'' ဝင့်က ကို့ကို သတိရလို့ လာခဲ့တာ ကိုက သိပ်နေနိုင်တာပဲ ဝင့်ဆီ ဘယ်တော့မှ မလာဘူး၊ အန်တီရဲ့ ''

သူ အသက်ရှူ မဝချင်တော့။ ချွဲပျစ်နေတဲ့ ဝင့် အသံကို သူ နားမထောင်ချင်။ မာမိကတော့ နားဝင်ချိုမှာပေါ့။

'' စိတ်ချ မပူပါနဲ့ သားကို အန်တီက သမီးလက်ထဲအပ် တော့မှာလေ ''

'' ဟင် ဘယ်လိုလဲ အန်တီရဲ့ ''

'' ဪ သမီးကလည်းကွယ် သားနဲ့သမီးလေးကို အန်တီက မင်္ဂလာဆောင်ပေးတော့မလို့ ''

'' အို့ ''

ဝင့် ရင်ဖိုကာ ရှက်ရိပ်ဝဲသွား၏။ ဒေါ်ရွှေစင်ဝင်း ဝင့် မျက်နှာလေးကို ကြည့်ရင်း

'' ဟုတ်တယ် သမီး၊ သမီးအန်ကယ်က သမီးမိဘတွေဆီ ဆွေးနွေးဖို့ ခုလေးတင်ထွက်သွားပြီလေ ''

'' အန်တီကလည်း ဝင့်တို့ ငယ်ပါသေးတယ် ''

'' ငယ်တော့ ကောင်းတာပေါ့ သမီးရဲ့ ပျော်ပျော်ရွှင်ရွှင် နေရမယ့် အချိန် ပိုရတယ်လေ ''

'' အန်တီကလည်း ပြောတော့မယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ကတော့ စိတ်ထဲက ကြည်နူးမဆုံး။

" ပြောရမှာပေါ့ သမီးရယ် အန်တီက ဝင့်ကိုပဲ ချစ်တယ်လေ ဝင့်ကိုပဲ အန်တီသားနဲ့ သဘောမျှနိုင်တာ သားက ဝင့်ဆီ အလည်အပတ် တောင် မသွားဘူး မဟုတ်လား "

" ဟုတ်တယ် အန်တီမင်ရဲ့ အဲဒါ အန်တီစင် ပြောဦးနော်"

" ပြောရုံမကဘူး သမီးနားမှာ အချိန်ပြည့်ရှိနေဖို့ အန်တီ စီစဉ်တာလေ သမီး မငြင်းရဘူးနော် "

" အွန်း ငြင်းစရာလားလို့ "

လိုက်လည်းလိုက်ဖက်တဲ့ ယောက္ခမလောင်းနဲ့ ချွေးမလောင်း ဒေါ်ရွှေစင်ဝင်း ဝင့် ဆံပင်တွေကို ပွတ်သပ်ရင်း။

" သမီးက လိမ္မာပါတယ်ကွယ် "

" ဝင့်က အန်တီ့ကို ချစ်လို့ အန်တီစိတ်ကျေနပ်ဖို့ လိမ္မာအောင် ကြိုးစားနေတာလေ "

" ဒါကြောင့် သမီးကို ပိုချစ်ရတာ သမီးတို့ မင်္ဂလာကိစ္စ စီစဉ်တာ သားကို အန်တီ အသိမပေးရသေးဘူး "

" ဟင် ဒါဆို ဝင့်ပဲ သိရသေးတာပေါ့ "

" ဟုတ်တယ် သမီး "

" ကို့ကို ပြောပြလေ အန်တီရဲ့ "





" ဒီကိစ္စကို သမီးပဲ ပြောလိုက်တော့ "

" အိုး ရှက်စရာကြီး "

" ဘာရှက်စရာလည်း သမီးရယ် အစကတည်းက အန်တီတို့ စီစဉ်ထားတာကို သား သိပြီးသားပဲ သားကို ပြောပြပြီး သမီးတို့ချင်း ဆိုင်ပင်စရာရှိတာ တိုင်ပင်လေ သွား သားအခန်းထဲမှာ ရှိနေတယ် "

ဝင့် မျက်နှာလေးက ရှက်ရိပ်လေးကြောင့် တွန့်သွားသည်။

" သားကို အန်တီက အခန်းထဲက ထွက်ခွင့်ပေးမထားဘူး သားကို အန်တီတို့ အချိန်ပြည့်စောင့်ကြည့်နေတာလေ သမီးကလွဲပြီး ဘယ်သူနဲ့မှ တွေ့ခွင့်မပေးနိုင်လို့ သွား သား အခန်းထဲမှာ အေးအေး ဆေးဆေး ‹ ကားပြောနှင့် ကြယ်ပွင့်ပန်နဲ့ လုံးဝဆက်သွယ်လို့ မရအောင် သားကို စောင့်ကြည့်နေပြီး မင်္ဂလာကိစ္စ ကြိတ်စီစဉ်နေတာ သမီးက ခေါ်ဘဲ ရောက်လာတော့ ပိုအဆင်သင့်တာပေါ့ "

" ဒါဆို ဝင့် ကိုနဲ့ တွေ့လိုက်မယ်နော် "

ဝင့် အသံကြောင့် ရင်မဆိုင်ချင်တဲ့စိတ်က သူ့ ခြေလှမ်းကို အခန်းထဲ ပို့လိုက်သည်။ အခန်းတံခါးကို ပိတ်ကာ ခုတင်ပေါ်ဝုန်းခနဲ ထိုင်ချလိုက်သည်။

" ကို့ "

မျက်နှာပေးလှလှပေါ် အပြုံးချိုချိုလေးတင်ကာ တံခါးအသာ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်၍ ဝင်လာသည်။ ဝင့်ကို သူမကြည့်။

" ကိုကလည်း အခန်းအောင်းနေတာ မပျင်းဘူးလား"

သူ့အပါး ရဲရဲတင်းတင်း ထိုင်ချရင်းဆိုသည့် ဝင့်ကို စိတ်မရှည်ချင်တော့။

" ဝင့် ပြန်တော့ကွာ "

" ဟွန်း ခုမှလာတဲ့ဟာကို "

" မလာနဲ့ကွာ ဝင့်လို ဆေးကျောင်းသူက ငါနဲ့ မတန်ဘူး "

" ဟွန်း ရယ်စရာကြီး ကို့ ဟာလေ သိပ်ကိုသိမ်ငယ်လွန်းတာကိုး "

" ငါ ဘာမှ သိမ်ငယ်စရာ အကြောင်းမရှိဘူး "

မျက်နှာညိုညစ်ကာ အရာရာကို ဒေါသဖြစ်နေတဲ့ ကို့ကို ဝင့်စေ့စေ့ကြည့်လိုက်မိသည်။

" ဘာလဲ အန်တီတို့ အပြင်ထွက်ခွင့်မပေးလို့ စိတ်ကောက်နေတာလား "

" ဟုတ်တယ် ငါ့ကို အခန်းထဲလှောင်ထားတာ တစ်ပတ်ရှိပြီ "

မှန်ကုတ်ပြီးဒေါသဖြစ်နေတဲ့ ကိုက အပြင်ထွက်ခွင့်မရလို့တဲ့။ ကို့ မျက်နှာချောချောကို မှန်ကြုတ်ကြုတ်နဲ့အကျည်းမတန်စေချင်။ ဝင့်မသိမသာပြုံးကာ





" ကို အပြင်ထွက်ချင်လား "

" ထွက်ချင်တယ် "

အပြင်ထွက်ခွင့်ရမှ ပန်နဲ့တွေ့ခွင့်ရမှာလေ။

" အဲဒါဆိုရင် ဝင့် အန်တီကို ပြောပေးမယ် "

" ရလိမ့်မယ် "

" ဝင့်ကို မယုံဘူးလား "

သူ နှုတ်ခမ်းစေ့ကာ မျက်နှာတင်းလိုက်သည်က ဝင့်ကို စိန်ခေါ်သလို။

" ကို မယုံရင် လာလေ "

သူ့ လက်ကိုကိုင်ကာ ဆွဲခေါ်တဲ့ ဝင့်ကို ငြင်းပစ်ဖို့ စိတ်ကူးပြီးမှ မငြင်းတော့။

" လာဆို "

နွဲ့နွဲ့လေးခွဲခေါ်တဲ့ ဝင့်ကို သူ့အကြံနဲ့သူမို့ ထရပ်လိုက်သည်။

" အန်တီက ဝင့် သဘောပါ ကိုရဲ့ "

" စောင့်ကြည့်ရတာပေါ့ "

မာမီကို ပိုင်ပါတယ်ဆိုတဲ့ မျက်ဝန်းကလေးနဲ့ဝေ့ကြည့်တာကာထွက်သွားတဲ့ ဝင့်နောက် သူ့ စိတ်လေးလေးနဲ့လိုက်ခဲ့သည်။

" ဟင် သမီး သားကို ဘာဖြစ်လို့ အခန်းထဲက ခေါ်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ ''

ခေါ်ရွှေစင်ဝင်းက သူ့မတို့အကြံနဲ့ သူမမို့ သားကို အပြင်ထွက်ခွင့်မပေး။ ခုတော့ ဝင့်က ဘာမှန်းညာမှန်းမသိ ခေါ်ထုတ်လာသဖြင့် စိုးရိမ်စိတ်နဲ့ ဆိုလိုက်သည်။ သူက ပုံမှန်အတိုင်းရပ်နေပေမယ့် ဝင့်က မာမီခါးကို ဖက်ကာ။

'' ဝင့်နဲ့ကို အပြင်မှာအေးအေးဆေးဆေး ဆွေးနွေးချင်လို့''

'' ဖြစ်ပါ့မလား ေမမီးရယ် ''

'' စိတ်ချပါ အန်တီရယ် ဝင့်ကို ယုံစမ်းပါ ကိုက ဝင့် သဘောပါနော် ကို ''

သူ့ကိုပါ မျက်နှာပေးလှလှလေးနဲ့ ‌မေးဆတ်ဆိုလာတော့ မာမီလက်ခံအောင် သူ အလိုက်သင့် ခေါင်းညိတ်လိုက်ရသည်။

'' တွေ့လား ကိုက ဝင့်သဘော အန်တီရဲ့ ဟင့် ဟင့်''

ဝင့် ရဲ့ ဝင့်ကြွားသံလေးနောက်မှာ သူ သက်မချကာ။

မာမီရှေ့မှာ သူ့ လက်မောင်းလာတွဲတဲ့ ဝင့်အမူအယာကို လက်မခံချင်ပေမယ့် မာမီ အမြင်ကြည်စေဖို့ မဖယ်ရှားဖြစ်ခဲ့။

'' သွားမယ် အန်တီ ''

မာမီ သက်ပြင်းချ၍ ခေါင်းညိတ်လိုက်သည်။

'' လာ ကို ''





ဝင့် ဆွဲခေါ်ရာနောက် လိုက်ခဲ့သည်။

ပန် ရယ်။

ပန့်အတွက် မောင်စွန့်စားပါရစေ။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

မာနနဲ့ တင်းခံနေပေမယ့် မောင့်ကို မြင်တွေ့ခွင့်မရသည်က နှလုံးသားမှာ တစိမ့်စိမ့် ဝမ်းနည်းလာစေသည်။

ပန့်ကို မောင်နဲ့ ခွဲဖို့ကြိုးစားခဲ့ရုံမက ရင့်ရင့်သီးသီး ပြောလာတဲ့ မောင့်မာမီကို ပန် မာနနဲ့ တင်းခံခဲ့တာတွေကို မောင် သိနိုင်ပါ့မလား။

ခုချိန်မှာ

မောင့်မာမီ နားသွင်းသလို မောင် နာခံနေပြီလားဟင်။

အင်းပေါ့လေ။

ပန့်ဆီမှာ မောင့်အတွက် အချစ်ကလွဲပြီး ဘာမှမရှိဘူး ဆိုတော့။

" ပန့်ရယ် ဒီလောက်လည်း ဝမ်းမနည်းပါနဲ့ဟယ် "

တစိမ့်စိမ့် ဝမ်းနည်းကာ မျက်ရည်ကျနေရှာတဲ့ ပန့်ပါးပြင်ထက်မှ မျက်ရည်များကို ခရမ်းပြာ စာနာစွာ သုတ်ပေးမိသည်။





" နဝင်းခမျာလည်း သနားပါတယ် "

ဝမ်းနည်းတစ်ဆို့တဲ့ ရှိုက်သံလေး ပန် နှလုံးသားမှ ဖို့တက်လာသည်။

" ကိုခန့် စုံစမ်းတော့ နဝင်းကို သူ့မိဘတွေ မျက်ခြေမပြတ် စောင့်ကြည့်နေတာတဲ့လေ ပြာ ထင်တယ် အခွင့်အရေးရရင် ပန့်ဆီ နဝင်းအပြေး လာမှာပါဟယ် "

ပန် ခေါင်းကို ပင်စည်မှာမှီရင်း လွင့်ကျလာတဲ့ မျက်ရည်တစ်ချို့ ကို မသုတ်ဖြစ်ဘဲ။

" ဘာတတ်နိုင်မှာလဲလေ မောင်က မောင့်မိဘဆန္ဒအတိုင်း ဝင့်ကို လက်ခံတော့လဲ "

" ပန် အဲလို လျှောက်မတွေးပါနဲ့ဟယ် ဝင့်ကို လက်ခံရင် နဝင်းက ပန့်ကို အစထဲက ချစ်မတဲ့လား "

" အင်းလေ အချစ်ဆိုတာက နှလုံးသားအတွက် အရသာ ရှိပေမယ့် ဘဝအတွက် ဘယ်လောက်အစွမ်းထက် နိုင်မှာလဲ ခုတောင် အတင်းက ပျံ့နေတယ်လေ "

" ဘာသတင်းပျံ့နေတာလဲ "

" မောင်နဲ့ဝင့် မင်္ဂလာဆောင်တော့မှာတဲ့ "

ခရမ်းပြာ မယုံသလို မျက်ခုံးတွန့်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



" ပန့်ကို ဘယ်သူပြောလဲ "

" မောင်ကောင်း ပြောတာ ပြာရဲ့ "

" အိုး ကလေးစကားကို အတည်ယူလို့ရမလား "

" အတည်မယူလို့ရပဲ့မလား ပြာရယ် မောင်ကောင်းက ကြားတဲ့ အတိုင်း လာပြောတာလေ "

" ဟွန်း ကိုခန့် စုံစမ်းတော့ ဘာသတင်းမှ မရပဲနဲ့ "

" မောင်ကောင်းက မောင့်မာမိနဲ့ ပတ်သက်တဲ့အသိုင်းအဝိုင်း ထဲမှာ နေ့စဉ်နဲ့အမျှ ကျင်လည်နေတာလေ "

ပန် စိတ်ဖြေသာအောင် ဖော့ပြောရပေမယ့် ကိုခန့်လည်း နဝင်း မင်္ဂလာဆောင်တော့မယ့် သတင်းကို ရခဲ့တာလေ။ ပန် ကြေကွဲမှာစိုးလို့ မပြောခဲ့တာ ပန်က မောင်ကောင်းဆီက တစ်ဆင့်သတင်းအတိအကျ ရသွားပြီဆိုတော့။ ပြာ သက်ပြင်းချလိုက်မိသည်။

" ကဲပါ ပန်ရယ် ကြေကွဲစရာတွေတွေးပြီး ဝမ်းနည်းမနေ ပါနဲ့ဟယ် အတန်းတက်ကြစို့လား "

" အတန်ချိန်နီးနေပြီ လာသွားစို့ "

ပန် နှလုံးသားကြေကွဲမှုကို အာရုံပြောင်းစေဖို့ အတန်းတက်ဖို့ ပြာဆိုပေမယ့် ပန် ဦးခေါင်းရမ်းလိုက်ပြီး။

" မတက်တော့ပါဘူး "





" ပန်ကလည်း လာပါဟယ် အတန်းတက်စို့ "

" ဟင့်အင်း ပန် တစ်ယောက်တည်း နေပါရစေ "

" အဲဒါဆိုလည်း နေလေ ပြာ အတန်းချိန်ပြီးတာနဲ့ ပြန်လာ ယ်နော် "

ပန် ခေါင်းဆတ်လိုက်သည်။ ပြာ ထွက်သွားတော့ ပန် တစ်ကိုယ်တည်း စိတ်တိုင်းကျ ကြေကွဲခွင့်ရပြီလေ။

မောင်ရယ်။

ပန်နဲ့မောင့်ချစ်ခြင်းက ခဏတာ ယစ်မူးခွင့်ပဲလားကွယ်။

ခုချိန်မှာ ပန်ကို မောင် သတိရနိုင်ပါ့မလား ဟင်။

ဒါမှမဟုတ် မောင့်မိဘသဘောတူတဲ့ ဝင့်ကို ရင်ခွင်ထဲထည့်ပြီး ကြည်နူးခံစားနေမလား။

ဟင့်အင်း ပန်ကလွဲပြီး မောင့်ရင်ခွင်မှာ ဘယ်သူ့မှ ဝင်ခွင့် ပေးပါနဲ့ကွယ်။

ထိုစဉ်

" ပန် "

မောင့်ခေါ်သံလား။ ပန် နှလုံးသားမှာ စွဲနစ်နေတဲ့ အသံလား။

" ပန် "

မောင့်အသံက စိုးရိမ်မှုတွေရောကာ ချစ်ခြင်းတွေနဲ့ ပူလောင်



www.burmeseclassic.com

www.burmeseclassic.com



ဆုပ္ပက်နေတာလေ။ ပန် ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ မောင်။

" မောင်ရယ် "

မောင့်ကိုတွေ့ချင်လို့ ဆောက်တည်ရာမရ ဖြစ်နေတဲ့ ပန် နှလုံးသားက မောင့်ရင်ခွင်ကို တမ်းတနေခဲ့တာလေ။

မောင့်ကိုတွေ့ရင် စိတ်ဆိုးပစ်ဖို့ စိတ်တင်းထားပေမယ့် မောင့် ရင်ခွင်ကို မြင်ရတော့ ဝမ်းနည်းစွာ ငိုဝင်မိပြန်သည်။

" ပန် ရယ် "

ချစ်သူ မျက်ရည်တွေက သူ့ နှလုံးသားကို ပို၍ လှိုက်ဖိုစေသည်။

" မောင်ရယ် ပန့်ကို မထားခဲ့ပါနဲ့နော် "

တသိမ့်သိမ့်ရှိုက်ရင်းဆိုလာတဲ့ ချစ်သူကို မြတ်နိုးစွာထွေးဖက်ရင်း နှစ်သိမ့်ပေးလိုက်မိသည်။

" စိတ်ချပါ ပန်ရယ် မောင်လည်း ပန်နဲ့ မခွဲနိုင်ပါဘူး "

ချိုသောအနမ်းတွေက နှင်းပွင့်လေးတွေလို ဖြာကျလာသည်။ နှစ်သက် မက်မောစရာ။

" ပန်ကို ချစ်တဲ့စိတ်နဲ့ မာမီတို့ဆန္ဒကို လွန်ဆန်ပစ်ဖို့ မောင်ဝန်မလေးဘူး ပန် "

" တကယ်လား ဟင် "





" တကယ်ပေါ့ ပန်ရယ် "

" ဒါဆို မောင်နဲ့ဝင့်ကို "

မျက်ရည်တွေနဲ့စိုနေတဲ့ ပန့်ပါးပြင်နုနုလေးကို သူ့ပါးပြင်နဲ့ ဖိကပ်ထားပြီး။

" ဝင့်ကို မောင် သူငယ်ချင်းထက်ပိုပြီး ခံစားလို့မရဘူး ချစ်ရယ် မာမီတို့ ကြိတ်ပြီးစီစဉ်တာ မောင့်ကိုလည်း အခန်းထဲက ထွက်ခွင့်မပေးဘဲ ထားတာလေ ပန့်ကို မတွေ့တော့ မောင် ဆောက်တည်မရ ဖြစ်ရတယ် အဲဒါကြောင့် အခွင့်ရေးရတုန်း ဝင့်ကို ညာပြီး ပန့်ဆီ လစ်ထွက်ခဲ့တာပေါ့ "

ပန် မျက်နှာလေးကို စိုက်ကြည့်ရင်း တတွတ်တွတ်ပြောနေတဲ့ မောင်က ပန် အတွက် စွန့်စားခဲ့တာပေါ့။

အိုး။

မောင့် အချစ်က ပန် နှလုံးသားကို လှိုက်ဖို လန်းကြွလာစေသည်။

" ဒါဆို ဝင့်က "

" ခုလောက်ဆို မောင် ပျောက်လို့ရှာနေမှာပေါ့ "

" တော်ကြာ မောင်နဲ့ပန်ကို တွေ့သွားရင် "

" အတွေ့မခံနိုင်ဘူး ပန် မောင်တို့ တစ်နေရာရာကို ထွက်ပြေး



www.burmeseclassic.com

www.burmeseclassic.com



ကြစို့သား "

" တင် "

" ဟုတ်တယ် မာမီတို့ လက်ဦးမှုမရခင် မောင်တို့ အကြံစည်အောင်မှ ဖြစ်မယ်လေ မာမီတို့ လက်ဦးသွားရင် မောင်တို့ နှစ်ယောက်တစ်သက်လုံး ဝေးရမှာနော် "

ချစ်သူ မေးဖျားလေးကို ပင့်ကိုင် ပြောမိတော့ ပန် မျက်ဝန်းအစုံက ချစ်ခြင်းများနှင့် တောက်ပကာ

" ပန်လည်း မောင်နဲ့ မခွဲပါရစေနဲ့နော် "

" ဒါဆို မောင်တို့ ထွက်ပြေးကြစို့ "

ပန် ခေါင်းလေး မောင့်ရင်ခွင်ထဲသို့ ညွတ်ကျကာ ပန့်လက်ကလေးက မောင့်ကို သိုင်းဖက်ထားမိတော့သည်။

အိုး လောကကြီးရေ။

အချစ်အတွက် စွန့်စားကြမယ့် နှလုံးသားပိုင်ရှင်နှစ်ဦးရဲ့ ညှိညွတ်တဲ့ ရင်ခုန်သံက ဘယ်လောက်တောင် သာယာလိုက်သလဲ။

" ဘယ်ကို ပြေးကြမလဲ ဟင် "

" မာမီတို့ လက်လှမ်းမမှီတဲ့ နေရာကိုလေ "

" ဟိုတစ်ခါကလို မောင့်မာမီ ရိပ်မိသွားရင်တော့ "

" ပန်ရယ် ဒီတစ်ခါတော့ မာမီ မရိပ်မိအောင် စီစဉ်ထားတယ် "





" ဘယ်လို "

" ဟုတ်တယ် မောင်လေ မောင်ကောင်းနဲ့ တိုင်ပင်ပြီး စီစဉ်ထားတဲ့ နေရာရှိတယ် "

" ဟင် မောင်ကောင်းနဲ့ "

" ဟုတ်တယ် မောင်ကောင်းစောင့်နေလိမ့်မယ် လာ သွားကြစို့ "

" အို့ "

ပန့်ရင်ခုန်သံက အချစ်ကြောင့် လှိုက်ဖိုနေကာ အရာရာကိုမေ့ပြီး ချစ်သူလက်တစ်ဖက်ကို အားကိုးတကြီး ဆုပ်ကိုင်ထားလိုက်သည်။

မောင်ရယ် ပန်တို့ ခြေလှမ်းတွေက

ပန်တို့အတွက် ထာဝရပေါင်းဆုံခွင့်ရဖို့ ရင်ခုန်ဖွယ်ခြေလှမ်းလေးတွေ ဖြစ်ပါရစေနော်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

" အန်တီစင် "

မျက်နှာလေးပျက်ကာ ငိုသံနဲ့ ရောက်လာတဲ့ ဝင့်ကို မြင်သည်နှင့် ဒေါ်ရွှေစင်ဝင်း စိုးရိမ်တကြီး ဖြစ်သွားသည်။

" ဟင် ဝင့် သမီးလေး ဘာဖြစ်တာလဲ သား ကော ဟင် "

" အဲဒါ ပြောမလို့ပေါ့ "

" ဘာပြောမလို့လဲ သမီးရယ် မြန်မြန်ပြောစမ်းပါကွယ်"

" ကိုပေါ့ "

ဒေါ်ရွှေစင်ဝင်း ရင်ဆောင့်ခုန်သွားသည်။ သားက ဘာပြောလိုက်ပြီလဲ။

" သားက ဘာပြောလဲ သမီးရယ် "

" ဝင့်နဲ့ကို ဘာမှလည်း မဆွေးနွေးရသေးဘဲ ကိုက မိုက်အောင့်လို့ သန့်စင်ခန်း ခဏသွားမယ်ဆိုပြီး သွားတာ အန်တီစင်ရယ် နှစ်နာရီ





လောက်ကြာတဲ့အထိ ပြန်မရောက်ဘူးလေ "

" ဟင် "

" အဲဒါနဲ့ ဝင့် အန်တီစင်ဆီ ပြန်လာပြောတာ ကို့ကို ဆုံးမပါဦး အန်တီစင်ရယ် "

" တောက် "

ဒေါ်ရွှေစင်ဝင်း ဒေါသက ထောင်းခနဲ ထသွား၏။

" အန်တီစင် ကိုလာရင် သေချာဆုံးမနော် ဝင့်ကို အကြောင်းမိုက်ပြီး ရှောင်ပြေးတဲ့အတွက်လေ "

ကြယ်ပွင့်ပန်နဲ့သားအကြောင်း ဘာမှမသိတဲ့ ဝင့်ပြောပုံက ဘာလေးလေးတစ်ယောက်လို ချစ်စရာကောင်းလွန်းသည်။ ဒီလောက်လှပြီး ချစ်စရာကောင်းလွန်းတဲ့ ဝင့်ကို မျက်စိမကျနိုင်တာ ကြယ်ပွင့်ပန်ဆိုတဲ့ အညတြကြောင့်ဆိုတာ သေချာသဖြင့် ဒေါ်ရွှေစင်ဝင်း အံကြိတ်လိုက်မိသည်။ ဝင့်က ဘာမှမသိ ကို့ကို ဒေါသဖြစ်နေတဲ့ အန်တီ့ရှေ့မှာ မနေချင်တော့။

" အန်တီ ဝင့် ပြန်ဦးမယ် "

" ကြော် အင်း "

ဒေါ်ရွှေစင်ဝင်း မျက်နှာအမူအယာ မပျက်အောင်ထိန်း၍ ဆိုလိုက်သည်။ ဝင့် ထွက်သွားတော့ ဒေါ်ရွှေစင်ဝင်း ဒေါသနှင့် ဧည့်ခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါက်တွန့်ခေါက်ပြန် လမ်းလျှောက်ရင်း ကြယ်ပွင့်ပန်ကို ရှင်ဆိုင်ဖို့ အကြံအောင်းထုတ်နေသည်။

✿ ✿ ✿ ✿ ✿

" ဒီမှာ ဒေါ်အေးသီ "

ဈေးဝယ်သူတွေများလို့ လက်မလည်အောင် ဈေးရောင်းနေရသည့် ဒေါ်အေးသီ နားထဲတိုးဝင်လာတဲ့ မာနသံမာတောင့်တောင့်ကြီးကြောင့် ဖျတ်ခနဲ မော့ကြည့်လိုက်သည်နှင့် မျက်ခုံးနှစ်ဖက်တွန့်သွားသည်။

ပြဿနာက စလာပြီ ထင်တယ်။

ခေါင်းခုပုဆိုးပိုင်းနဲ့ အဆီပျံနေတဲ့မျက်နှာကို တစ်ချက်ပွတ်သုတ်ပြီး။

" ပြော "

" ပြောရမယ်ဆိုရင် ရှင့်သမီးနဲ့ကျွန်မသားကို ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး "

ဈေးဝယ်သူတွေအားလုံး ဒေါ်ရွှေစင်ဝင်းနဲ့ ဒေါ်အေးသီကို စိတ်ဝင်တစား ကြည့်ကြသည်။ ဘွင်းဘွင်းရှင်းရှင်း ပြောလိုက်တဲ့ ဒေါ်ရွှေစင်ဝင်းကို စိုက်ကြည့်ပြီး ဒေါ်အေးသီက ပုံမှန် မျက်နှာထားမပျက်အောင် ထိန်းသည်။

" အဲဒီတော့ "





" ရှင့် သမီးကို ရှင်နိုင်အောင်ထိန်း "

" တရားမျှတအောင် ရှင်လည်း ရှင့်သားကို နိုင်အောင်ထိန်းပေးပါ "

" ဘာ "

" ဟုတ်တယ်လေ ကျွန်မယသမီးကိုချည်း ထိန်းလို့မရဘူး ရှင်တို့က ဖြီးနေဂုဏ်ကြွယ်တယ် အဂုိန့်အဝါကြီးတယ် အဲဒီအတွက် ရှင်တို့သားကို ရှင်တို့ နိုင်အောင် ထိန်းဖို့ပိုလိုအပ်တယ်လေ "

ဒေါ်ရွှေစင်ဝင်း ဆတ်ဆတ်ခါနာသွားခဲ့။ ဒေါ်အေးသီ ပြောလိုက်ပုံက သားကို မထိန်းနိုင်တဲ့ မိခင်လိုလို ဖြစ်သွားစေတာလေ။ ဈေးဝယ်သူတွေ မျက်လုံးက သူမအပေါ်ဝဲကျလာသည်က ဒေါ်ရွှေစင်ဝင်းရဲ့ မာနထောင်းခနဲ ထလာသည်။

" ဒီမှာ ဒေါ်အေးသီ ရှင့်သမီးကို ရှင့်ဘဝမျိုးရောက်စေချင်သလား "

" ဘယ်လို "

ဒေါ်အေးသီ ကိုယ် မတ်ခနဲကြွသွားစေသည်။ ဒေါ်ရွှေစင်ဝင်းရဲ့ မာနမျက်နှာထားက စိန်နားကပ်အရောင် တဖျတ်ဖျတ် လက်ခါသွားပြီး

" ဟုတ်တယ်လေ ဒေါ်အေးသီ ရှင့်ဘဝလိုမျိုး ရှင့်သမီးကို ဖြစ်သွားစေချင်ရင် ရှင့်သမီးကို ရှင် မထိန်းဘဲ လွှတ်ထားပေး



www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ယောက်နဲ့ မကလို့ဆယ်ယောက်ပဲဖြစ်သွားပစေ ကျွန်မသားကို ဘယ်နည်းနဲ့မဆို ရအောင်ခွဲပစ်ဖို့ ဝန်မလေးဘူးဆိုတာ သဘောပေါက်[illegible] ”

ဒေါ်အေးသီ အသားတဆတ်ဆတ်တုန်ကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

“ ကျွန်မတို့သားနဲ့ အဆင့်အတန်းမတူတဲ့ ရှင့်သမီးကို ဘယ်နည်းနဲ့မဆို ခွဲပစ်မှာပဲ ရှင့်သမီး ရှင့်လိုဘဝ ဒုက္ခမရောက်စေချင်ရင် ရှင် အချိန်မှီတားစမ်းပါ အခု ကျွန်မသားနဲ့ ရှင့်သမီး တစ်နေနေရာမှာ ရှိနေတာကို သိသိချည်းနဲ့ မျက်စိစုံမှိတ် လက်ခံထားမယ်ဆိုရင် ရှေ့ဆက် ဖြစ်လာမယ့် ရှင့်သမီးရဲ့ဘဝက ရှင့်လိုဘဝ ဖြစ်သွားမယ် ဒေါ်အေးသီ”

“ ကျွန်မတို့သားဟာ ကျွန်မတို့ သဘောမတူတဲ့ ဘယ် မိန်းကလေးကိုမှ လက်ထပ်ခွင့်ရမှာ မဟုတ်ဘူး ရှေ့ဆက် ဘာဘာညာညာ ဖြစ်လာရင် ကျွန်မတို့လုံးဝ တာဝန်မယူဘူး ”

ပွဲတော်လိုဝိုင်းအုံနေကြတဲ့ လူအများကြားမှာ ဒေါ်အေးသီ ရှက်ခြင်း ဒေါသထွက်ခြင်းတို့နှင့် မျက်နှာနီမြန်းကာ ဒေါ်ရွှေစင်ဝင်းကို စူးစူးရဲရဲ စိုက်ကြည့်လိုက်မိသည်။

သူမ ဘဝက သူဌေးသားကို ချစ်မိပြီး မိဘ သဘောမတူမှန်း သိသိချည်းနဲ့ခွန့်စားပြီး လက်ထပ်ပေါင်းသင်းခဲ့တာ ကိုငြိမ်းမိဘ လိုက်ခွဲ





ခွန်းလို့ ရှောင်ပုန်းပြီးဘဝကို ရပ်တည်ခဲ့ကြပေမယ့် သမီးငယ်လေး ကိုယ်ဝန်ရှိစကတည်းက သူမနဲ့ ကိုငြိမ်းကို ခွဲပစ်ပြီး ခြေရာဖျောက်ပစ် လိုက်တာ ခုချိန်ထိ။

ကလေးနှစ်ယောက်နဲ့ သူမ ဘဝကို သူမ ရုန်းကန်ခဲ့ရတာ။

အချစ်ကို ကိုးကွယ်ခဲ့တဲ့ သူမ ဘဝက ကလေးနှစ်ယောက်ရဲ့ လောကဓံလှိုင်းထဲ မြှုပ်ပေလုလုဖြစ်ခဲ့ရတာလေ။

သူမ ဘဝကို လက်ဆုပ်လက်ကိုင်ပြပြီး ငြိမ်းခြောက်တာ ဘာကြောင့်လဲ။

ဘာပဲဖြစ်ဖြစ် သမီးကို သူမလို ဘဝထဲမှာ နစ်မွန်းမနေစေချင် တာ သူမရဲ့ ကမြင်းပြဆုံးဆန္ဒပဲ။

လှုပ်ရှားလွန်းတဲ့စိတ်က မငြိမ်မသက်ဖြစ်ကာ မီးမသေသေးတဲ့ ဆေးပြင်းလိပ်ကို တစ်ရှိုက်ပြီး တစ်ရှိုက်ဖွာပစ်မိသည်။

“ ရှင့် သမီး အပျိုဂုဏ်ပျက်ချင်လား ဒါမှမဟုတ်ကလေး တွဲလောင်းနဲ့ ဒုက္ခရောက်တာ မြင်စေချင်လား ”

“ မြင်ချင်ရင် လွှတ်ထားကြည့်လေ ”

“ရွှေစင်ဝင်းတို့ ဘယ်လိုလုပ်ပစ်မလဲဆိုတာ ရှင် မျက်ဝါး ထင်ထင် တွေ့သွားစေရမယ် ဒေါ်အေးသီ ”

ထိုစကားလုံးတွေက ဒေါ်အေးသီ အသည်းနှလုံးကို လာပြီး



www.burmeseclassic.com

www.burmeseclassic.com



သွေနေသည်။

" စိတ်ချ ဒေါ်ရွှေစင်ဝင်း ရှင်တို့သားနဲ့ လုံးဝ မငြိစွန်းအောင် ဆွေးခွဲပေးမယ် ရှင် ခုချက်ချင်း ဆိုင်ရှေ့ကထွက်သွား သွား "

" အောင်မာ ရှင်က ကျွန်မလို မိန်းမကို မောင်းထုတ်ရဲတယ် "

နှင်ထုတ်ခံရတော့ ဒေါ်ရွှေစင်ဝင်း တဆတ်ဆတ် နာသွား၏။

" ဂုဏ်မောက်နေတဲ့ ဘယ်မိန်းမကိုမှ ကျုပ်တို့ မဖူးမျှော်ဘူး ဒီမှာ ကျုပ်ဘယ်တဝဖြစ်ဖြစ် ကျုပ်ဘဝဘာပဲဖြစ်ခဲ့ ဖြစ်ခဲ့ ထိပါးပုတ်ခတ် နေစရာမလိုဘူး ရှင်တို့လို ဂုဏ်ကြီးရှင်တွေကို ကျုပ်တို့ အထင်မကြီးဘူး ရှင့်သားနဲ့ရှင် သဘောမတူနိုင်သလို ကျုပ် သမီးနဲ့ ကျုပ် ဘယ်တော့မှ လက်ခံမှာ မဟုတ်ဘူး "

" စိတ်ချ ကျုပ်သမီးကို ရှင့်သားနဲ့မရရအောင် ကျုပ်ခွဲပေးမယ် ရှင်ခုချက်ချင်း ဆိုင်ရှေ့ကထွက်သွား "

ဒေါ်အေးသီ ဒေါသနဲ့ ထရပ်ကာ လက်တစ်ဖက် ခါးထောက်ပြီး ကျန်လက်တစ်ဖက်နှင့် လာရာလမ်းကို သွားဖို့ညွှန်လိုက်သည်။

တဖိတ်ဖိတ်တောက်နေတဲ့ သူမလို ဂုဏ်ကြီးရှင်ကို ဈေးသည်မက လက်ညှိုးညွှန်နှင်ထုတ်နေသည်က ဒေါ်ရွှေစင်ဝင်းရဲ့ မာနကို ထိုးထိုးထောင်ထောင် ဖြစ်စေသည်။ ရင်ကော့ပြီး ဒေါ်အေးသီနဲ့ ရင်ဆိုင် လိုက်ဖို့ စိတ်ကူးသော်လည်း





" ရှင် သွားမလား မသွားဘူးလား "

ဒေါ်အေးသီ ဒူးရင်းသီးတစ်လုံးကို လက်နှစ်ဖက်နဲ့ကောက်ကိုင်ကာ ဒေါ်ရွှေစင်ဝင်းရဲ့ မျက်နှာတည့်တည့်ကို ချိန်ပြီးပြော၍ မလျှော့ချင်တဲ့ မာန်ကို လျှော့ကာ ချာခနဲ လှည့်ထွက်ခဲ့ရသည်။

" တောက် "

ဒေါ်အေးသီရဲ့ တက်ခတ်သံက ဒေါ်ရွှေစင်ဝင်း ဒေါသကို ထိပါးပုတ်ခတ်သလိုလို။

" အမေရယ် ရှက်ဖို့ကောင်းလိုက်တာ "

ရှက်တတ်တဲ့ အရွယ်ရောက်နေပြီဖြစ်တဲ့ ဆယ်တန်းကျောင်းသူ ကြယ်ပွင့်စင်က မျက်နှာကို လက်ဖဝါးနှစ်ဖက်နဲ့ ဖိအုပ်ရင်း အမေ နောက်ကျောမှာ ခေါင်းချိုင့်ကြွေးတော့၏။

" ညည်း ပါးစပ်ပိတ်ထားစမ်း အငယ်မ "

မထင်မှတ်တဲ့ ရန်ပွဲကြောင့် ဈေးတစ်ဈေးလုံး အုံးအုံးကြွက်ကြွက် ပေါ်စုကြ သတင်းမေးကြ တီးတိုးပြောကြနှင့် ဆူပွက်ကုန်သည်။

" တောက် မအေကို အရှက်ခွဲတဲ့ အမိုက်မ ဒီလောက်ဆုံးမ နေတဲ့ကြားက တောက် "

အမေဒေါသနဲ့ ပင့်ကိုင်ထားတဲ့ ဒူးရင်းသီးကို ပစ်ချလိုက်တော့ ..နံးသီးပုံက ဝုန်းခနဲ ပြိုကျလွင့်စင်သွားသည်။ အမေ့ဒေါသကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အသည်းအေးအေး အသံထွက်မရှိုက်ရဲတော့။

" အငယ်မ "

အတန်ကြာမှ ပေါ်ထွက်လာတဲ့ အမေဒေါ်သသံက အက်

လုလု။

" ပြော ပြောပါ အမေ "

" မောင်ကောင်းကို သွားခေါ်ခဲ့ "

" ဘာလုပ်ဖို့လည်း အမေရယ် "

" ဘာပဲလုပ်လုပ် ညည်းလျှာမရှည်နဲ့ မြန်မြန်ခေါ်

မြန်မြန်လာ "

" ဟုတ် ဟုတ်ကဲ့ အမေ "

အငယ်မ ကြောက်ကြောက်ရွံ့ရွံ့နှင့် ဆိုင်ခုံပေါ်မှ အသာဆင်း

သွားသည်။ ဒေါ်အေးသီက ဆေးပေါ့လိပ်ကိုသာ ဖိကာဖွာ လိုက်သည်

ရဲခနဲဖြစ်သွားတဲ့ ဆေးလိပ်မီးတွေ ဖွာကျလာသည်က ဒေါ်အေးသီ

ဒေါသနဲ့မာန မီးဖွားတွေထင်ရဲ့။

မိပန်။

ကိုယ့်ကိုအထင်မကြီးတဲ့ မလိုချင်တဲ့ ဘယ်သူ့သားကိုမှ မယူ

အေ။ ချစ်တာကို အမေ အပြစ်မပြောချင်ဘူး။ ဒါပေမဲ့ ဘဝအတွက်

အသိတရားနဲ့ဆင်ခြင်နိုင်မှ တော်ရာကျတယ်လေ။





မိပန် ဘယ်သူ့ကိုမှ မကြည့်နဲ့ အမေကိုပဲ ကြည့်။ သမီးတို့ အဖေက ကျိုကျိုတက်ချမ်းသာတဲ့ သူဌေးသား။ အမေက ဈေးသည်သမီး။ ငယ်တော့လည်း အချစ်ကို ကိုးကွယ်ပြီး ယူခဲ့ကြတယ်။ သမီး အဖေရဲ့ မိဘတွေလက်လှမ်းမမှီတဲ့ နယ်စပ်မြို့လေးမှာ အမေတို့ ပုန်းအောင်းပြီးနေခဲ့တယ်။ သမီးအဘွားတွေ ဘယ်က ဘယ်လို သတင်းရသွားတယ် မသိဘူး။ သမီးအဖေကို အမေ မသိအောင် ဖမ်းခေါ်သွားပြီး ခွဲပစ်ကြတယ်။ အမေ့မှာ အငယ်မ ကိုယ်ဝန်နဲ့ ညည်းက လူမမယ်ကလေးနဲ့။

သူတို့က ငွေဂုဏ်ရှိတော့ အမေတို့ ဘာတတ်နိုင်မလဲ။ အမေနဲ့ သမီးတို့အဖေကို အဲဒီကတည်းက ခွဲပစ်လိုက်တာ ခုချိန်ထိ သမီးအဖေ ဘယ်မှာရှိလဲဆိုတာ သတင်းမရဘူးလေ။ အချစ်ကို ကိုးကွယ်မိတဲ့ အမေမှာ ကလေးနှစ်ယောက်နဲ့ ဒုက္ခထဲမှာ မျောနေတာပေါ့အေ။

ဒါကြောင့် သမီး မမိုက်ချင်ပါနဲ့ကွယ်။ အမေ့ဘဝကို သင်ခန်းစာယူပြီး ဒီကောင်လေးနဲ့ အဆက်ဖြတ်လိုက်ပါကွယ် နော်။

သူတို့ သဘောမတူ မကြည်ဖြူတဲ့ သူ့ကို ဘယ်လောက်ပဲချစ်ချစ် သမီး စိတ်ကူးမယဉ်ချင်ပါနဲ့ကွယ်နော်။ အမေကား နားထောင်ပါကွယ်။ သမီးကို ဒေါ်ရွှေစင်ဝင်း ချိုးချိုးဖွဲ့ဖွဲ့ လာပြောကတည်းက သမီးကို နားဝင်သာအောင် ချော့မော့ ဖျောင်းဖျဆုံးမခဲ့ပါလျက်။



www.burmeseclassic.com

www.burmeseclassic.com



ခုသော့။

သောက်။

မိပန် ညည်းကို အမေ ခွင့်မလွှတ်ချင်တော့ဘူး။

အမေ့ဘဝကို ဘာဖြစ်လို့ သင်ခန်းစာ မယူချင်ရတာလဲ။

✿ ✿ ✿ ✿ ✿



## အခန်း (၂၅)

“ အမေ ပန့်ကို စိတ်ဆိုးသွားမလား မသိဘူး မောင်ရယ်”

မောင့် ရင်ခွင်မှာခိုဝင်ခွင့် ရပြန်တော့လည်း ပန် ရင်မှာ ငြိမ်းချမ်းနိုင်။

“ စိတ်ဆိုးရင်လည်း ခဏပေါ့ ”

“ ဟင့်အင်း အမေ့စိတ်ကို ပန်သိတယ် မောင် ”

“ စိတ်အားငယ်စရာတွေ မတွေးပါနဲ့ ပန်ရယ် နောက် ခုချိန်မှာ မောင်တို့ လွတ်လွတ်လပ်လပ်နဲ့ ပျော်ပျော်ရွှင်ရွှင် နေရမှာလေ ”

“ နေတာပေါ့ မောင်ရယ် ဒါပေမဲ့ ”

သူ့ သက်ပြင်းရှိုက်ကာ ပန် ကိုယ်လုံးလေးကို တင်းကျပ်စွာ ဖက်၍ ယုယစွာနှစ်သိမ့်ရင်း၊

“ ဒါပေမဲ့တွေ ဘာတွေ မပြောပါနဲ့ ပန်ရယ် မောင်လည်း ဒုက္ခဒေါသတွေကို မေ့ထားသလို ပန်လည်း ပန် အမေကို ခဏလေး



www.burmeseclassic.com

www.burmeseclassic.com



မှုထား ဆော် "

" မောင်ရယ် အမေက ပန့်ကို အမေ့လို ဘဝမျိုးရောက်မှာ အရမ်းစိုးရိမ်ပြီး မောင်နဲ့အဆက်ဖြတ်ဖို့ တားခဲ့ရက်နဲ့ ပန်က "

" မောင် နားလည်ပါတယ် ပန်ရယ် ဒါပေမဲ့ ပန် ယုံကြည်ပေးပါ။ ပန်ကို မောင် ဘာအကြောင်းကြောင်းနဲ့မှ ထားသွားမှာမဟုတ်ဘူး။ မောင့်ကြောင့် ပန် ဒုက္ခမရောက်စေရဘူး။ မောင် ကတိပေးတယ်။ ပန့် အမေစိုးရိမ်သလိုမျိုး မောင်ဘယ်တော့မှ မလုပ်ဘူး ပန် မောင် ပြောတာ ယုံလားဟင် "

ဒီအချိန်မှာ မောင့် စကားလုံးတိုင်းက ပန်ဘဝအတွက် အားဆေး ကောင်းတွေပါပဲ။ ဒါပေမဲ့ အမေနဲ့ ညီမလေးကို ပန် ဘယ်လို လုပ် မေ့လို့ရမှာလဲ။ ပန် မရှိရင် အမေတစ်ယောက်တည်း ဈေးဝယ်ရ ဈေးရောင်းရနဲ့ ဘယ်လောက်ပင်ပန်း နေမလဲ၊ ညီမလေးက လည်လည် ဝယ်ဝယ်ရှိတာ မဟုတ်ဘူး။ ပြီးတော့ ပန်ကို ဒေါသဖြစ်တဲ့စိတ်နဲ့ ညီမလေး ကို ဖိဆူနေမလား။ ဆူနေရင် မျက်ရည်လွယ်တဲ့ ညီမလေး ဘယ်လောက်တောင် ကြိတ်ငိုနေမလဲ၊ ဒါတွေကို မောင် ဘယ်သိနိုင်မလဲ ကွယ်။

" ပြောလေ ပန် မောင်ပြောတာယုံလားလို့ "

အတွေးနဲ့ငြိမ်သက်နေတဲ့ ပန် ပခုံးစွန်းလေးကို ဖွဖွလှုပ်ရင်း





မေးမှ

" ယုံ ယုံပါတယ် မောင်ရယ် "

" ယုံတယ်ဆိုရင် ပန် အမေနဲ့ညီမလေးကို ခဏမေ့ထားနော်"

" မောင်ရယ် "

" ဟုတ်ဘယ်လေ ခုချိန်မှာ မောင်တို့ မိဘတွေလက်လှမ်း မမီအောင် ရှောင်နိုင်ဖို့အရေးကြီးတယ်။ ခုလိုရှောင်နေတဲ့အချိန်မှာ စိတ်အားငယ်စရာ တွေးပြီးဝမ်းနည်းနေရင် မောင်တို့ ဘယ်လို ခံစားချက် မျိုးနဲ့ ပျော်နိုင်မှာလဲ "

" ပန်ကြောင့် မောင် စိတ်ညစ်သွားလားဟင် "

မောင် ခေါင်းရမ်းပေမယ့် မောင့် မျက်နှာပြင်က မရွှင်လန်းသေး။

" မောင်ရယ် ပန်တို့က မောင်တို့လို မပြည့်စုံတော့ အရာရာ အတွက် တွေးပြီး စိတ်သောက ဖြစ်မိလို့ပါ ပန် စိတ်ကို မောင် နားလည် ပေးနိုင်လားဟင် "

" မောင် နားလည်ပါတယ် ပန်ရယ် ပန်ကိုလေ သောကတွေ ဒုက္ခတွေနဲ့ ကင်းတဲ့ဘဝမှာ ထားခွင့်ရဖို့ မောင်စီစဉ်ထားပါတယ်ကွယ်"

ချစ်ခြင်းဖြင့် တည်ငြိမ်လေးနက်လာတဲ့ မောင့် မျက်နှာပြင်ကို ပန် ဖျတ်ခနဲ မော့ကြည့်မိသည်။ ရွှန်းစိုတဲ့မောင့်မျက်ဝန်းက ပန့် မျက်ဝန်းနဲ့ အကြည့်ချင်းဆုံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဘယ်လို မောင် "

" မောင်နဲ့ပန် မာမီတို့ စုံစမ်းလို့မရတဲ့နေရာမှာ တင့်တင့်တယ်တယ် နေကြမယ်လေ မောင့်မှာ ငွေကြေးအပြည့်အစုံပါတယ် "

" ဟွန်း ငွေအများကြီး ဘာလုပ်မှာလဲ မောင်ရယ် "

" မောင်တို့ အခြေတကျဖြစ်ဖို့ ငွေက အရေးကြီးတယ်လေ ပြီးတော့ မောင်အလုပ် လုပ်မယ် ပန် အေးအေးချမ်းချမ်း နေပေါ့ကွယ် နော် "

မောင့် စိတ်ကူးက ချိုမြိန်စရာ ကောင်းလှသည်။

" ဒီတစ်ည ဒီအိမ်လေးမှာ တည်းပြီးရင် မနက်ဖြန် မောင်တို့ ဘဝသစ်ကို စမယ်လေ တကယ်လို့ ပန်တို့ ဒီအိမ်လေးမှာ ရှိနေတာ တစ်ယောက်ယောက်သိသွားရင် ကော "

" ဘယ်သူမှ မသိအောင် မောင်ကောင်း ပိပိရိရိ စီစဉ်ထားပါတယ် "

" မောင်ကောင်း ပန်တို့အနားမှာ ရှိနေဖို့လိုတယ် နော်"

" ဟွန်း မောင်ကောင်း သွားလိုက်လာလိုက်နဲ့ ပင့်ပန်းနေမှာ မောင်ရဲ့ "

" မပင်ပန်းပါဘူးကွာ မောင်ကောင်းက အလိုက်သိသိရှောင်နေပေးတာပါ "





" ဘာအလိုက်သိသိလဲ "

ရှက်ရိပ်မှုမှုဖြစ်နေတဲ့ ချစ်သူ မျက်နှာလေးက ရင်ခုန်ချင်စရာ သူ လိုက်ဖိုစွာ ပြုံး၍

" အလိုက်သိတာပေါ့ ပန်နဲ့မောင် နှစ်ယောက်တည်း အတူနေခွင့်ရအောင် "

" ဘာ အတူနေခွင့်လဲလို့ "

သူ့ ရင်ခွင်ကို တွန်းရင်းဆိုသည့် ပန် ကိုယ်လုံးလေးကို သူ အမိအရ ဖက်ထားမိသည်။

" မောင်တို့ သိပ်ချစ်လို့ အတူချစ်ခွင့်ရဖို့ စွန့်စားခဲ့တာလေ"

" မောင် နော် "

" မရဘူး နော် ပန် မောင့် အချစ်ကို ငြင်းဆန်လို့ မရဘူးကွာ ငြင်းပါနဲ့နော် "

" မောင် မယုတ်မာနဲ့ နော် "

" အိုး ဘယ်သူက ယုတ်မာလို့လဲ ပန်ရယ် ပန်ကို ချစ်လို့ ရင်ခွင်ထဲ မြတ်မြတ်နိုးနိုး ထည့်ထားတာကို "

ပန် မျက်စောင်းလှလှနဲ့အတူ ပန် လက်သီးဆုပ်က သူ့ ရင်ဘတ်ပေါ် တဝုန်းဝုန်းကျလာသည်။

" မထည့်နဲ့ သွား "



www.burmeseclassic.com

www.burmeseclassic.com



" ထည့်ရမှာပေါ့ ပန်ရယ် မောင့်ရင်ခွင်ထဲမှာ ပန်ကို တစ်သက်လုံး ထည့်သိမ်းရမယ်လေ "

" မနေဘူး "

" ပန် မနေဘူးလား "

" ဟင့်အင်း "

" ပန် မနေရင် ဝင့်ကို မောင့်ရင်ခွင်ထဲ ထည့်ထားရမလား"

" ဟွန်း ဝင့်ကို ရင်ခွင်ထဲထည့်ထားချင်ရင် ဘာဖြစ်လို့ ပန်နားမှာ နေတာလဲ "

ဒေါသ မျက်စောင်းနဲ့အတူ ရင်ခွင်ထဲက ရုန်းထွက်လိုက်တဲ့ ပန့်ကို သူ ချစ်မဝနိုင်တော့ စိတ်ဆိုးမာန်ဆိုး သံလေးနဲ့ ပြောတဲ့ ပန်ကို ကြည်နူးစွာ ပြုံးကြည့်ရင်း၊

" အလကား နောက်တာပါ ပန်ရယ် "

" သွား အတည်ပြောပြီးတော့မှ ဘာနောက်တာလဲ ဒါပဲနော် မောင်က ဝင့်ကို လွမ်းနေရင် သွားပေါ့ ပန့်ဘဝနဲ့ ပန် ရှိပါစေတော့ "

ပြောရင်း ဝမ်းနည်းလာတဲ့ ချစ်သူကို သူ မနောက်ပြောင်ရက်တော့ ကျောခိုင်းထွက်သွားတဲ့ ပန် ကိုယ်လုံးလေးကို နောက်မှ သိုင်းဖက်လိုက်တော့

" မောင်နော် လွှတ်ပါဆို "





" ပန်ရယ် မောင့်ကို မချစ်လို့လား ဟင် "

" မောင်ပဲ ပန့်ကို မချစ်လို့ ဝင့်ကို ရင်ခွင်ထဲ ထည့်ထားရမလား ဘာညာပြောပြီးတော့ ခုမှလာပြီး လွှတ်ပါဆို "

ပွေ့ချီထားတဲ့ ပန် ကိုယ်လုံးလေးကို သူ မလွှတ်ရက်တော့၊ ပန့်ကိုယ်လုံးလေးကို မွေ့ရာထက် တင်လိုက်တော့ ပန်က သူ့ကို မကြည့်ဘဲ မျက်လွှာလေး မှေးချလျက်

" ပန့်ကို အရမ်းချစ်တယ်ကွာ ပန့်ကို မောင်တစ်သက်လုံး ပိုင်ဆိုင်ပါရစေနော် "

" မောင်ပဲ ဝင့်ကို "

" ဝင့်အကြောင်း မေ့ပစ်လိုက်ပါတော့နော် မောင်နဲ့ ပန့်ကြားမှာ ဝင့် မပါကြေး "

" မပါကြေးဆိုရင် မောင်ပဲ အစဖော်ပြောပြီးတော့ "

" ခုချိန်ကစပြီး နောင် ဘယ်တော့မှ မောင် မပြောတော့ဘူး"

" တကယ်လား "

" တကယ်ပေါ့ ပန်ရယ် "

" ဟွန်း အခုမှ "

ပြောရင်း ပန်က မွေ့ရာထက်မှ ထဖို့ ပြင်တော့

" နေဦးလေ "



www.burmeseclassic.com

www.burmeseclassic.com



– ဘာလဲ လို့ ''

– ပန် ဘယ်သွားဖို့လဲ ''

'' အပြင်မှာ ခေါ်သံလိုလို ဘာလိုလို ကြားလို့ ''

'' ဟွန်း ''

သူ နှာခေါင်းရှုတ် ကြည့်လိုက်သည်။ ပန်က ထွေးဖက်ထားတဲ့ သူ့လက်ကို အသာဖယ်ရှာ၍

'' ဖယ်ပါ မောင်ရယ် ပန် နားထဲမှာ ညီမလေး အသံလိုလို ငိုသံလိုလို ကြားရလို့ပါ တကယ်ပါ ''

ပန် သူ့ကို တမင်နှိပ်စက် နေပြီထင်ရဲ့။

'' မောင် အိပ်ချင် အိပ်တော့လေ ''

'' မောင် တစ်ယောက်တည်း ''

'' အောင်မယ် ခုမှ ကဲချင်နေတယ် ''

'' ချစ်တာကိုး ''

သူ့အပါးက ပန် ထွက်သွားလို့မရအောင် ပန် ခါးကျဉ်းကျဉ်းလေးကို မလွှတ်တမ်း ထွေးဖက်ထားမိသည်။

'' ဖယ်ပါ ''

'' ချစ်လို့ပါ ပန်ရယ် ''

'' ပန်ကလည်း ချစ်ရပါတယ်နော် ''





'' အဲဒါဆို ဘာဖြစ်လို့ မောင့်နားမှာ မနေချင်ရတာလဲကွာ''

'' ဟွန်း ဘယ်သူက မနေချင်ဘူး ပြောလို့လဲ ''

'' နေချင်တယ်ဆိုရင် မောင့်ရင်ခွင်ထဲမှာ နေပေါ့ ပန်ရယ်''

'' ဟွန်း ''

ချစ်စရာကောင်းတဲ့ ပန် နှုတ်ခမ်းလေးက လှုပ်လှုပ် စူကာ။

'' ချစ်တယ်ကွာ ''

အိထွေးနေတဲ့ နှုတ်ခမ်းလွှာလေးကို အကြိမ်ကြိမ် နမ်းမိသည်။

'' ပန်လည်း ချစ်ပါတယ် ကွယ် ''

'' ချစ်တယ်ဆိုရင် ''

'' မောင် နော် ''

'' ပန်ရယ် မောင့်ကို မနှိပ်စက်ပါနဲ့တော့နော် ''

'' မနှိပ်စက်ချင်လို့ပေါ့ ''

'' မနှိပ်စက်ချင်ရင် ''

'' ကဲပါ ခြံတံခါး ပိတ်မလို့ပါဆို ''

ဟင်းခနဲ သူသက်ပြင်းချကာ ပန် ဖယ်ပစ်တဲ့သူ့လက်တွေကို ပန်ခါးမှ မဖယ်ချင် ဖယ်ချင်နှင့် ဖယ်ရတော့၏။

'' မောင်က ဖွတ် ''

'' ချစ်ကလည်း ''



www.burmeseclassic.com

www.burmeseclassic.com



ပန် မျက်စောင်းလှလှနဲ့ သူ့အပါးက ထထွက်သွားတော့ အ
ရင်မှာ မချင့်မရဲနဲ့ နွမ်းလျစွာ။

ချစ်သူအလာကို ရင်ခုန်စွာ စောင့်လျက်။

✿ ✿ ✿ ✿ ✿



## အခန်း (၂၆)

" ဟီး ဟီး မမ ပန် "

" ပန် "

ပန် မျက်ဝန်းအဆမတန် ပြူးကျယ်ကာ ခြံတံခါးဆီ ကမန်းကတန်း ပြေးဆင်းသွား၏။

" ညီမလေး "

" မမ "

ခြံပြင်အမှောင်ထဲမှာ ရပ်ရင်း အသည်းအသန် ငိုနေရှာသည့် ညီမလေးကို စိုးရိမ်တကြီး ပွေ့ဖက်မိသလို ညီမလေးကလည်း အားကိုးတကြီး ဖက်တွယ်ရှာသည်။

" ညီမလေးရယ် ဘယ်က ဘယ်လို ရောက်လာတာလဲ ညကြီး အချိန်မတော်ကွယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဟင့် ဟင့် "

ညီမလေးက အဆက်မပြတ် ရှိုက်ငိုနေဆဲ။

" ဘာဖြစ်လို့လဲ ဟင် ညီမလေး "

" အမေ အမေ ပေါ့ "

" ဟင် အမေ အမေ ညီမလေးကို ဆူလို့လားဟင် "

" မမကို စိတ်ဆိုးနေလား ဟင် "

ပန်နှရင်မှာ စိုးရိမ်စိတ်က အထွတ်အထိပ်၊ ညီမလေးကို ရင်ခွင်ထည့်ကာ နှစ်သိမ့်ပေးရင်း မျက်ရည်စတွေ သုတ်ပေးမိသည်။

" ပြောလေ ညီမလေး အမေ မမကို စိတ်ဆိုးနေလားဟင် "

" ဟင့်အင်း ဟီး ဟီး "

" တိတ်ပါ ညီမလေးရယ် မမကြောင့် ညီမလေး ဆူခံရတာ[illegible] နော် ဟုတ်လား ဟင် "

" ဟင့် အင့် ဟင့် အင့် "

ညီမလေးက ခေါင်းတွင်တွင်ရမ်းကာ။

" ဒါဆို ဘာဖြစ်လို့ ညီမလေးတစ်ယောက်တည်း လာရတာ[illegible] ကွယ် ညကြီးမင်းကြီးမှာ "

" ဟို အမေ အမေ ပေါ့ "

" ဟင် အမေ ဘာဖြစ်လို့လဲ ဟင် "





ပန်နှရင်မှာ အမေအတွက် စိုးရိမ်စိတ်ဝင်လာသည်။ အမေမှာ သွေးတိုးရောဂါရှိတယ်လေ၊ နောက်ပြီး အလုပ်ပင်ပန်းရင် အမောဖောက်တတ်တာ၊ ပန် မရှိတော့ အမေပင်ပန်းလွန်းပြီး တစ်ခုခုဖြစ်နေပြီလား ဆိုတဲ့အတွေးက အဆမတန် စိုးရိမ်စိတ် လှုပ်ရှားသွားသည်။

" ပြောလေ ညီမလေး အမေ ဘာဖြစ်လို့လဲ ဟင် "

" အမေ အမောဖောက်ပြီး "

" ဟင် "

" အမေကို ခေါ်လို့ မရတော့ဘူး မမရဲ့ ဟီး ဟီး

" အိုး ဟုတ်ရဲ့လား ညီမလေးရယ် "

" ဟုတ်တယ် အမေကို ခေါ်လို့မရတော့ဘူး "

" ဘယ်လို လုပ်ကြမလဲ ဟင် "

အားငယ်တတ်တဲ့ ညီမလေး မျက်ရည်တွေက ပန် ရင်ကို အတိုင်းမသိ ဝမ်းနည်းသွားစေသည်။

" မမ အမေ တစ်ခုခု ဖြစ်သွားရင် ညီမလေး ဟီး ဟီး "

" အိုး ညီမလေးရယ် အမေ ဘာမှ မဖြစ်နိုင်ပါဘူး "

" ဖြစ်နိုင်တာပေါ့ မမရဲ့ အမေ့မှာ နဂိုကတည်းက သွေးတိုး [illegible]လေ အခုလို အမောဖောက်ပြီး သတိလစ်သွားတာ ခေါ်လို့ မရဘူး [illegible]တော့ "



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်သွားတဲ့ ညီမလေးအသံက ပန် စိတ်ကို အမှောင်ထဲ ဆွဲငင်သွားစေသည်။ အမေသာ တစ်ခုခု ဖြစ်ရင်

ဟင့်အင်း။

အမေ ဘာမှ မဖြစ်ရဘူး။

" ဟင့်အင်း အမေကို ဆေးရုံပို့ရမှာပေါ့ ညီမလေးရဲ့ "

" အဲဒါ မမကို လာခေါ်တာ ဟင့် ဟင့် "

" မမ လိုက်ခဲ့ပါ့မယ် နော် "

" ဒါဆို လာလေ မမ အမေကို ဆေးရုံပို့ပေးပါနော် နော် မမ "

ပန် အရာရာကို မေ့လျော့ကာ ညီမလေး ဆွဲခေါ်ရာ နောက် အလောတကြီး ပါသွားသည်။

အမေရယ် အမေဘာမှ မဖြစ်ပါစေနဲ့။

✿ ✿ ✿ ✿ ✿

" အမေ ရယ် "

သတိလစ်နေရှာတဲ့ အမေကို မြင်ရတော့ ပန် မျက်ရည်တွေ မထိန်းနိုင်တော့ အရေးပေါ်ဆေးရုံတင်ပြီး အမေ အခြေအနေကို စစ်ဆေး





တော့ အားရစရာ မကောင်းလှ။

" သမီး အမေမှာ နှလုံးရောဂါ ဝင်နေပြီတဲ့ "

" ဟင် "

ပန် ဝမ်းနည်းမျက်ရည်များ လိမ့်ကျလာသည်။

" သွေးတိုးရှိနေတာရယ် နှလုံးရောဂါပါ တိုးလာပြီးဆိုတော့ လူနာစိတ်ကို အတတ်နိုင်ဆုံး လိုက်လျောပါ "

" ဟုတ်ကဲ့ ဒေါက်တာ "

" သမီးအမေ မကြာခင် သတိရလာလိမ့်မယ် "

" ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဒေါက်တာရယ် "

ဆေးရှိန်နဲ့ အိပ်ပျော်နေတဲ့ အမေ လက်ဖဝါးလေးကို တယုတယ ဆုပ်ကိုင်ထားမိသည်။ ညီမလေး ဝမ်းနည်းတကြီး ငိုနေသည်က အမေ့လို ဖြစ်တာ ပန် ကြောင့်လို့ စွပ်စွဲနေသလိုလို။

" မမ ရယ် အမေသာ တစ်ခုခု ဖြစ်ရင် "

" ဘာ ဘာမှ မဖြစ်ပါဘူး ညီမလေးရယ် အမေ စိတ်ချမ်းသာရင် နှလုံးရောဂါ အလိုလို သက်သာသွားမှာပါ "

" မမက အမေ့ကို စိတ်ချမ်းသာအောင် ထားမှာမို့လားဟင်"

မျက်ရည်တွေရွှဲနစ်တဲ့ ညီမလေး မျက်နှာကို ပန် ဖျတ်ခနဲ ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



– ဟိုလေ အန့်တီဒေါ်ရွှေစင်ဝင်း ဈေးထဲလာပြီး ပြောကတည်း
– အမေ စိတ်ထိခိုက်သွားတာ ပြီးတော့ ညီမလေး မမြင်အောင်
အမေ ကြိတ်ပြီးငိုတာ မမရဲ့ မမကိုလည်း အရမ်းစိတ်ဆိုးပြီး အမေ
တစ်ယောက်တည်း အရူးတစ်ယောက်လိုပဲ မမကို လိုက်ရှာနေတယ်
မမကို မတွေ့ရတော့ အမေပိုပြီး ငိုတယ် ညီမလေးလည်း အမေနဲ့အတူ
ငိုမိတာပဲ အဲဒီနောက် အမေမောသွားပြီး အိပ်ယာထဲခွေကျသွားတော
ခေါ်လို့မရတော့ဘူး အဲဒါနဲ့ ညီမလေးလည်း မောင်ကောင်းကို သတင်းပေး
ပြီး မမကို ပြေးခေါ်ခဲ့တာ မမရယ် ဟင့် ဟင့် ''

တတွတ်တွတ် ပြောရင်းငိုနေတဲ့ ညီမလေးကို ပန် ထွေးပေ
ကာ ချော့မော့လိုက်သည်။

'' ညီမလေး ရယ် ''

'' မမ အမေ့ကို စိတ်ချမ်းသာအောင် ထားမှာလားဟင် ''

ခုချိန်မှာ ပန် ဘာကို ရွေးချယ်ရမလဲ မောင်။

'' ပြောလေ မမ အမေကို စိတ်ချမ်းသာအောင် ထားမှာ
လားဟင် ''

'' ထား ထားရမှာပေါ့ ညီမလေးရယ် ''

ပြောသာ ပြောလိုက်ရပေမယ့် မောင့် ပုံရိပ်ကို မြင်ယောင်
လာတော့ ပန့်ရင်မှာ စို့ကြပ်သလို ဖြစ်သွားသည်။





'' အမေကလေ မမကို သိပ်ချစ်တာ မမရဲ့ မမကို အမေ
...း မနေတဲ့ကြားက မမ လိုက်သွားတော့လေ ''

'' တော်ပါတော့ ညီမလေး ရယ် ''

ညီမလေးကို စိတ်မချမ်းမြေ့စွာ ဖက်ထားမိသည်။ အမေ့
...က်နှာပေါ်က ခံစားမှုပုံရိပ်တွေကို ဖတ်တတ်ပါတယ် ညီမလေးရယ်၊
ညီမလေးက တစ်ချက်နှစ်ချက်ရှိုက်ကာ အတန်ကြာကြိတ်ငိုပြီးမှ

'' တကယ်လို့ မမ ပြန်သွားလိုက်ရင်လေ ''

'' မမ ဘယ်သွားရမှာလဲ ညီမလေးရယ် ''

'' အစ်ကို နဝင်းဆီကိုလေ ''

'' ''

ပန် အသက်အောင့်ကာ နှုတ်ခမ်းကို တင်းတင်းဖိကိုက်ပြီး
...သက်နေပေမယ့် မောင့်ကို အဆုံးရှုံးမခံနိုင်ဘဲ စိတ်က ရုန်းကြွ
...သည်။

'' မမသာ ...ဒီ ပြန်သွားလိုက်ရင် အမေ စိတ်ဆင်းရဲပြီး
...သွားမှာ မမရဲ့ ဟား ဟီး ''

ညီမလေးရဲ့ ငိုသံက ပန် နှလုံးသားတောင့်တမှုကို ဘောင်ခတ်
...လား။

'' အမေ့အနားမှာ မမရှိနေမှ အမေ စိတ်ချမ်းသာမှာ မမ



www.burmeseclassic.com

www.burmeseclassic.com



မဒ္ဒီရှင် အမေ အမေ ''

ပန် တင်းခံနိုင်စွမ်းမရှိတော့။ ညီမလေးရဲ့ နှုတ်ခမ်းအစုံကို ရင်ဘတ်နှင့် ဖိကပ်ပိတ်လိုက်မိသည်။

'' မပြောပါနဲ့တော့ ညီမလေးရယ် မပြောပါနဲ့တော့နော် ''

မောင်ရယ် ။

အချစ်ကြောင့် နီးရမှာလား ဝေးရမှာလား။

ပန် ဘယ်လို ဆုံးဖြတ်ရမလဲ ဟင်။

ဆေးရုံပေါ်ရောက်နေတဲ့ အမေကို ထားရစ်ခဲ့ပြီး မောင့်ရင်ခွင်ထဲ ပြေးရမလား။

ဒါမှမဟုတ်။

အမေ စိတ်ချမ်းသာဖို့ မောင့်ရင်ခွင်ကို ကျောခိုင်းရမလား။

ဆုံးဖြတ်ပေးပါ မောင်ရယ်နော်။

ဖြာကျလာတဲ့ မျက်ရည်စတွေက ပန် နှလုံးသားကဆိုရင်။

✿ ✿ ✿ ✿ ✿



# အခန်း (၂၇)

'' ဘယ်လို ''

သူ့ရင်မှာ ခံပြင်းမှု ဒေါသလှိုင်းတွေ အဆမတန် ကြွတက်လာသည်။

'' ဟုတ်တယ် အစ်ကို ''

မောင်ကောင်း အတည်ငြိမ်ဆုံး ပြောပေမယ့် သူ့ နှလုံးသားက တည်ငြိမ်နိုင်။ ပျဉ်ထောင်အိမ်လေးရဲ့ လက်ရန်းကို ခပ်တင်းတင်းဆုပ်ကိုင်ကာ အံတင်းတင်း ဖိကြိတ်လိုက်မိသည်။

ရုတ်တရက်နီးလာတော့ သူ့ ရင်ခွင်မှာ ပန် မရှိတော့။ သူ့ရင်မှာဆူလောင်ကာ ဝုန်းခနဲ ထရပ်ရင်း

'' ပန် ပန် ဘယ်မှာလဲ ကွာ ''

အိမ်အနှံ့ ရှာကြည့်ပေမယ့် ချစ်သူပုံရိပ်ကို မမြင်ရတော့ သူ့နှလုံးသား မီးတောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ခွဲသွားပြီလား ပန်ရယ် မေ့ငြဲကို မရ...ပါနဲ့ ချစ်ရယ် ပန်မရှိရင် မောင့်ဘဝနဲ့ မောင့်နှလုံးသား ဘယ်လိုရပ်တည်နိုင်ရမလဲ။

ပန် မကျိုးစားနဲ့ကွာ။ ပန် ပန်ရေ။

အချစ်ကြောင့် ပူဆောင်နေတဲ့စိတ်က ပန်ကို တွေ့လိုကျွေပြား ညကြီးမင်းကြီး ရှာဖွေနေခဲ့မိသည်က ပန်တို့အိမ်ရောက်တဲ့အထိ ဘဲ့ခါး သော့ခတ်ထားတဲ့ ပန်တို့ အိမ်ကလေးက တိတ်ဆိတ်စွာ။ သူ့နှလုံးသားက အမှောင်ထုရဲ့ လမ်းတွေပေါ် သွေးရူးသွေးတန်း ဖွေရှာလျက်။

ပန့်ကို ရှာမရတဲ့ သူ ခြေလှမ်းတွေက တစ်ညလုံး ဦးတည်ရာမဲ့။

ခြံတံခါးဆင်းပိတ်မယ်ဆိုတဲ့ ပန်က မောင့်ကို ခွဲသွားရက် သလားကွာ။

ပျဉ်ထောင်အိမ်လေးဆီ ပြန်လာတော့လည်း အထီးကျန်ဆန်စွာ။ မောင်ကောင်း သုတ်တီသုတ်ပြာ ရောက်လာပြီး။

" အစ်ကို့မာမီ ဈေးထဲမှာ ဘာညာသွားပြောလို့ မမအမေ ဒေါ်သကြီး ကြိတ်ခံစားရင်း ညက သတိမေ့သွားတာ မမငယ်က ငိုယိုပြီး လာပြောတာနဲ့ "

" ဒါဆို "

" ဟုတ်တယ် အစ်ကို မမ ဆေးရုံမှာ အဒေါ်ကို စောင့်နေ





ရင်... "

" ဒါဆို အစ်ကိုလိုက်သွားမှာပေါ့ "

သူ အိမ်ပေါ်က ဆင်းဖို့ပြင်တော့ မောင်ကောင်း လက်ဟန့် တားပြီး

" လိုက်မသွားနဲ့ အစ်ကို "

" ဘာဖြစ်လို့ "

" ကျွန်တော်လည်း မမ အခြေအနေကို စောင့်ကြည့်နေတာ အဒေါ်သက်သာရင် မမကို အစ်ကိုဆီ ပြန်ခေါ်ခဲ့ဖို့ပေါ့ "

" ဒါဆို ပန်က "

မောင်ကောင်း မျက်နှာလေး နွမ်းကာ

" ကျွန်တော်လည်း အလစ်ချောင်းရင်းနဲ့ အိပ်ပျော်သွားတာ ကျွန်တော် နိုးလာတော့ ဆေးရုံပေါ်မှာ မမတို့ တစ်မိသားစုလုံးမရှိ တော့ဘူး "

" ဟင် "

" ဟုတ်တယ်အစ်ကို ကျွန်တော် ဆရာမတွေကို မေးကြည့်တော့ ညနေ ခိုးဆင်းသွားလို့ ဆရာဝန်တွေ စိတ်ဆိုးနေကြတာတဲ့ "

သူ့ရင်မှာ မွန်းကြပ်သွားသည်။

" ကျွန်တော်လည်း မမတို့ အိမ်ပြေးကြည့်တာပေါ့ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာလည်း မမတို့ မရှိတော့ဘူး အိမ်ရှင်ပြောတော့ မမတို့က မငှားတော့ဘူးတဲ့ ''

'' ဒါဆို ပန် မရှိတော့ဘူးပေါ့ ဟုတ်လား မောင်ကောင်း ''

'' ဟုတ်တယ်အစ်ကို ''

'' ဟာ ''

သူ့နှလုံးသား သွက်သွက်ခါ လည်သွား၏။

'' နောက်ပြီး မမတို့ ငှားနေတဲ့ အိမ်ကို အိမ်ရှင်ဆီမှာ တစ်ယောက်ယောက်က ဈေးအဆမတန်ပေးပြီး ထပ်ငှားလိုက်လို့ အိမ်ရှင်က မမ အမေကို ဆက်မငှားတာလို့ ဘေးပတ်ဝန်းကျင်က ပြောကြတယ် ကျွန်တော့်စိတ်ထင် အဲသလိုလုပ်တာ အစ်ကို မာမီပဲ ဖြစ်ရမယ် ''

သူ မယုံနိုင်လောက်အောင် အံ့သြသွားသည်။ မောင်ကောင်း သူ့အနားကပ်ရပ်၍ သူ့ကို မော့ကြည့်ကာ

'' ဟုတ်တယ် အစ်ကို အစ်ကို့မာမီက မမအမေကို အော်ကြီးဟစ်ကျယ်နဲ့ အစ်ကိုနဲ့မမကို သဘောမတူဘူး ခွဲပစ်မယ်လို့ ပြောတယ် မမတို့မိသားစု ဒီဝန်းကျင်က လွင့်သွားအောင် အိမ်ရှင်ကို အဆမတန်ဈေးပေးပြီး ပထုတ်တာ ဒါကြောင့် ရှက်ပြီး ဒီဝန်းကျင်က ခြေရာဖျောက် ပြေးတာပဲ ဖြစ်ရမယ် ''

'' အစ်ကိုမာမီက အစ်ကိုနဲ့မမကို ဘယ်အခြေအနေ





ရောက်ရောက် ခွဲပြစ်မယ်လို့ ကြွေးကြော်ထားလို့ မမအမေက လက်ဦးအောင် မမကို အစ်ကိုနဲ့ ခွဲလိုက်တာပဲ ''

မာမီကြောင့် ဒီလိုတွေဖြစ်ရတာလား။ မောင်ကောင်းရယ်။

သူ့ရင်မှာ အတိုင်းမသိ ကြေကွဲကာ ယူကြုံးမရဖြစ်မိသည်။

'' ခုလို ဖြုန်းစားကြီး မမတို့ ခြေရာဖျောက်သွားတာ အစ်ကို့မာမီကြောင့်ကလွဲပြီး ဘာရှိဦးမှာလဲ အစ်ကို ''

မာမီက အဲသလောက်တောင် အတ္တကြီးသတဲ့လား။

'' တကယ်ဆို မမတို့ မိသားစု အရှက်ကွဲအောင် ဘဝပျက်အောင် မလုပ်သင့်ဘူး အစ်ကို အဒေါ်က ရောဂါသည် ဈေးအရောင်းအဝယ်က မကောင်း မမကိုလည်း ပတ်ဝန်းကျင်က ကဲ့ရဲ့နဲ့ ပြီးတော့ ငွေပိုငွေလျှံမရှိ ဘာမရှိနဲ့ ဘယ်နေရာမှာ ဘယ်လိုရပ်တည်ကြမလဲ မသိဘူး အစ်ကိုရာ မမတို့ သားအမိ အတော်ဒုက္ခရောက်မှာ အစ်ကို့မာမီ သိပ်ပြီး ရက်စက်လွန်းတယ်ဗျာ ''

ခံစားမိတဲ့အတိုင်း ဝေဖန်လာတဲ့ မောင်ကောင်းကို သူ အပြစ်မတင်ရက်။ မာမီအတွက်ကို သူ နာကြင်လာသည်။

သူ့ အသဲနှလုံးကို ခွဲပစ်ဖို့ အချက်ကျကျ ဖန်တီးစီရင်တဲ့ မာမီအတွက်ကို သူ ရင်ဆိုင်ရမယ်ဆိုရင် ရဲရဲချည်းရင်ဆိုင်ဝံ့တယ် မာမီ။

သူ နှုတ်ခမ်းပါးကို ဖိကိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော်တော့ အစ်ကိုမာမိကို မုန်းတယ်ဗျာ "

ဆောင်ကောင်း အံကြိတ်၍ပြောစဉ် သူ့ ခြေလှမ်းက တစ်စုံ တစ်ရာဆီသို့ ဦးတည်လိုက်သည်။

✿ ✿ ✿ ✿ ✿



# အခန်း (၂၈)

" မာမီ "

ဒေါ်ရွှေစင်ဝင်း ဖိတ်စာပေါ်နာပည်ရေးနေရာမှ ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ သားက သူမကို မျက်နှာထားတင်းတင်းနဲ့ စူးစိုက် ကြည့်တာ မြင်တော့ ဒေါ်ရွှေစင်ဝင်း ခပ်ပြုံးပြုံးနှင့် နှုတ်ခမ်းပါး တွန့်ပြီး

" သားတို့မင်္ဂလာ ဖိတ်စာရခဲ့ပြီ ကြည့်လေ ဖိတ်စာဘယ် လောက်လှပြီး အဆင့်အတန်းရှိသလဲလို့ "

" ဘာ အဆင့်အတန်းလဲ မာမီ "

" ဟင် "

ဒေါ်ရွှေစင်ဝင်း မျက်ခုံးမြင့်ကာ သားကို အံ့သြစွာ ကြည့်သည်။

" သားတို့ရဲ့ဖြူစင်တဲ့ အချစ်ကို ခွဲပစ်တာ အဆင့်အတန်းမြင့် တာလား မာမီ "



www.burmeseclassic.com

www.burmeseclassic.com



" ဘာ "

" ကိုယ့်အားကိုကိုးပြီး ဘဝကို ရုန်းကန်နေတဲ့ မိသားစု အဆွေအမျိုး ကောင်းစားအောင် လုပ်တာရော အဆင့်အတန်း မြင့်တာလား မာမီ လူ့ပတ်ဝန်းကျင်မှာ အရှက်ရအောင် နိုက်ထက်စီနင်း ဆက်ဆံတာက အဆင့်အတန်း မြင့်တယ်လို့ ယူဆတာလား "

သားက သူမကို ဝေဖန်ရှုတ်ချလာသည်။ ဘယ်တုန်းကမှ သူမကို နှုတ်ထိုးလှန်ပြန် မပြောဖူးတဲ့ သားက

ခုတော့။

ဘာမဟုတ်တဲ့ အညတြ မိန်းကလေးကြောင့် လက်ညှိုး ငေါက်ငေါက်ထိုးနေသတဲ့လား။

ဟွန်း။

ဒေါ်ရွှေစင်ဝင်း နှုတ်ခမ်းကို တွန့်ကာ ဖိတ်စာပေါ် ရေးလက်စ နာမည်စာရင်းကို ဆက်မရေးဖြစ်တော့ဘဲ ကိုင်ထားတဲ့ဘောပင်ကို စားပွဲပေါ် ခပ်ဆတ်ဆတ်ပစ်ချရင်း ဆိုဖာပေါ်ထိုင်နေရာမှ ခပ်မတ်မတ် ထကာ သားနဲ့ မျက်နှာချင်းဆိုင်လိုက်သည်။

" သား မာမီ့ကို ဝေဖန်တာလား "

" မဟုတ်ဘူး မာမီ ရက်စက်တာ မာမီအတွက်ကြီးတာတွေ မာမီသိအောင် ပြောပြနေတာ "





" လက်စသတ်တော့ သားက အညတြ မိန်းမအတွက် မာမီ့ရှေ့မှာ သူ့ရဲ့ကောင်း လာလုပ်ပြနေတာကိုး ဟွန့် "

မာမီ မျက်နှာထားနဲ့ မေးဖျားဆတ်ခနဲ ခါလိုက်တာကို အရင်က လောက် သူ မကြောက်ရွံ့မိ။

" ဒီမှာ သား လူဆိုတာ ဂုဏ်ချင်းဂုဏ် အဆင့်အတန်းချင်း အဆင့်အတန်း ထပ်မှ သဘာဝကျတာ ဘာဂုဏ် ဘာပကာသနမှ မရှိတဲ့ မိန်းကလေးနဲ့ သဘောတူပေးရလောက်အောင် မာမီတို့ သားထင်သလောက် မတုံးဘူး နားလည်လား ဟွန်း ခုတော့ ဘာတတ်နိုင် သေးလဲ ဟင့် ဟင့် "

မာမီရဲ့ ခနိုးခနဲ့ ရယ်သံက သူ့ကို လှောင်ပြောင်နေသလို ရိုးသားဖြူစင်စွာ ချစ်ခဲ့တဲ့ နှလုံးသားဟာ မာမီရဲ့ အဆင့်အတန်းဆိုတဲ့ လက်ကိုင်ပေတံအောက်မှာ ခေါင်းငုံ့နာခံရမတဲ့လား။

" ဟင့် ဟင့် ခုတော့ ဒေါ်အေးသီတို့ သားအမိ လစ်ပြေးရပြီ မဟုတ်လား "

" မာမီ မတရားဘူး ဗျာ "

" သားကို မာမီတို့ ဆင်းရဲတဲ့အနံ့ကို ရှူရှိုက်ခွင့်မပေးနိုင်ဘူး ဒါကြောင့် မဖြစ်ဖြစ်တဲ့နည်းနဲ့ သားကို မာမီတို့ သိမ်းယူတာ ခုချိန်မှာ မာမီတို့ကို သား မုန်းချင်ရင် မုန်းလိုက် မာမီ ဂရုမစိုက်ဘူး မာမီကတော့



www.burmeseclassic.com

www.burmeseclassic.com



လုပ်စရာရှိတာကို လုပ်ရမှာပဲ နောက်ဆုံးတော့လည်း သားရယ် ဂုဏ်ရည်တူချင်းပေါင်းရတာ ဘယ်လောက်သင့်မြတ်သလဲဆိုတာ သား သဘောပေါက်လာမှာပါ ''

သူ့ လက်မောင်းကို မာဖိ ကျောက်ချောင်းများနဲ့ ပွတ်ကာ ဂုဏ်း ချော့သလိုလိုနဲ့ သိမ်းသွင်းလာသည်က သူ့ နှလုံးသားကို ဆက်ဆတ် တုန်သွားစေသည်။

'' သားရယ် ဝင့်က သားနဲ့ဘယ်လောက်ပဲ လိုက်ဖက်သလည်း ကွယ် ''

'' သား စိတ်မဝင်စားဘူး မာမီ ''

'' ဝင့်က စိတ်ဝင်စားတယ် သားရဲ့ ''

'' သား ပန်းက လွဲပြီး ဘယ်သူ့ကိုမှ လက်မခံနိုင်ဘူး မာမီ''

'' ဘယ်လို သား ''

'' ဟုတ်တယ် သား ပန်းကို ချစ်တယ် ပန်းကို အဆုံးရှုံးမခံနိုင် သလို ပန်းနဲ့လည်း မခွဲနိုင်ဘူး မာမီ ''

ဒေါ်ရွှေစင်ဝင်း ရင်ဘတ်ကိုဖိလျက် အံ့သြကာ သားကို ပြူးပြူး ပြဲပြဲ ကြည့်လိုက်မိသည်။ သား၏ မျက်နှာက တစ်စုံတစ်ရာအတွက် ပြတ်သားကာ ရဲရဲဝံ့ဝံ့ဖြစ်လျက်

'' မိန်းကလေးတစ်ယောက် ဆင်းရဲတာ ဂုဏ်ပကာသန





မရှိတာက အဆင့်အတန်းနိမ့်တာ မဟုတ်ဘူး မာမီ ဘဝကို အရိုးသားဆုံး ရင်ဆိုင်နေတဲ့ စိတ်ဓါတ်မျိုးကမှ အဆင့်အတန်းမြင့်တာ ''

'' ဘယ်လို ''

'' ဟုတ်တယ် မာမီ ဆင်းရဲတာကလွဲပြီး သူများရဲ့ထိပါး ပုတ်ခတ်လာတဲ့ ဘယ်စကားလုံးကိုမှ မျက်ရည်ပေါက်ပေါက် ကျအောင် သိမ်ငယ်မနေတဲ့ မာနနဲ့ တင်းခံနိုင်တာက စိတ်ဓါတ်အဆင့်အတန်း မြင့်တာပါ ပန်းဆီမှာ မာမီ သတ်မှတ်တဲ့ အဆင့်အတန်းမျိုး မရှိပေမယ့် ပန်းကို သား ချစ်နေတဲ့အတွက် ပန်းနဲ့သားနဲ့ တန်းတူတယ်လို့ သားယူဆ တယ် ဒါကြောင့် မာမီ စီစဉ်တာကို သား လုံးဝလက်မခံနိုင်ဘူး မာမီ''

'' ဟင် ''

မိဘ မျက်နှာကို မထောက်တဲ တရစပ်ပြောချလိုက်တဲ့သားကို ဒေါ်ရွှေစင်ဝင်း မီးဝင်းဝင်းတောက်မျက်ဝန်းနဲ့ စိုက်ကြည့်လိုက်သည်။

'' သား သား လက်မခံလို့ မရဘူး မာမီတို့ စီစဉ်ပြီးသား ဖိတ်စာတွေတောင် အဆင်သင့်ပဲ သား သား ငြင်းလို့မရဘူး ''

'' သားဘက်ကတော့ လုံးဝပဲ မာမီ ပန်းက လွဲပြီး ''

'' တော်စမ်း ''

ဒေါ်ရွှေစင်ဝင်း စိတ်အတော် လှုပ်ရှားသွားသည်။

'' ကြယ်ပွင့်ပန်းကို မေ့လိုက်တော့ ကြယ်ပွင့်ပန်း သားကို



www.burmeseclassic.com

www.burmeseclassic.com



ပစ်သွားတယ်ဆိုတာ သတိထားဦး ''

'' ပန် သားကို ပစ်သွားတာ မာမီကြောင့် မာမီအတ္တကြောင့်ပါ မာမီသားသမီးချင်း ကိုယ်ချင်းမစာနာသလို မိဘချင်းလည်း မစာနာလို့ အခေါက မာနနဲ့ခွဲလိုက်တာပါ မာမီ ''

'' အိုး ချေးသည်မ မာနထက် မာမီမာနက ပိုပြီးထက်တယ် ဆိုတာ ချေးသည်မ သိလို့ ရှောင်ပြေးသွားတာလေ ''

'' ပန်တို့ ဘယ်လိုပဲ ရှောင်ပြေးပါစေ သား မတွေ့တွေ့အောင် ရှာဖို့ ဆုံးဖြတ်ထားပြီ မာမီ ''

'' ဘာပြောတယ် ''

ဒေါ်ရွှေစင်ဝင်း ဒေါသကြောင့် ကိုယ်လုံးတဆတ်ဆတ်တုန်ကာ သားကို စေ့စေ့မော့ကြည့်သည်။ သားက မျက်နှာပင့်ကာ

'' သား ပန်ကို မတွေ့တွေ့အောင် ရှာရမယ် မာမီ ''

'' ဘာ ''

'' ဟုတ်တယ် သားရှာရမယ့် တာဝန်ရှိနေတယ် မာမီ ''

'' ဘာ ဘာ တာဝန်လဲ ''

'' ပန်က သား ဇနီးဖြစ်ခဲ့ပြီးပြီ မာမီ ''

'' ဟင် ''

ဒေါ်ရွှေစင်ဝင်းရဲ့ တစ်ကိုယ်လုံး ယိမ်းယိုင်လဲကျမတတ် ဖြ





သွားသည်။

'' မဖြစ်ရဘူး မာမီ အသိအမှတ် မပြုဘူး အသိအမှတ် မပြုနိုင်ဘူး ''

'' မာမီ အသိအမှတ် မပြုပေမယ့် သား အသိအမှတ်ပြုရမယ် သားနဲ့ပန် တရားဝင် လက်ထပ်ထားတာ ''

'' တောက် ဒီမိန်းမ သားကို အပိုင်ကြံတာ မာမီက လက်ခံရ မတဲ့အခါး ဟွန်း လက်ထပ်ရုံမကလို့ ကလေးပဲရှိရှိ မာမီကတော့ သားကို ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံနိုင်ဘူး ဒါကြောင့်ခွဲရမှာပဲ စိုးမောင် မင်းထွန်း အောင်နိုင် ဘယ်မှာလဲ လာကြစမ်း ''

မာမီရဲ့ ဒေါသသံနောက်မှာ ကိုစိုးမောင်တို့ သုံးယောက် မာမီရှေ့ ရောက်လာရသည်။

'' ပြောပါ မမဝင်း ''

'' သားကိုခေါ်ပြီး အခန်းထဲထည့်လိုက် ''

'' ဟင် ''

သူ့ နောက်လှည့်ထွက်ဖို့ အခွင့်အရေးမရခင် ကိုစိုးမောင်တို့ သုံးယောက် သူ့ကို ချုပ်ကိုင်လိုက်ကြသည်။

'' သား ဘဝနဲ့ နှလုံးသားကို မာမီဖြစ်စေချင်တဲ့ ပုံစံခွက်ထဲ ထည့်ပါနဲ့ မာမီ ''



www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာ သား မာမီ့အတွက် သားက အရေးကြီးဆုံးပဲ သား လက်ထပ်ခဲ့ရင်တောင် မာမီတို့ အစီစဉ်ကို ဘယ်နည်းနဲ့မှ ဖျက်ပစ် မဟုတ်ဘူး "

" သားလည်း သားဆုံးဖြတ်ချက်ကို ဘယ်တော့မှ ပြောင်းလဲ မဟုတ်ဘူး "

" ဘာ "

" ဟုတ်တယ် မာမီစီစဉ်ပေးတဲ့ မင်္ဂလာပွဲမှာ လက်ထပ်ထား မိန်းကလေး သားမှာရှိတဲ့အကြောင်း ကြော်ငြာရလိမ့်မယ် "

" ဟင် "

ဒေါ်ရွှေစင်ဝင်း မျက်နှာက ညိုညစ်ကာ ဂဏာမငြိမ်ဖြစ်သွား သားပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ခါလိုက်သည်။

" ဘယ် ဘယ်လို ပြောလိုက်တယ် သား မာမီ့ဂုဏ်သိက္ခာ ထိပါးအောင် လုပ်မလို့လား အဆင့်အတန်းမရှိတဲ့ မိန်းမကြောင့် မာမီ ဂုဏ်သိက္ခာကို မြောင်းပုတ်ထဲရောက်အောင် လုပ်မလို့လား သား ပြောစမ်း "

" မဟုတ်ဘူး မာမီ သား ချစ်တဲ့ပန်းဘက်က သား အပြည့်အ ရပ်တည်ရမယ် နောက်ဆို "

" တော်စမ်း စိုးမောင် မင်းထွန်း အောင်နိုင် "





" ပြော ပြောပါ မမစင် "

" သားကို အခန်းထဲထည့်ပြီး တံခါးပိတ်ထားလိုက် "

" ဟာ မာမီ "

သူ ပန်နဲ့ လက်ထပ်ထားကြောင်း ရဲရဲဝံ့ဝံ့ထုတ်ဖော်ဝန်ခံ ာတောင် မာမီ လုံးဝအလျှော့မပေး သူ ဘယ်လိုရင်ဆိုင်ရမလဲ။ မာမီက ုပ်ချင်ရာကို ပြီးအောင် လုပ်ပစ်ဖို့ ဝန်မလေးသည့် မျက်နှာထားနှင့်

" သား ဘာမှ ဆက်မပြောနဲ့ လာမယ့်ဆန်းဒေးက သားနဲ့ဝင့် ်လာပွဲဆိုတာ စွဲနေအောင်မှတ်လိုက် ကဲ ခေါ်သွား "

" မာမီ "

ဆွဲခေါ်သွားနေတဲ့ စိုးမောင်တို့ သုံးယောက်ကြားမှာ သူ ရုန်းရင်း ဆန်ခတ် ပါသွား၏။

" မာမီ သား လက်မခံဘူး လုံးဝလက်မခံဘူး ပန့်က လွဲပြီး ားဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး သားကို နားလည်ပေးပါ မာမီ"

မာမီအမိန့်အတိုင်း စိုးမောင်တို့ သူ့ကို အခန်းထဲ ပိတ်လိုက် ည်။ သူ အခန်းတံခါးကို တဝုန်းဝုန်းထုရင်း

" ဒယ်ဒီ သားတို့အချစ်ကို မခွဲပါနဲ့ ပန်နဲ့ခွဲရရင် သား ကိုယ် ား တစ်ခုခု လုပ်မိလိမ့်မယ် မာမီ သားကို နားလည်ပေးပါ ဒယ်ဒီရော ာမီရော သားကို ဒီတစ်ကြိမ် ခွင့်လွှတ်ပေးပါ "



www.burmeseclassic.com

www.burmeseclassic.com



သူက ကလေးတစ်ယောက်လို အော်ဟစ်ရင်း ဒယ်ဒီနဲ့မာမီ ထိတ်လန့်သွားအောင် မရပ်မနား အော်ဟစ်နေမိသည်။

" မာမီရယ် သားတို့အချစ်ကို မခွဲပါနဲ့ "

✿ ✿ ✿ ✿ ✿



## အခန်း (၂၉)

" ဟင် သား "

ဒေါ်ရွှေစင်ဝင်း အထိတ်တလန့်ဖြစ်ကာ ရင်အုံကိုဖိရင်း သားကို ဒိုးရိမ်တကြီး လှမ်းကြည့်လိုက်သည်။

သားက ချောက်နက်တစ်ခုရဲ့ နှုတ်ခမ်းပါးမှာ မတ်မတ်ရပ်ကာ၊

" သားကို ဝင့်နဲ့ အတင်းအကျပ် မင်္ဂလာဆောင်ပေးရင် သား ဟောဒီချောက်နက်ထဲ ခုန်ချလိုက်မယ် မာမီ "

" သား သား ဒီလိုဖွတ်မမိုက်ရဘူးလေ မာမီကို မချစ်ဘူး လားဟင် မာမီပြောတာ နားထောင်ပါဦး သားရယ် ဝင့်လေးက သားကို သိပ်ချစ်တာ မာမီတို့လည်း ဝင့်ကို ချစ်ရတယ်လေ သားနဲ့ဝင့်က အလိုက်ဖက်ဆုံးနဲ့ အထိုက်တန်ဆုံးမို့ မာမီ စီစဉ်တာပါသားရယ် မာမီ စေတနာကို သား နားလည်မှုမလွဲပါနဲ့နော် လာ သား သား ဒီလို ခမိုက်ရဘူးလေ "



www.burmeseclassic.com

www.burmeseclassic.com



" ဟင့်အင်း မာမီ ရှေ့တိုးမလာနဲ့ ရှေ့တိုးလာရင် သား ခုန်ချလိုက်မှာ "

သားကို စိုးရိမ်တကြီး ဆွဲထားဖို့ ပြေးလွှားလာတဲ့ ဒေါ်ရွှေစင်ဝင်း ခြေလှမ်းတန့်သွား၏။

" သား "

" မာမီ သားကို ချစ်ရင် ဝင့်နဲ့ မင်္ဂလာပွဲကို ဖျက်ပေးပါ "

" ဟင့်အင်း သားရယ် မဖျက်ပါရစေနဲ့ "

" မာမီ မဖျက်ပေးရင် သား ပန် နဲ့ ရှင်ကွဲ အခွဲမခံနိုင်တော့ဘူး မာမီ "

" သား "

" ဟင့်အင်၊ ပန်နဲ့ခွဲရမှတော့ သား အသက်မရှင်ချင်တော့ဘူး မာမီ ချစ်တဲ့သူနဲ့ ကွဲပြီး မချစ်တဲ့ သူနဲ့မပေါင်းပါရစေနဲ့ သား ဆုံးဖြတ်ချက်နဲ့ သား သေပါရစေ "

" သား "

" မာမီ မတားပါနဲ့ သားသေပါရစေ "

" ဟင့်အင်း သား မသေရဘူး "

ဒေါ်ရွှေစင်ဝင်း သားကို အမိအရဆွဲတားဖို့ ပြေးဝင်လာစဉ် သူ ခေါင်းရမ်းလိုက်ပြီး





" မာမီ မလာနဲ့နော် မာမီလာရင် သားခုန်ချလိုက်မှာ "

" သား မခုန်ချပါနဲ့ သားရယ် မာမီ အသည်းတွေကွဲရတော့မယ် မာမီ ရင်ကွဲအောင် မလုပ်ပါနဲ့ ကွယ် "

" မာမီရှေ့တိုးမလာနဲ့နော် မာမီ ရှေ့တိုးလာရင် "

သားရဲ့မိုက်မဲ ရူးသွပ်မှုကို သူမ ရပ်ကြည့်နေရမလား။ ဝင့်က လွဲပြီး ဘယ်မိန်းကလေးကိုမှ လက်မခံနိုင်တဲ့ သူမရင်မှာ သားကို အမိအရ ဆွဲတားချင်စိတ် ကြီးစိုးနေသည်။

" မာမီ ရှေ့တိုးမလာနဲ့ မလာပါနဲ့ "

သား တားနေတဲ့ကြားက သားကို အချိန်မှီတားဆီးနိုင်ဖို့ ရှေ့တိုးလိုက်စဉ် သားတစ်ကိုယ်လုံးက ချောက်နက်ထဲအရှိန်ပြင်းစွာ ထိုးကျ သွား၏။ ဘုရား ဘုရား သား တကယ်ပဲခုန်ချလိုက်ပြီလား။ ဒေါ်ရွှေစင်ဝင်း ဘမ္ဗာကြီး ချာလပတ်လည်ကာ မယုံနိုင်လောက်အောင် ထိတ်လန့် တုန်လှုပ်ပြီး

" သား သား အမလေး ကယ်ကြပါဦး ကျွန်မသားလေး ချောက်ထဲခုန်ချသွားပြီ သား သား ရယ် "

ချောက်နက်နှုတ်ခမ်းဝမှ ငုံ့ကြည့်လိုက်တော့ သားက ချောက်နက်ကြီးရဲ့ အောက်ခြေမှာ ကိုးရိုးကားလျား ငြိမ်သက်နေ၏။ ဒေါ်ရွှေစင်ဝင်း ခံစားနိုင်စွမ်းမရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



" သား သား သားလေး မသေရဘူး သား မသေပါနဲ့
[illegible] "

သွေးရှုးသွေးတန်း အော်ဟစ်ကာ လူးလွန့်နေသော ဖနီးသည်ကို ဦးမိုးမြင့် စိုးရိမ်တကြီး လှုပ်နှိုးလိုက်ပြီး

" စင် စင် စင် ဘာဖြစ်နေတာလဲ ဘာတွေအော်နေတာလဲ"

ချွေးတွေနဲ့ ရွှဲနစ်နေတဲ့ ဖနီးက ချောက်ချားစွာ ရှုန်းထရင်း

" သား သားလေး သေပြီ "

" သားက ဘာလို့သေရမှာလဲ "

" သား ချောက်နက်ထဲ ခုန်ချသွားပြီ ဟီး ဟီး ဟီး "

ချုံးပွဲချ ငိုကြွေးနေတဲ့ ဖနီးသည်ရဲ့ ဆောက်တည်ရာမရ ဖြစ်နေမှုကို ဦးမိုးမြင့် စိတ်မသက်မသာ ကြည့်ပြီး သက်ပြင်းချလိုက်သည်။

" စင်ရယ် ကယောင်ကတန်းနဲ့ ဘာတွေဖြစ်နေတာလဲ "

" သား သား မရှိတော့ဘူး သား ချောက်ထဲခုန်ချလိုက်ပြီလေ သား သေပြီ ကိုမိုးရယ် "

" စင်ရယ် စိတ်ကို လျှော့စမ်းပါကွာ အိပ်မက်ဆိုးတွေ မက်ပြန်ပြီထင်တယ် ကဲ ရေသောက်လိုက်ဦး "

ဦးမိုးမြင့်က ရေတခေါင်းထဲမှ ရေတစ်ဖန်ခွက်ငှဲ့ကာ ဖနီးသည်ကို ကမ်းပေးသည်။ ဖနီးသည် မျက်နှာပေါ်မှ ချွေးစတွေကို ကြင်နာစွာ





သုတ်ပေးရင်း

" သောက်လေ "

" သား တကယ်သေပြီ ကိုမိုးရဲ့ "

ရေမသောက်ဘဲ ကလေးတစ်ယောက်လို အစွဲလန်းကြီးစွာ ဆိုနေတဲ့ ဖနီးသည်ကို ခပ်စူးစူးကြည့်လိုက်မိသည်။

" ရေသောက်လိုက်ပါ ကွာ နော် ရော့ "

ဖနီးသည် နှုတ်ခမ်းနားအရောက် ရေဖန်ခွက်ကို ကပ်ပေးရင်း ရေတိုက်လိုက်သည်။ ရေတစ်ဖန်ခွက်သောက်ကာ အသက်ဝအောင်ရှူရင်း ပါးပြင်ထက်က မျက်ရည်တွေကို သုတ်ကာ

" သားကို တွေ့ချင်တယ် သားက စင်ကို "

" တော်ပါတော့ စင်ရယ် ကဲ အိပ်တော့ ကွာ "

" စင် ဘယ်လိုလုပ် အိပ်ပျော်နိုင်မှာလဲ ကိုမိုးရယ် "

" ကိုနားလည်ပါတယ်ကွာ ဒါပေမဲ့ ကြိုးစားပြီး အိပ်ပါ နော် စင် ကျန်းမာရေးက အရင်လို မကောင်းတော့ဘူး စိတ်ကို ဖြေမှပေါ့ "

ဒေါ်ရွှေစင်ဝင်း ဝမ်းနည်းစွာ ရှိုက်ငိုရင်း တစ်ခုခု ပြောဟန် ပြင်တော့ ဦးမိုးမြင့် ခေါင်းအသာရမ်းကာ

" ဘာမှ မပြောပါနဲ့တော့ စင်ရယ် ကိုမိုးရင်မှာလည်း စင်နဲ့ သပ်တူ ခံစားရပါတယ် မပြောပါနဲ့တော့ အိပ်တော့နော် အိပ်ပျော်အောင်

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပြီး အိပ်တော့ ''

ဖနီးသည်ကို မွေ့ရာပေါ် အသာလှဲပေးပြီး ချော့ချော့မော့မော့ ပြောနေမိတဲ့ ဦးမိုးမြင့်ရင်မှာလည်း ဆူဝေလျက်။ မာနရောင်တွေ တောက်ပကာ ဂုဏ်ရှိန်ပြင်းခဲ့တဲ့ ဖနီးသည်က ခုချိန်မှာ နွမ်းဖတ်ဖျော့တော့လျက် ဖြေသိမ့်မနိုင်တော့တဲ့ ဝေဒနာတွေနဲ့။

'' ဘာမှ မစဉ်းစားနဲ့တော့ စင်ရယ် အိပ်ပါတော့ကွယ် ''

ကြိတ်ငိုနေတဲ့ ဖနီးသည်ရဲ့ရှိုက်သံ တဖြည်းဖြည်းကျယ်လောင်လာတာကြောင့် ဖနီးသည် ပခုံးပေါ် လက်ဖွဖွတင်ရင်း နှစ်သိမ့်ပေးမိသည်။

သားရယ်။

သားကြောင့် သားမာမီ ဘယ်လောက်ခံစား နေရသလဲ။

သူတို့ကရော သားကို ဘာကြောင့် အတင်းအကျပ် စီရင်ခဲ့မိတာလဲ။

ဂုဏ်ကြောင့်လား။

ပကာသနကြောင့်လား။

မတူမတန်ဆိုတဲ့ ပုတ်ခတ်စည်းတားမှုကြောင့်လား။

ဘာကြောင့်မှန်း မသိပေမယ့် သူတို့ ၃ သားစုရဲ့ ဂုဏ်သိက္ခာအားလုံး အစိတ်စိတ်အမွှာမွှာ ပြိုကွဲခဲ့ရသည်။

'' သား သတ္တိရှိရင် မင်္ဂလာပွဲမှာ မာမီတို့ အရှက်ကွဲအောင်





ကြယ်ပွင့်ပန်နဲ့ လက်ထပ်ထားတာကို ပြောကြည့်လိုက် သား ပြောလိုက်တာနဲ့ မာမီ ကိုယ် မာမီ တစ်ခုခုလုပ်လိုက်မယ် '' ဟု

ဖနီးသည် အတင်းအကျပ် ချိန်းခြောက်ထားလျက် သားက အစွမ်းကုန်မိုက်မဲကာ

'' ဒီမင်္ဂလာပွဲက ကျွန်တော့်ဆန္ဒလုံးဝ လုံးဝမပါဘူး မာမီ တစ်ဖက်သတ်စီစဉ်တာပါ ကျွန်တော့်မှာ လက်ထပ်ထားတဲ့ မိန်းကလေးရှိတယ် ကျွန်တော့် ဖနီးက ကြယ်ပွင့်ပန်ပါလို့ ကြော်ငြာလိုက်သည်နှင့် မင်္ဂလာပွဲက ရုတ်ရုတ်သည်းသည်း ဖြစ်သွားရုံမက

'' အန်တီစင် ယုတ်မာတယ် အကြံပက်စက်တယ် အဆင့်အတန်း မရှိတဲ့မိန်းမနဲ့ လက်ထပ်ပြီးတဲ့ ကိုကို ဝင့် လက်ထပ်ထည့်ဖို့ ကြိုးစားတာ ဝင့်လုံးဝ ခွင့်မလွှတ်နိုင်ဘူး ဝင့်ဂုဏ် ဝင့်အဆင့်အတန်းကို အန်တီဖျက်ဆီးပစ်ချင်တဲ့ ရည်ရွယ်ချက်နဲ့ ဖန်တီးတဲ့ ဒီမင်္ဂလာပွဲကို ဝင့် ဖျက်တယ် ဝင့်ကို အရှက်တကွဲ ဖြစ်စေတဲ့အတွက် ဝင့် တရားစွဲမယ် အန်တီစိတ်ဓါတ်တွေကို တလောကလုံးသိအောင် ဝင့် ကြော်ငြာမယ် ''

ဝင့် နှာမည်ကို ဖျက်တဲ့အတွက် ရင့်သီးလွန်းတဲ့ ဝင့် စကားလုံးတွေနောက်မှာ သား အပေါ် ဖြစ်တဲ့ဒေါသ ညှိုးပရိသတ် အလယ်မှာ အရှက်တကွဲဖြစ်ရတဲ့ စိတ်နဲ့ ဝင့်မိဘရဲ့ မကျေမနပ် ပေါက်ကွဲသံ တရားစွဲမယ် ဆိုတဲ့ကြော်ငြာချက်တွေ အလယ်မှာ ဖနီးသည်ခမျာ



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ရောင်တွေနဲ့ ရပ်တည်နိုင်စွမ်းမရှိတော့။ မျက်ရည်ပေါက်ပေါက်ကျကာ သတိလစ်မေ့မျောသွားသည်အထိ ဖြစ်ရသည်။

သူ တစ်ယောက်တည်း ဖနီးသည်ကို စိုးရိမ်ရ ဝင့်တို့ ကျေနပ်အောင် တောင်းပန်ရနှင့် သားကို ဒေါသတကြီး ပြောချင်ပေမယ့် ပြောခွင့်မရဘဲ ဗျာများနေခဲ့ရသည်။

အဆုံးသတ်မှာ ဝင့်တို့ကို ဂုဏ်သိက္ခာပျက်စေမှုအတွက် ငွေသိန်းပေါင်းများစွာ လျော်ကြေးပေးလိုက်ရသည်။ မင်္ဂလာပွဲပျက်လို့ ဂုဏ်ငယ်ရတဲ့အထဲ သားက တိတ်တိတ်ပုန်း မင်္ဂလာဆောင်ထားတာကို သိလိုက်တဲ့ အသိုင်းအဝိုင်းက သူတို့ကို လက်ညှိုးငေါက်ငေါက်ထိုး ဝေဖန်ရှုတ်ချလာသဖြင့် ရှက်လွန်းပြီး တိုက်ထဲက အပြင်မထွက်ရဲခဲ့တော့။

သားကလည်း ထိုနေ့ကတည်းက ထွက်သွားလိုက်တာ ခုချိန်ထိ ဘယ်မှာရှိမှန်း သတင်းအစအန မရခဲ့။

သားကို ခံပြင်းဒေါသထွက်လွန်းတဲ့ ဖနီးသည်ရဲ့ တင်းမာတဲ့ စိတ်က သူ့ကို ညစဉ်လိုလို အိပ်မက်ဆိုးမက်စေခြင်းနဲ့ ခြောက်လန့်နေခဲ့တာ။ အိပ်မက်ထဲမှာ သားက ချောက်နက်ကြီးထဲ ခုန်ချသေဆုံးသတဲ့။

ထိုစိတ်ဖြင့် ဖနီးသည်က အချိန်နဲ့အမျှ ငိုကြွေးရင်း

“ သား ချောက်နက်ကြီးထဲ ခုန်ချသွားပြီလား ကိုမိုးရယ် သား တကယ်ပဲ သေပြီလား ”





ဆိုတဲ့ သိချင်စိတ်ကို တတွတ်တွတ်ရွတ်ရင်း မေးနေတာ။ ကြာလာလေ ပိုဆိုးလာလေ။

ခုချိန်မှာ သူ ဘာကိုမှ မဖက်တွယ်ချင်ဘော့။

ဂုဏ်တွေငွေတွေ ပကာသနတွေ။

ဖြစ်နိုင်ရင် အရာအားလုံးကို စွန့်လွှတ်ပြီး သားနဲ့ ဖနီးနဲ့ အေးအေးချမ်းချမ်း နေသွားချင်သည်။

သားနဲ့လက်ထပ်ထားတဲ့ ကြယ်ပွင့်ပန်ဆိုတဲ့ မိန်းကလေးကို သူတို့ အသိအမှတ်ပြုရမလား။

ဟင့်အင်း။

သူ ခေါင်းတွင်တွင် ရမ်းပစ်လိုက်သည်။

ဒီမိန်းကလေးကြောင့် သားက မိဘကို အရှက်တကွဲဖြစ်အောင် ဂုဏ်နိမ့်အောင် လုပ်ခဲ့တာလေ။

ခုချိန်မှာ သားက ကြယ်ပွင့်ပန် လက်ကို တွဲထားလိုက်ပြီလား။

တွဲထားရင်တောင် ဆတ်ခနဲဆွဲဖြုတ်ပြီး သားကို ရင်ခွင်ထဲ ထည့်ဝှက် ထားလိုက်ချင်သည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

" တောက် "

ဦးမိုးမြင့် ရင်မှာ ကြိတ်မနိုင် ခဲမရ ခံပြင်းသွားသည်။

" သေချာရဲ့လား စိုးမောင်ရယ် "

" သေချာပါတယ် ကိုမိုး တကယ်တော့ ဝင့်နဲ့ထူးရှိန်က ချစ်သူတွေ ဝေယံနဲ့မမစင် နဝင်းအကြောင်းကို ဖုံးဖုံးဖိဖိလုပ်တာကို အကွက်စောင့်ဖမ်းပြီး ကိုမိုးတို့ဆီက လျော်ကြေးရအောင် တမင်ဂွင်ဆင် လိုက်တာ ကိုမိုးတို့ဆီက ဝင့် စိတ်ကြိုက်တောင်းတဲ့ လျော်ကြေးရသွား တော့ ဝင့်နဲ့ ထူးရှိန် မင်္ဂလာဆောင်ဖို့ စီစဉ်တယ်လေ၊ ဒါကို ဝေယံ မကျေနပ်လို့ ပြဿနာလုပ်ရာက တစ်ဆင့် ကျွန်တော်တို့ သိခဲ့ရတာ"

" တောက် မိုက်ရိုင်းလိုက်တာ သိက္ခာမဲ့လိုက်တာ အဆင့် အတန်း မရှိလိုက်တာကွာ "





ဦးမိုးမြင့် ဒေါသနှင့်ပြောလိုက်စဉ် ဒေါ်ရွှေစင်ဝင်း ခမျာ တရှုတ်ရှုတ် ငိုကြွေးကာ ယူကြုံးမရဖြစ်နေတော့သည်။

" ကိုမိုးတို့ စီးပွားရေးကို အစကတည်းက မျက်စိကျနေတဲ့ ဦးသော်ကိုယ်တိုင် ဝင့် အကြံအစည်ကို သဘောတူပြီး ကိုမိုးဆီက လျော်ကြေး အဆမတန် တောင်းယူခဲ့တာ "

" တောက် နှစ်ပေါင်းများစွာ ပေါင်းလာတဲ့ ရင်းနှီးမှုကိုတောင် မထောက် လုပ်ရက်တယ်ကွာ "

ဦးမိုးမြင့် အံတင်းတင်းကြိတ်မိသည်။

" ဝင့်ရဲ့ ဂုဏ်သိက္ခာကို ဖျက်ဆီးရာ ဖျက်ဆီးကြောင်းကြံတဲ့ အတွက် သိန်းငါးရာ လျော်ကြေးပေးရမယ် မပေးရင် အန်တီစင်ကိုရော နဝင်းကိုရော တရားစွဲမယ် ဝင့်ရဲ့ အပျိုစင်သိက္ခာဆုံးရှုံးမှုအတွက် "

ဝင့်ရဲ့တောင်းဆိုမှုကို ဦးမိုးမြင့် မငြင်းခဲ့။ ဝင့် ကျေနပ်ပါစေ တော့။ တရားစွဲမခံရရင် ပြီးရောဆိုတဲ့ အရိုးခံစိတ်နဲ့ တောင်းပန်ပြီး လျော်ကြေးပေးခဲ့မိတာ။

ခုတော့ကွာ။

" ဘာတတ်နိုင်မလဲ ကိုမိုးရယ် စင်တို့က ဝင့်ရဲ့အတွင်းစိတ် အကြံစည်ကိုမှ မသိတာ ဝင့်က သားကို "

" တော်ပါတော့ စင်ရယ် ခုတော့ အစစရာရာ ကိုယ်တို့



www.burmeseclassic.com

www.burmeseclassic.com



အရှုံးချည်းပဲ ''

'' ဝေယံကတော့ သူ့အစ်မကို တကယ်ပဲ နဝင်းနဲ့ ဖြစ်စေချင်တာတဲ့ ဒါကြောင့် မမစင် အကြံစည်တွေကို ဖုံးဖုံးဖိဖိ ကာကွယ်ခဲ့တာ ဝင့်က ဘယ်ကဘယ်လို ရိပ်မိသွားလဲမသိဘူး အဲဒါကို အခွင့်ကောင်းယူပြီး လျှော်ကြေးငွေ ညှစ်ယူလိုက်တာပေါ့ ''

စိုးမောင် အပြစ်အပျက်ကို ခပ်အေးအေး ရှင်းပြနိုင်ပေမယ့် ဦးမိုးမြင့်တို့ လင်မယားရင်မှာ မအေးချမ်းနိုင်။

'' အဆင့်အတန်းမြင့်တယ်ဆိုပြီး ကိုတို့မိသားစုအနာဂတ်ကို အဆိပ်လောင်းပစ်တဲ့ စိတ်ဓါတ်ဆိုးမျိုးကွာ ''

'' တကယ်တော့ ကိုမိုးရယ် အဆင့်အတန်းမြင့်တယ်ဆိုတာ ပါးစပ်က တကြော်ကြော်အော်ပြီး ကိုယ်အကျိုးအတွက် လုလုယ သိုက်တူးတာမျိုး မဟုတ်ဘူး ကိုယ့်မာနနဲ့ ကိုယ့်ဘဝကို အရိုးသားဆုံး တောင့်ခံနိုင်တာက စိတ်ဓါတ်အဆင့်အတန်းမြင့်မားမှုပါ ကျွန်တော်တော့ အဲလိုပဲ သတ်မှတ်ပါတယ် ''

စိုးမောင်ကို ဦးမိုးမြင့်တို့ လင်မယား ငေးကြည့်ကာ တစ်စုံ တစ်ရာကို နားလည်စွာ ခံစားတတ်သလို ဖြစ်လာသည်။

'' စိုးမောင်ဆိုလိုတာက ''

'' ဝင့်တို့ စိတ်ဓါတ်အဆင့်အတန်း နိမ့်တယ်ဆိုတာ ဒီမင်္ဂလာ





ကိစ္စမှာကတည်းက ပေါ်နေပြီပဲ ဝမ်းနည်းနေရင် ဘာထူးမလဲ ဒီလို စိတ်ဓါတ်နိမ့်တဲ့ သူနဲ့ လမ်းခွဲရတာ ကိုမိုးနဲ့မမစင် ကံကောင်းပါတယ်လေ''

'' ဘယ်လို ''

စိုးမောင် ခန္ဓာကိုယ်ကို အနည်းငယ် မတ်လိုက်ပြီး

'' ဟုတ်ပါတယ် စိတ်ဓါတ်မြင့်တဲ့သူက သူများ မနှစ်သက်တာကို ရယူဖို့ ဘယ်တော့မှ မကြိုးစားဘူးလေ နဝင်းနဲ့ ပန် နှစ်ဦးသဘောတူ လက်ထပ်ထားတာ သိသိချည်းနဲ့ ဒေါ်အေးသိက သူ့သမီးကို အနစ်နာ ခံပြီးခွဲလိုက်တာပါ ပန် နေရာမှာ ဝင့်သာဆိုရင်''

'' တော်ပါတော့ စိုးမောင်ရယ် မမစင် နားလည်ပါပြီ ''

'' ဟုတ်တယ် နစ်နာတဲ့သူက လျှော်ကြေးမတောင်းဘဲနဲ့ ဘာမှ မနစ်နာတဲ့သူက ငွင်ဆင်ပြီး လျှော်ကြေးတောင်းလိုက်တာက စိတ်ဓါတ် အဆင့်ကို သိသိသာသာ ခွဲပြလိုက်သလိုပါပဲ ''

ဦးမိုးမြင့် လေးသွဲ့သွဲ့ရွတ်ကာ နွမ်းဖျော့စွာ ကိုယ်ကို ဆိုဖာပေါ် မှီချလိုက်၏။ ဒေါ်ရွှေစင်ဝင်းက ဝမ်းနည်းခြင်း ယူကြုံးမရ ဖြစ်ခြင်းတွေနဲ့ ကြေကွဲမျက်ရည် လိမ့်ကျလာသည်ကို မသုတ်ဖြစ်ဘဲ

'' ဒါနဲ့ သားသတင်း ဘာရသေးလဲ စိုးမောင်ရယ် ''

ဒေါ်ရွှေစင်ဝင်းရဲ့ မာနရောင်မှိန်တဲ့ စကားလုံးကို ကြားရပြန်တော့လည်း စိတ်မကောင်း ဖြစ်မိကာ သက်မညင်ညင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် စိုးမောင် သားတို့ သတင်းဘာရသေးလဲ "

" ပြောရမယ်ဆို စိတ်မကောင်းစရာပဲ "

" ဘယ်လို "

ဒေါ်ရွှေစင်ဝင်း ကိုယ် မတ်ကနဲ ကြွသွားသည်။

" သား သား ဘာဖြစ်လို့လဲဟင် စင်ကို ပြောပါ သား ဘာဖြစ်လို့လဲ "

" ဒီလိုပါ မပစင် ဒေါ်အေးသီက နဝင်းကို လုံးဝလက်မခံဘူး ပန်ကလည်း မိခင် ကျန်းမာရေးကြောင့်ရော ဖိခင်စကားကို မလွန်ဆန်တာ ရယ် ပေါင်းပြီး နဝင်းကို ငြင်းလိုက်တာ "

" ဟင် "

" အခု သား ဘယ်မှာလဲ "

" နဝင်း အရက်တွေသောက်ပြီး လမ်းပေါ်လျှောက်သွားနေတာ ပြီးကော့ မောင်ကောင်းဆိုတဲ့ ကောင်လေးက တကောက်ကောက် စောင့်ရှောက်နေတာ မမစင်ရဲ့ အဲဒါ ကျွန်တော်တို့ အတင်း ခေါ်လာတယ် "

မင်းထွန်းနဲ့အောင်ခိုင် သားကို ကားပေါ်က တွဲခေါ်လာတာ မြင်ရတော့ ဒေါ်ရွှေစင်ဝင်း ရင်မှာ အဆမတန် ထိခိုက်ကြေကွဲသွားသည်။

" သား "

ဆံပင်တွေ ရှုပ်ပွကာ အဝတ်ဖရိုဖရဲနဲ့ လူမှန်းမသိအောင်





မှုးနေတဲ့ သားက အရှုးတစ်ယောက်နှယ်။

" သားရယ် "

ဒေါ်ရွှေစင်ဝင်း သားကို ဝမ်းနည်းစွာ ပွေ့ဖက်လိုက်မိသည်။

" သားရယ် သား ဒီလောက်တောင်မှ ဖြစ်သွားသတဲ့လား ကိုမိုး သားကို ကြည့်ပါဦးရှင် "

ဦးမိုးမြင့် စိတ်မချမ်းမြေ့စွာ သက်ပြင်းချလိုက်မိသည်။

" သား လေ ပန်ကို ရှာတွေ့တယ် ဒယ်ဒီရဲ့ ပန်က သားကို လက်မခံဘူးတဲ့ မာမိ သားကို ပန် လက်မခံတော့ဘူးတဲ့ မာမိ ပျော်တယ် မဟုတ်လား ဟင် မာမိတို့က သားနဲ့ပန်ကို ကွဲစေချင်တယ် မဟုတ်လား ဟင် အခုမှ တကယ်ကွဲသွားပြီ မာမိရဲ့ "

ဒေါ်ရွှေစင်ဝင်း သားကို ကြည့်ရင်း ထိခိုက်လာသည်။ သားနဲ့ပန်ကို ခွဲတဲ့အပေါ် မကျေနပ်တာလား။

အခု ကွဲသွားပြီ။

ပန်က သားကို စွန့်ပစ်လိုက်ပြီ။

" သား အယူခံဝင်လို့ မရတော့ဘူး မာမိ "

" ပန့်အမေကလေ သားက အဆင့်အတန်းမြင့်လို့ ဂုဏ်ပကာသန ကြီးလို့ သားနဲ့ပန့်ကို သဘောမတူဘူးတဲ့ အခု ပန့်ကို သား ငယ်ချင်း ကျော်သက်နဲ့ မင်္ဂလာဆောင်ပေးတော့မှာ မာမိ သား



www.burmeseclassic.com

www.burmeseclassic.com



ဘဝပျက်သွားပြီ အဲဒါ ဘယ်သူ့ကြောင့်လဲ သားကြောင့်လား ဒယ်ဒီကြောင့်လား မာမီကြောင့်လား ဟင် ''

သားလက်ညှိုးတွေက သူ့မတိုင်း တဝဲလည်လည် တွေတွေလေး ရှိနေတဲ့ မောင်ကောင်းရှေ့ရပ်ကာ

'' မောင်ကောင်း ပြောစမ်းပါ ဘယ်သူ့ကြောင့်လဲလို့ အခု အစ်ကိုအသည်းတွေ ကွဲနေပြီးဘွ ပန်ရယ် မောင့်ကို မင်း ရက်စက်တယ်''

ဝုန်း။

မူးနေတဲ့ သားက ဟိုလူ့လက်ညှိုးထိုး ဒီလူ့လက်ညှိုးထိုးနဲ့ အမျှင်မပြတ်ရှုတ်ကာ မရပ်နိုင်တော့ဘဲ ဝုန်းခနဲ ပြိုကျသွားသည်ကို ဒေါ်ရွှေစင်ဝင်း မကြည့်ရက်တော့။

သားရယ်။

ဘာပကာသနမှ မရှိတဲ့မိန်းကလေးကို အဲသလောက် ချစ်နေသလား။ သား ချစ်တဲ့မိန်းကလေးအတွက် မာမီတို့ မျက်နှာကို မထောက်ထားခဲ့တဲ့ သားကို မာမီအပြစ်မတင်ရက်တော့ပါဘူးကွယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၃၁)

'' အဒေါ် ''

'' မောင်ကျော် လာ လေ ''

ဒေါ်အေးသီက အိမ်ရှေ့က ဆိုင်ခုံကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ကျိုးနေတဲ့ပျဉ်ဆွေးနေရာကို ပျဉ်သစ်အစားထည့်ပြီး သံနဲ့ တူကိုင်ကာ ပြုပြင်နေရာမှ မောင်ကျော်ကို မကြည့်ဘဲ ဆိုသည်။

''ဒါနဲ့ မောင်ကျော်အမေနဲ့အဖေ ဘယ်အချိန်လာမှာလဲ ''

'' ညော် အင်း လာမှာပါ ''

ပိန်ပိန်သွယ်သွယ်နဲ့ ဖျတ်ဖျတ်လတ်လတ်ရှိတဲ့ မောင်ကျော် ခေါင်းတစ်ချက်ကုတ်ရင်း ခပ်တိုးတိုးဆိုသည်။ ဒေါ်အေးသီ တစ်ချက် မော့ကြည့်လိုက်တော့ မောင်ကျော် မျက်နှာက တစ်စုံတစ်ရာအတွက် ထွေပြားသလို။

'' မောင်ကျော် မင်း ဘယ်လို ဖြစ်နေတာလဲ ''



www.burmeseclassic.com

www.burmeseclassic.com



" ဘာမှ မဖြစ်ပါဘူး အဒေါ် "

" ကဲ မဖြစ်ရင်လည်း အိမ်ပေါ်တက် သမီးနဲ့စကားပြောဦး အဒေါ် ဒီမှာ လက်စသတ်လိုက်မယ် "

ဒေါ်အေးသီ ပြောရင်း ပျဉ်ပြားပေါ် သံထောင်ကာ တူနဲ့ရိုက်ချလိုက်သည်။ သံရိုက်ပြီး ပြန်လှည့်တော့ မောင်ကျော်က အိမ်ပေါ်မတက်သေး။

ဒီကောင် ဘာအကြောင်းကြောင်း ဖြစ်နေတာလဲမသိ။ ဒေါ်အေးသီ မျက်ခုံးတွန့်ကြည့်ရင်း

" ဘာလုပ်နေတာလဲ အိမ်ပေါ်တက်ပါဆို "

" ဟုတ်ကဲ့ တက်မှာပါ အဒေါ် "

" တက်မယ်ဆို တက်ပေါ့ လှေကားမှာ ဘာရပ်နေတာလဲ "

" ဟို ဧည့် ဧည့်သည်တွေ ပါလာသေးလို့ "

" ဟင် ဘယ်က ဧည့်သည်လည်း မောင်ကျော်နဲ့ ပါလာတဲ့ ဧည့်သည်လား "

" မဟုတ်ဘူး "

" ဒါဆို ဘယ်သူတွေလဲ "

ကျော်သက်မပြောရဲတော့ အဒေါ်က စိတ်ကောင်းရှိပေမယ့် စိတ်ထားကမာသည်။ မဟုတ်မခံ။ ခေါ်လာတဲ့ ဧည့်သည်တွေကို





မောင်းထုတ်ရင် ခက်ရချည်ရဲ့။

" ကျွန်မတို့ပါ ဒေါ်အေးသီ "

အနောက်ဘက်က ထွက်လာတဲ့ အသံကြောင့် ဒေါ်အေးသီ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

" ဟင် ဒေါ်ရွှေစင်ဝင်း "

ဒေါ်အေးသီ မျက်နှာထားတင်းကာ လွတ်ခနဲ ရွတ်လိုက်၏။ ဒေါ်ရွှေစင်ဝင်းနဲ့ ဦးမိုးမြင့် ရှေ့မျက်နှာနောက်ထားကာ ပြုံး၍

"ဟုတ်ပါတယ် ဒေါ်အေးသီ ကျွန်တော်တို့ပါ "

" မောင်ကျော် နင် ဘယ်သူ့ကို မျက်နှာလို မျက်နှာရလုပ်ပြီး ခေါ်လာတာလဲ "

ဒေါ်အေးသီ အကြည့်လွှဲကာ မောင်ကျော့်ကို မာန်မဲလိုက်သည်။ ကျော်သက် ခေါင်းလေးငုံ့၍

" အဒေါ်နဲ့ အန်တီတို့ စကားပြောချင်လို့တဲ့ "

" ငါ ဘယ်သူနဲ့မှ စကားမပြောချင်ဘူး "

ဒေါ်အေးသီ ပြောပြီး မီးမသေသေးတဲ့ ဆေးပေါ့လိပ်ကို နှုတ်ခမ်းမှာတပ်ကာ ဆိုင်ခုံမှာ ဒူးတစ်ဖက်ထောင် ထိုင်ချလိုက်သည်။ ဒေါ်ရွှေစင်ဝင်းနဲ့ ဦးမိုးမြင့်က တံစက်မြိတ်အပြင်မှာ၊ ကျော်သက်က လှေကားရင်းမှာ ရပ်လျက် ဘာလုပ်ရမှန်းမသိဖြစ်နေ၏။ ဒေါ်ရွှေစင်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားကို ပြုပြင်ရင်း

" ဒေါ်အေးသီကို စင် တောင်းပန်ပါတယ် "

" မလိုပါဘူး "

" ဒေါ်အေးသီက မလိုအပ်ပေမယ့် စင်မှားခဲ့တဲ့အတွက် အနူးအညွတ် တောင်းပန်ပါတယ် ဒေါ်အေးသီတို့ မိသားစု ဒုက္ခရောက်ရတဲ့အတွက် သားနဲ့သမီးကို ခွဲခဲ့မိတဲ့အတွက် တောင်းပန်ပါတယ် ရှင် "

" ဟုတ်ပါတယ် ဒေါ်အေးသီ၊ သားနဲ့သမီးကိစ္စက ကျွန်တော်တို့ဘက်က မတရားသလိုဖြစ်ခဲ့လို့ ဒေါ်အေးသီတို့ မိသားစု အများကြီးနစ်နာခဲ့ပါတယ်။ ဒါကြောင့် လာပြီး တောင်းပန်တာပါ "

ဒေါ်အေးသီ ဝမ်းမနည်းမိအောင် တင်းခံရင်း ဆေးပေါ့လိပ်တစ်ရှိုက်ဖွာလိုက်ပြီ။

" ရပါတယ် မလိုဘူး ကျွန်မ ဘယ်သူ့ကိုမှ အပြစ်မတင်ဘူး ကျွန်မ သမီး မလိမ္မာလို့ သူများ ပြောသမျှခံရတာလို့ပဲ သဘောထားတယ် "

" ဒီလိုလည်း မဟုတ်ပါဘူး ဒေါ်အေးသီရယ် "

" မောင်ကျော် ညှော်သည်ကို ပြန်ခေါ်သွား "

ဒေါ်အေးသီရင်မှာ သမီးအတွက် စိတ်မချမ်းမြေ့ခဲ့၊ သမီးက သူ့မ ကျန်းမာရေးကိုထောက်ပြီး ချစ်သူနောက် ပြန်လိုက်မသွား





ခဲ့တာလေ။ သူတို့က ခုမှ လာတောင်းပန်လို့ ဘာထူးမလဲ။

သမီးကို မောင်ကျော်နဲ့ စီစဉ်ပြီးသား။

ပြီးခဲ့တာတွေအတွက် သမီးလေးစိတ်ကို အနှောင့်အယှက် မပေးချင်။ ဆေးပေါ့လိပ်ကိုသာ သည်းသည်းမဲမဲ ဖွာရင်းဆိုတော့ မောင်ကျော် မဝံ့မရဲ ကြည့်ပြီး

" ဟို အဒေါ် အန်တီနဲ့အန်ကယ်က အဒေါ့်ဆီမှာ ပန်ကို နဝင်းအတွက် တင်တောင်းပါရစေဆိုလို့ "

" ဘာ "

ဒေါ်အေးသီ မယုံနိုင်အောင် ဖြစ်သွားသည်။

" ဟုတ်ပါတယ် ဒေါ်အေးသီရယ် သားလေးခံစားနေရတာကို စင် မကြည့်ရက်ဘူး သမီးလေးရဲ့ဘဝကိုလည်း မနစ်နာစေချင်ပါဘူး"

" သားနဲ့ ပန်က နှစ်ဦးသဘောတူ လက်ထပ်ထားတာဆိုတော့ ကျွန်တော်တို့ မိဘရှင်အနေနဲ့ အသိအမှတ်ပြု ပေးချင်လို့ပါ ဒေါ်အေးသီရယ် "

ဒေါ်အေးသီ ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား။ သမီးကို လိုလိုလားလား တင်တောင်းမှာတဲ့။

" စင်တို့ဘက်က ဒေါ်အေးသီ ကျေနပ်အောင် အစစအရာရာ ဖြည့်ဆည်းပေးမှာပါ "



www.burmeseclassic.com

www.burmeseclassic.com



" ဖြစ်ပျက်ခဲ့သမျှ အားလုံးအတွက် သားနဲ့သမီးကို နောက်တစ်ကြိမ် ကွေကွင်းမနေစေချင်ဘူး ဒေါ်အေးသီရယ် ကျွန်တော်တို့ အနူးအညွတ် တောင်းပန်ပြီး တောင်းဆိုတာပါ "

ဒေါ်အေးသီ ဆေးလိပ်မီးခိုးငွေ့ မနင်အောင် ခံတွင်းထဲက မီးခိုးငွေ့တွေကို နှာခေါင်းက တစ်ဆင့်ရှူထုတ်လိုက်ကာ ဟန်ကိုယ့်ဖို့ပြင်ပြီး

" ကျွန်မ သမီးကို မောင်ကျော်သက်နဲ့ မင်္ဂလာဆောင်ပေးဖို့ စိစဉ်ပြီးပြီ ဝမ်းနည်းပါတယ် ရှင်တို့ ဆန္ဒကို မလိုက်လျောပေးနိုင်ဘူး"

" ဟင် "

ဦးမိုးမြင့်တို့ ဇနီးမောင်နှံ မျက်နှာပျက်ကာ ကျော်သက်ကို အားကိုးတကြီး ကြည့်သည်။ ကျော်သက် ဒေါ်အေးသီဘေး အသာကပ်ကာ ကိုယ်ကို အနည်းငယ်ကိုင်းပြီး

" အဒေါ် "

" ဘာလဲ မောင်ကျော် "

" အဲဒီကိစ္စကို ကျွန်တော်ပြောမလို့ "

" ဘာလဲ သမီးနဲ့နဝင်းလက်ထပ်ခဲ့ဖူးလို့ မလိုချင်တော့ဘူး ငြင်းမလို့လား "

" မဟုတ်တာပဲ အဒေါ်ရယ် ပန်ကို ကျွန်တော် နားလည်ပါတယ် ချစ်လည်းချစ်ပါတယ် ဒါပေမဲ့ ပန်က ကျွန်တော့်ကို မချစ်ဘူး





နဝင်းကို ချစ်နေတာ ကျွန်တော့်ကြောင့် ပန်နဲ့ နဝင်းကို နောက်ထပ် မခံစားချင်ဘူး အဒေါ်ရယ် နောက်ပြီး နဝင်းက ကျွန်တော့် ငယ်သူငယ်ချင်းပါ နဝင်း စိတ်ဓါတ်ကို ကျွန်တော်သိတယ် ဒါကြောင့် နဝင်းကို ပန်နဲ့ ဆုံဆည်းခွင့် ပေးချင်ပါတယ် အဖြစ်အပျက်အားလုံး အတွက် အန်တီနဲ့အန်ကယ်က တောင်းပန်လို့ ကျွန်တော် ခေါ်လာတာပါ အဒေါ်ရယ် '

မောင်ကျော်က သမီးတို့ကို ငဲ့ညှာလို့ နောက်ဆုတ်လိုက်တာလားကွယ်။ မောင်ကျော်ကို ကရုဏာသက်ဝင်စွာ ဒေါ်အေးသီ တစ်ချက်ကြည့်မိသည်။

" ဘာစ်ခြားတစ်ယောက်ဆိုရင် ကျွန်တော် နောက်ဆုတ်မှာ မဟုတ်ပါဘူး အဒေါ် နဝင်းက ကျွန်တော် သူငယ်ချင်းဖြစ်တာရယ် နဝင်းနဲ့ပန်ရဲ့ အချစ်ကို မခွဲချင်တာရယ်ကြောင့် ခုလို ကျွန်တော် နောက်ဆုတ်ဖို့ ဆုံးဖြတ်တာပါ အဒေါ် "

" ကျွန်တော်တို့ကလည်း မောင်ကျော်ကို အနူးအညွတ် တောင်းပန်ပြီး . . . "

ဒေါ်အေးသီ လက်ဟန့်တားလိုက်တော့ ဦးမိုးမြင့် စကားဆက်မပြောတော့။

" အဒေါ် နဝင်းနဲ့ပန်ကို လက်ခံပေးပါလားဟင် "



www.burmeseclassic.com

www.burmeseclassic.com



မောင်ကျော် အချက်ကျကျ မေးလိုက်၍ ဒေါ်အေးသီ ဘာပြန်ဖြေရမှန်း မသိတော့။ အိမ်ထဲ တစ်ချက်ငေ့ကြည့်လိုက်တော့ လိုက်ကာစလေးအသာဖယ်၍ ချောင်းကြည့်နေတဲ့ သမီးမျက်နှာမှာ မျက်ရည်စတွေနဲ့။

" မောင်ကျော် မိဘက ဒေါ်အေးသီ လက်ခံရင် မောင်ကျော်နဲ့ လူကြီးချင်းစီစဉ်ထားတာကို ဖျက်ပေးမယ်တဲ့ "

" ဟုတ်ပါတယ် အဒေါ် အမေကလည်း အဒေါ် နဝင်းကို လက်ခံရင် ကျေနပ်ပါတယ်တဲ့ "

" သားနဲ့ လက်ခံလိုက်ပါ ဒေါ်အေးသီရယ် စင် သားလေးကို အသိအမှတ်ပြုပေးပါ နော် ဟင့်ဟင့် "

ဒေါ်အေးသီ ငြင်းလိုက်မှာကို စိုးရိမ်နေတဲ့ ဒေါ်ရွှေစင်ဝင်း ပြောရင်း မျက်ရည်ကျလာသည်။ ခင်ပွန်းသည်က ဇနီးသည် ပခုံးကို ဖက်ကာ အားပေးနှစ်သိမ့်ရင်း ဒေါ်အေးသီကို အားကိုးတကြီး ကြည့်ကာ

" ဒေါ်အေးသီရယ် မောင်ကျော်ရော မောင်ကျော့်မိဘပါ ဒေါ်အေးသီ လက်ခံတာကို ကျေနပ်တယ်တဲ့လေ ဒေါ်အေးသီ သဘောကိုပဲ ပြောပါတော့နော် "

" ကျွန်မသဘောထက် ကျွန်မ သမီးသဘောက ပိုအရေးကြီးပါတယ် သမီးကို မေးကြည့်ပြီး အကြောင်းပြန်မယ် "





ဒေါ်အေးသီ ခပ်တင်းတင်းလေးပြောတော့ ဒေါ်ရွှေစင်ဝင်းတို့ နားလည်ရခက်သလို ကြည့်သည်။

" သမီးလေးလက်ခံအောင် ဒေါ်အေးသီ ပြောပေးပါနော် သမီးနဲ့သားက ချစ်သူတွေ လက်ထပ်ပြီးသူတွေပါ "

" ဟုတ်ပါတယ် ဒါကြောင့် ကျွန်မ သမီး သဘောကိုသိရအောင် ရှင်တို့ သားကိုပဲလွှတ်ပြီး မေးခိုင်းတော့ "

" ဟင် "

ဒေါ်ရွှေစင်ဝင်းတို့ မျက်နှာ ဝင်းခနဲတောက်ပသွားကာ ဇနီးမောင်နှံ လက်ခြင်းအပြန်အလှန် ဆုပ်ကိုင်လိုက်မိသည်။

" ကျော်သက်က ပြုံးလို့

ဒေါ်အေးသီက ရင်ထဲက ဝမ်းသာကြည်နူးမှုကို ဘယ်သူမှ မမြင်အောင် မျက်နှာလွှဲ၍ ဆေးပေါ့လိပ်ဖွာနေလိုက်၏။

သမီးရယ်။

အမေကို စိတ်ချမ်းသာအောင် သိတတ်လွန်းတဲ့ သမီးလည်း စိတ်ချမ်းသာရစေမယ်ကွယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၂)

ဘာကြောင့်မှန်းမသိ ပန်ရင်မှာ ဝမ်းနည်းဝမ်းသာ ဖြစ်ကာ မျက်ရည်တွေ စီးကျလာသည်။

" ပန် "

ခေါ်သံနှင့်အတူ မွတ်သိပ်စွာထွေးဖက်လာတဲ့ မောင့် ရင်ခွင်မှာ ပန် ခေါင်းချရင်း တသိမ့်သိမ့် ငိုကြွေးမိသည်။

" ပန်ရယ် မောင်တို့ မခွဲရတော့ဘူးနော် "

ပန် ဆံနွယ်နဲ့လည်တိုင်ကို ရှာယုက်နမ်းရှိုက်ရင်း ဆိုလာတဲ့ မောင် အကြင်နာမှာ ပန် ရင်ခုန်သံတွေ နစ်မျောသွား၏။

" ဒယ်ဒီနဲ့မာမီက မောင်တို့ကို အသိအမှတ်ပြုလိုက်ပြီလေ ပန် အမေကလည်း ပန် သဘောတဲ့ ပန်ကော မောင့် အချစ်ကို ရာသက်ပန် လက်ခံမယ် မဟုတ်လားဟင် "





အချစ်က ဆုံတွေ့ပြန်တော့လည်း ဝမ်းနည်းရသည်လေ။

" ပြောလေ မောင့်ကို "

" မောင်ရယ် မေးစရာလိုသလား "

" လိုတာပေါ့ ချစ်ရယ် ပန် လက်ခံမှ ယောက္ခမက လက်ခံမှာတဲ့ "

ပန် မျက်နှာလှလှလေးက ရှက်ရိပ်ရွှန်းစိုလျက်

" တကယ်ပြောတာ ပန်ရဲ့ ပန်က မိခင် စကားနားထောင်တဲ့ သမီးအလိမ္မာဆိုတော့ "

" မောင်ရယ် အမေက ပန်တို့ ဘဝအတွက် ရုန်းကန်ခဲ့ရတာလေ အမေ့ ကျန်းမာရေးကို ပန် ငဲ့ရမှာပေါ့ "

နှလုံးသားဆန္ဒထက် မိခင်မေတ္တာကို အလေးပေးခဲ့တဲ့ ချစ်သူရဲ့ သိတတ်နားလည်မှုက ဂုဏ်ယူကြည်နူးစရာ၊ ချစ်သူက မိခင်မေတ္တာကို အလေးထားသလို သူ့ချစ်ခြင်းကိုလည်း အလေးထားမှာပေါ့။

" ပြောလေ ပန် ပန့် အမေက ပန် လက်ခံမှတဲ့ "

" မောင့် သဘောကရော "

" မေးရက်လိုက်တာ ချစ်ရယ် မောင့်သဘောက ဟောဒီချစ်သူ့လေးကို "

ချစ်ရည်ရွှန်းမြနေတဲ့ မောင့် နှုတ်ခမ်းလွှာကို ရှောင်ဖယ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ပန် စိတ်မကူးတော့ ချစ်သော ပန် နှုတ်ခမ်းလွှာလေးက မောင်အနမ်းကို စောင့်မျှော်နေခဲ့။

မှတ်သိပ်တဲ့ မောင့်အနမ်းတွေ ပန့်ထံသို့ ရောက်မလာမီ

" ဟီတ် ကောင်မလေးကို မနမ်းနဲ့ "

မောင်ကောင်း အသံလေးကြောင့် ပန် ရှက်စနိုးနဲ့။

" မောင်နော် "

" မောင်နော် မဟုတ်ဘူးလေ မောင်ကောင်းနော်လို့ ပြောရမှာ မမပန်ရဲ့ ဟိ ဟိ "

ချစ်လိုက်ျစယ်လာတဲ့ မောင်ကောင်းကို ပန် မျက်စောင်းခဲကြည့်စဉ် မောင်က မောင်ကောင်းကိုပင် အားနာစွာ ရှောင်မနေတော့။

အနမ်းဖွဖွလေးတွေ စီရရီ ချွေချတော့။

" မောင့်ကို ထာဝရ ချစ်ရပါတယ် မောင်ရယ် "

အားလုံးအတွက်

နတ်သမီး



BURMESE CLASSIC .com

www.burmeseclassic.com